# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် ၂၀၁၇ ခုနှစ်၊ မတ် ၁၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၆၄)


**လွတ်မြောက်အောင်အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၇)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**နေပြည်တော် မတ် ၁၂**

၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူသည်။

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲကို ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း**

နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

## လူ့စွမ်းအားအရင်းအမြစ် အသစ်ဖွံ့ဖြိုးတိုးတက်စေလိုလျှင်

စာမျက်နှာ-၆

## ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် ဂုတ်တွင်းလမ်းပိုင်း

စာမျက်နှာ-၁၁



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ချောက်မြို့ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် ဒီမိုကရေစီအုတ်မြစ်ခိုင်မာအောင် တည်ဆောက်နေသည့် အမျိုးသားလွှတ်တော်နှင့် ဘာသာရေး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာတို့တွင် ဆက်လက်တာဝန်ကျေနေဦးမည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပထမ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။




မြန်မာ့အလင်း

# တစ်နှစ်သားလွှတ်တော်နှင့် စွမ်းဆောင်ချက်များ

ဒုတိယအကြိမ် လွှတ်တော်ကို ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလက စတင်ခဲ့ရာ ယခုတစ်နှစ်စွန်းစွန်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းစာများတွင် ဖော်ပြချက်များကိုလည်း တွေ့မြင်ရသည်။ ယခုလွှတ်တော်သက်တမ်းအတွင်း အရေးပါသောဥပဒေအချို့ပြဋ္ဌာန်းခြင်း၊ ခေတ်စနစ်နှင့်မလျော်ညီတော့သော ဥပဒေအချို့ကို ပယ်ဖျက်ခြင်းများအပြင် အရေးကြီးအဆိုများကိုလည်း အတည်ပြုနိုင်ခဲ့သည်ကို တွေ့ရသည်။

အတည်ပြုပြဋ္ဌာန်းခဲ့သောဥပဒေများတွင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ခိုင်မာစွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိသုံးစွဲနိုင်ရေးအတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ သက်ကြီးရွယ်အိုများအား ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်နိုင်ဖို့နှင့်ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ရရှိစေနိုင်ဖို့ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ စသည်တို့ကို ပြဋ္ဌာန်းနိုင်ခဲ့သည်။

ပယ်ဖျက်ခဲ့သောဥပဒေများတွင် ကာလရှည်ကြာစွာ ပြည်သူလူထုအပေါ် ဖိစီးခဲ့သည့် လောကပါလတရားများနှင့် ညီညွတ်မှုမရှိသည့်၁၉၅၀ ပြည့် အရေးပေါ် စီမံမှုအက်ဥပဒေ၊ ဒီမိုကရေစီစံချိန်စံညွှန်း၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်ကိုက်ညီမှုမရှိသော နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေတို့ ပါဝင်ပါသည်။

ယခုလွှတ်တော်သက်တမ်းအတွင်း ပညာရေးနှင့်ကျန်းမာရေးဘတ်ဂျက်ကို သိသိသာသာတိုးမြှင့်ပြဋ္ဌာန်းပေးခဲ့သည်ကို တွေ့နိုင်သည်။ ထို့ပြင် အမျိုးသားရင်ကြားစေ့ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီနှင့်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ကြွစွာ ပါဝင်လျက်ရှိသည်။ တစ်နှစ်တာသက်တမ်းကာလအတွင်း အရေးကြီးအဆို ၆ ရပ်ကိုလည်း အတည်ပြုနိုင်ခဲ့သည်။ ယင်းအဆိုများတွင် နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို အဆောတလျင် ခွင့်ပြုနေမှု စသည်တို့ကို အသေးစိတ် စိစစ်ဟန့်တားထိန်းကျောင်းတည့်မတ်ပေးရန်အဆို၊ ရန်ကုန်မြို့လယ်ရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေကို ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် ငှားရမ်းမှုနှင့်နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသော မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့ကို ထိရောက်စွာ အရေးယူပေးပါရန် တိုက်တွန်းသောအရေးကြီးအဆိုများ ပါဝင်ပါသည်။

လွှတ်တော်စနစ်တစ်ခုလုံးအနေနှင့်ခြုံကြည့်လျှင် ပထမအကြိမ်လွှတ်တော်နှင့်မတူဘဲ လွှတ်တော်၏ ပုံမှန်အစည်းအဝေးများတွင် ပြုလုပ်နေသောအလုပ်များကို ကော်မတီမှ တာဝန်ယူလုပ်ဆောင်လာမှုကို တွေ့ရသည်။ ဥပဒေကြမ်းများကို ယခင်အစိုးရဘက်မှ တင်သွင်းလာခြင်းကများသော်လည်း ယခုကော်မတီမှ တင်သွင်းခြင်းက ပိုများလာသည်။ ဥပဒေကြမ်းများ ဆွေးနွေးခြင်းကိုလည်း ကော်မတီလွှဲအပ်၍ ဆွေးနွေးစေခြင်းမျိုးရှိလာသည်ဟု ဆိုပါသည်။ ယင်းပြင် ဥပဒေပြုရေးတွင် တိုက်ရိုက်ပါဝင်သော အဖွဲ့အစည်းများရှိသလို သွယ်ဝိုက်သောနည်းဖြင့် ပါဝင်သူများလည်း ပိုမိုထွက်ပေါ်လာရာ ဥပဒေပြုရေးကို ပိုမို၍ ကောင်းမွန်လာစေပါသည်။ ဥပဒေပြုရေးကို ရေးဆွဲရာတွင် ရှေ့နေချုပ်ရုံးလို အဖွဲ့အစည်းမျိုးပါ ပါဝင်လာပြီး ဆောင်ရွက်ခြင်းများလည်း ရှိလာသည်။ အရေးကြီးအဆိုတင်သွင်းမှုများကို ကြည့်လျှင် တိုင်းရင်းသားပါတီများက ပို၍ များသည်ကို တွေ့ရသည်။ အာဏာရပါတီမဟုတ်သည့်တိုင် အရေးကြီးအဆိုများ တင်သွင်းခွင့်ပြုခြင်းမှာ ကောင်းမွန်သည့်အချက်ဟု ဆိုရမည်ဖြစ်ပါသည်။

လွှတ်တော်အမတ်များ စွမ်းရည်ပြည့်ဝစေရေးအတွက် နိုင်ငံခြားဘာသာစကားများ (အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ စသဖြင့်) သင်ကြားလေ့လာစေခြင်း၊ ပြည်ပခရီးစဉ်များလွှတ်၍ လေ့လာဆည်းပူးခြင်းများကိုလည်း တွေ့မြင်ရသည်။ အင်္ဂလိပ်ဘာသာဖြင့်ရှိသော တည်ဆဲဥပဒေများကို ပြုပြင်ရာတွင် အင်္ဂလိပ်လိုသာ ပြုပြင်ရမည်ဖြစ်ရာ ဘာသာစကားကျွမ်းကျင်ရန် အထူးလိုအပ်လာပါသည်။ ထိုကိစ္စမျိုးအတွက် နိုင်ငံတကာတွင် ဥပဒေဘာသာရပ်သင်ကြားပို့ချခဲ့သော အတွေ့အကြုံများသည့် ပုဂ္ဂိုလ်များ၏ အထောက်အကူရယူရန် လိုအပ်ပါသည်။

ဒုတိယအကြိမ် လွှတ်တော်၏ တစ်နှစ်တာသက်တမ်းကာလအတွင်း နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းစေဖို့ ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ခေတ်စနစ်နှင့် မကိုက်ညီသော ဒီမိုကရေစီစံချိန်စံညွှန်းနှင့်မကိုက်ညီသော၊ လူ့အခွင့်အရေးစံညွှန်းနှင့် မကိုက်ညီသော ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများအပြင် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း အားပေးထောက်ခံလျက်ရှိကြောင်း တွေ့မြင်ရပါသည်။ ။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူ လုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ် ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည် ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ဗုဒ္ဓဓမ္မယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်တန်းဖွင့်

ညောင်လေးပင် မတ် ၁၂

တတိယအကြိမ်မြောက် ပါရမီဗုဒ္ဓဓမ္မယဉ်ကျေးမှုနှင့်အင်္ဂလိပ်စာသင်တန်းကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကုန်းအင်းကျေးရွာ အုပ်စု ကျွဲသေမြောင်ကျေးရွာ ဓမ္မရက္ခိတကျောင်းတိုက်၌ ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် ရန်ကုန်ဗုဒ္ဓတက္ကသိုလ်မှ ဗုဒ္ဓသာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်သုမန(ပါရမီရှင်)က ဦးဆောင်၍ သံဃာတော်သုံးပါးက သင်ကြားပို့ချပေးကြပြီး ကျွဲသေမြောင်ကျေးရွာမှ သင်တန်းဖြစ်မြောက်ရေးအတွက် ဦးကျော်မြင့်နှင့်ရွာသူရွာသားများက ပါဝင်ဆောင်ရွက်ပေးကြကာ ကျောင်းသား ကျောင်းသူ ၁၃၅ ဦး တက်ရောက်သင်ကြားကြသည်။

နေလင်း(ညောင်လေးပင်)

## ရွှေနတ်တောင်စေတီတော်မြတ်ကြီး ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ရွှေတောင် မတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ လူတစ်ရစ် နတ်တစ်ရစ် တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် ရွှေနတ်တောင် စေတီတော်မြတ်ကြီး၏ (၁၇၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မတ် ၅ ရက်မှစ၍ မတ် ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ရွှေနတ်တောင်စေတီမှာ ရွှေတောင်မြို့အနောက် တောင်ယွန်းယွန်း လေးမိုင်ခန့်အကွာ၌ တည်ရှိပြီး စေတီကြီး တည်စဉ်က လူပုဂ္ဂိုလ်များ တစ်နေကုန် တည်သည့် ဉာဏ်တော်ထက် နောက်တစ်နေ့ အရုဏ်တက်တွင် ဖူးတွေ့ရသော ဉာဏ်တော်မှာပိုမြင့်နေသည့်အတွက် လူတစ်ရစ် နတ်တစ်ရစ် တည်သည်ဟု အဆိုရှိခဲ့ပြီး စေတီတော်၏ သပ္ပာယ်မှုကြောင့် ရွှေတောင်မြို့နယ်အတွင်းရှိကျေးရွာများနှင့် အနီးပတ်ဝန်းကျင်မှ မြို့ရွာများက ဘုရားဖူးလာရောက်သူများဖြင့် အလွန်ပင် စည်ကားနေသည်။ ဒေသခံကျေးရွာများမှ နွားလှည်းများဖြင့် လာရောက်ကာ သက်ဆိုင်ရာ လှည်းဝိုင်းကြီးများဖြင့် လာရောက်ဖူးမြော်ကြရာ ထူးခြားမှုတစ်ရပ်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။



ယင်းဘုရားပွဲတော်၏ ချစ်စရာဓလေ့မှာ ပေါင်းမိုးနွားလှည်းများဖြင့် လာရောက်ပြီး စုပေါင်းဝိုင်းဝန်းကာ ချက်ပြုတ်စားသောက်ကြသည့်ဓလေ့မှာ ယခုတိုင် ရှေးရိုးရာအစဉ်အလာ မပျက်ရှိဆဲဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၂-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၅၀၀ |

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၅/၇၂၀ ကျပ် | (လက်ကားစျေး) |
| အောက်တိန်း ၉၂ | ၇၂၅/၇၃၅ ကျပ် | (လက်ကားစျေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၁၀ ကျပ် | (လက်ကားစျေး) |
| ပရီမီယံဒီဇယ် | ၇၃၅/၇၄၅ ကျပ် | (လက်ကားစျေး) |

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ ・ ၀၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၀၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမမောင်းမြို့ ကမမောင်းဗဟိုသာသနာပြုဌာန ဆရာတော် ဘဒ္ဒန္တကုမာရထံ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်



အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ချုံအင်းကျေးရွာ သီရိမင်္ဂလာစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသြဘာသထံ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်



အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်



အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်



အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်



အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်

*** ရှေ့ဖုံးမှ**

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်အပူဇော်ခံယူတော်မူမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသက သမ္မောဒနီယသြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတနှင့် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဇနိန္ဒတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ချောက်မြို့ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အတုလကာရီ ဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသနှင့် စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမမောင်းမြို့ ကမမောင်း ဗဟိုသာသနာပြုဌာန ဆရာတော် ဘဒ္ဒန္တကုမာရနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အသောကာရုံ ရေလည်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တလာဘာဝတတို့အား

စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ချုံအင်းကျေးရွာ သီရိမင်္ဂလာစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသြဘာသနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ ဟိုခုံပရိယတ္တိ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇောတိကတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မဇ္ဈိမာရုံပါရမီစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒသာရ၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ ငပယင်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့မရွှေဂူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထူပါရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညောဘာသနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ နန္ဒာရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒသိရီတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မဟာဂန္ဓာရုံတိုက်သစ် ဆရာတော် ဘဒ္ဒန္တမဟိန္ဒ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသြဘာသ၊ မွန်ပြည်နယ် မုဒုံမြို့ ဂျုံဂျုံကျတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကိတ္တိဝဏ္ဏနှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာတော် ဒေါက်တာဘဒ္ဒန္တထေရိန္ဒတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းဘီးလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တပညောဘာသ၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကမ်းနီစံပြကျေးရွာ ကမ်းနီ

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးထင်ကျော် သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရ ဒေါက်တာလှဝင်းအောင်အား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ် (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီဟသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်အေးအေးအောင်အား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ် (သတင်းစဉ်)



ဒုတိယသမ္မတ ဦးမြင့်ဆွေ သုဓမ္မမဏိဇောတဓရဘွဲ့ရ ဦးချမ်းသာအား ဘွဲ့တံဆိပ်ပေးအပ်စဉ် (သတင်းစဉ်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သုဓမ္မမဏိဇောတဓရဘွဲ့ရ ဦးမောင်မောင်နိုင် (ခ) ဦးစန်းသီအား ဘွဲ့တံဆိပ်ပေးအပ်စဉ် (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သုဓမ္မမဏိဇောတဓရဘွဲ့ရ ဦးကျော်သူအား ဘွဲ့တံဆိပ်ပေးအပ်စဉ် (သတင်းစဉ်)



ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး သီဟသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ခင်သီတာအား ဘွဲ့တံဆိပ်ပေးအပ်စဉ် (သတင်းစဉ်)



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်တင်မေလတ်အား ဘွဲ့တံဆိပ်ပေးအပ်စဉ် (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်သူဇာမျိုးမျိုးဝင်းအား ဘွဲ့တံဆိပ်ပေးအပ်စဉ် (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၏ဇနီးဒေါ်ဌေးရည် သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ဌေးဌေးရည်အား ဘွဲ့တံဆိပ်ပေးအပ်စဉ် (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

ပရိယတ္တိကျောင်းကြီး ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဓမ္မရာဇိက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တသုဒ္ဓနန္ဒ၊ မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ရေရှင်ကျေးရွာ ရေရှင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇနနှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရမေဒိနီ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒဇတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ဒွန်းကျေးရွာ ကော့ဒွန်းကျောင်းသစ်ဆရာတော် ဘဒ္ဒန္တသုမန၊ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သုံးခွကျေးရွာ ဖလန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညောဘာသ၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရွှေမင်းဝန်ကျောင်းတိုက် အင်္ဂါဒေါင့်ဓမ္မာစရိယကျောင်းဆရာတော် ဘဒ္ဒန္တဝိမလနှင့် မြင်းခြံမြို့နယ် သိမ်ကျေးရွာ သိမ်တော်ရှင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တခန္တိသာရတို့အား လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝိမလာရာမနတ်ညွှန်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိမလ၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မဟာသုဒဿနာ ရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလ၊ ရှမ်းပြည်နယ် လားရှိုးမြို့ ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဓမ္မဇေယျာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဥဂ္ဂသတို့အား လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးအား လည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးအား လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးအားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ၊ မဟာကမ္မဋ္ဌာနာစရိယနှင့် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးက မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများဖြစ်သော ဒေါ်ပုညကာရီ၊ ဒေါ်ဂုဏထေရီနှင့် ဒေါ်တိက္ခဝတီတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းသည်။



ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဆရာတော်ထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ် (သတင်းစဉ်)

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချိုချိုက ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးသုံးပါးအား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါးအားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်တော် ရရှိကြသူများအား ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ကြရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဒေါက်တာလှဝင်းအောင်၊ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးကြည်စိုးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က သုဓမ္မမဏိဇောတဓရ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိကြသူများအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်မေသက်မော်၊ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်အေးအေးအောင်နှင့် ဒေါ်သိန်းသိန်းနိုင်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချိုချို၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၏ဇနီး ဒေါ်ဌေးရည်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်အေးသီတာတို့က သီဟသုဓမ္မသိင်္ဂီနှင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိကြသူများအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ညနေပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် အတူ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုမ္ပဏီများနှင့် အလှူရှင်ပြည်သူများက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော်အဝင်လမ်းနှင့် စေတီတော်ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် သံဃာတော်အရှင်မြတ် ၁၆၅ ပါး၊ သီလရှင်ဆရာကြီးကိုးပါး၊ လူပုဂ္ဂိုလ် အမျိုးသားရှစ်ဦးနှင့် အမျိုးသမီး ၂၁ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ဇနီး ဒေါ်အေးသီတာ သီဟသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ဝင်းစိန်အား ဘွဲ့တံဆိပ်ပေးအပ်စဉ် (သတင်းစဉ်)

# အဏုအာဟာရနှင့် အစားစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း ကောက်ယူမည်

**နေပြည်တော် မတ် ၁၂**

မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစားစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း သုတေသန နည်းပညာကော်မတီ ဆဋ္ဌမအကြိမ်အစည်းအဝေးကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အာဟာရဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ လက်ရှိအာဟာရအခြေအနေ၊ အစားစားသုံးမှုအခြေအနေများကို သိရှိနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစားစားသုံးမှု အခြေအနေလေ့လာရေးစစ်တမ်း (Myanmar Micronutrient and Food Consumption Survey) ကို မကြာမီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤစစ်တမ်းတွင် အသက်ငါးနှစ်အောက်ကလေးများ၊ ငါးနှစ်မှ ၁၀ နှစ်အောက်ကလေးများ၊ ၁၀ နှစ်မှ ၁၅ နှစ်အောက် မိန်းကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ အသက် ၁၅ နှစ် မှ ၄၉ နှစ်အရွယ် အမျိုးသမီးများနှင့် အမျိုးသားများ အစရှိသော အသက်အုပ်စုများစွာကို ထည့်သွင်းလေ့လာသွားမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အသက်အုပ်စုအလိုက် သွေးထဲမှ ဟီမိုဂလိုဘင်၊ သံ ဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီဝမ်း၊ သွပ်ဓာတ်၊ ဗီတာမင်ဒီနှင့် ဖောလစ်အက်ဆစ်ဓာတ်များ၏ ပမာဏများ၊ ဆီးထဲမှ အိုင်အိုဒင်း စွန့်ထုတ်မှုနှင့် ဆိုဒီယမ်စွန့်ထုတ်မှု ပမာဏများနှင့် ဝမ်းထဲတွင် သန်ကောင်ရောဂါ ဖြစ်ပွားမှုနှုန်းတို့ကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ အသက်အုပ်စုအလိုက် ကိုယ်အလေးချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ လက်မောင်းလုံးပတ်တိုင်းတာခြင်းများ၊ အစားစားသုံးမှုအခြေအနေ လေ့လာခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စစ်တမ်းစီမံချက်နှင့်ပတ်သက်၍ Institute for Research and Development (IRD) မှ နိုင်ငံတကာပညာရှင်များနှင့် သုတေသနနည်းပညာကော်မတီဝင်များက ဆွေးနွေးကြမည်ဖြစ်သည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များ၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မတ် ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လူ့စွမ်းအားအရင်းအမြစ် အသစ်ဖွံ့ဖြိုးတိုးတက်စေလိုလျှင်

**ခင်မောင်လွင် (အေးရှားမာစတာစ်)**

ယနေ့ မြန်မာနိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟူသောစကားကို အတော်များများ ပြောကြပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အရေးကြီးကြောင်းကိုလည်း ပြောကြပါသည်။ စိတ်ရင်းစေတနာမှန်စွာနှင့်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်လည်း လုပ်ဆောင်နေကြပါသည်။ နိုင်ငံတကာမှ အကူအညီပေးမည့်အဖွဲ့အစည်းများကလည်း ဝိုင်းဝိုင်းလည်နေပါသည်။

သို့သော်လည်း အမှန်တကယ် လူ့စွမ်းအားအရင်းအမြစ် အသစ်တိုးတက်ဖွံ့ဖြိုးနိုင်ခြေမှာ စိန်ခေါ်မှုတစ်ရပ်အဖြစ်သာ ရှိနေပါသေးသည်။ ယခုအချိန်ကဲ့သို့သော အခွင့်အခါကောင်းကို ထိရောက်စွာအသုံးချနိုင်ပါမှ မြန်မာတစ်မျိုးသားလုံး၏ ကံကြမ္မာအပြောင်းအလဲတစ်ရပ် ဖြစ်လာနိုင်ပါသည်။

**ဆင်းရဲမွဲတေမှု နှစ်မျိုး**

ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များအောင်မြင်ရေးအထဲမှ တစ်ခုမှာ ကမ္ဘာတစ်ဝန်း၌ဖြစ်ပွားနေသော လွန်ကဲသောဆင်းရဲမွဲတေမှု (Poverty) ကို လျှော့ချရန်ဖြစ်သည်။ လူသားတို့တွင် အကြမ်းဖျင်းအားဖြင့် ဆင်းရဲမွဲတေမှု နှစ်မျိုးရှိပါသည်။

ပထမတစ်မျိုးမှာ ငွေကြေးဝင်ငွေဆင်းရဲမှု (Financial) ဖြစ်သည်။ ဒုတိယ တစ်မျိုးမှာ လုပ်ကိုင်နိုင်စွမ်း (Capacity) ဆင်းရဲခြင်းဖြစ်သည်။ တစ်ခါတစ်ရံလည်း ဤ ဆင်းရဲခြင်းနှစ်မျိုးလုံးကို တစ်ပြိုင်တည်းလည်း တွေ့နိုင်ပါသည်။ ဆင်းရဲခြင်းများကြောင့် လူသားများမှာနေစရာစားစရာမရှိ အတိဒုက္ခရောက်ခြင်း၊ ရောဂါဘယ ထူပြောခြင်း၊ သက်တမ်းတိုခြင်း အစရှိသည့် ဘဝ၏ လူမှုဒုက္ခများကို ခံစားကြရသည်သာမက နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတို့ကိုပါ ထိခိုက်ပျက်စီးစေသည်။ မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပါ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် လူသားအရင်းအမြစ် အသစ်တိုးတက်ဖွံ့ဖြိုးရေးမှာ အရေးကြီးပါသည်။

လူသားဆိုသည်မှာ လူသားအားလုံးကိုဆိုလိုပြီး အရင်းအမြစ်ဆိုသည်မှာ ရှားပါးသောတန်ဖိုးရှိသောအရာများဖြစ်သည်။ ထို့ကြောင့် လူသားအရင်းအမြစ်ဟု ဆိုလျှင် ရှားပါးပြီး တန်ဖိုးရှိသောလူသားများဟု အဓိပ္ပာယ်ယူနိုင်ပါသည်။ အသစ်ဖွံ့ဖြိုးတိုးတက်ခြင်းဆိုသည်မှာ အင်္ဂလိပ်စကားလုံး (Development) ကို အဓိပ္ပာယ်ယူထားခြင်းဖြစ်သည်။ ဤနေရာတွင် ကြီးထွားခြင်း (Growth) နှင့် အသစ်တိုးတက်ဖွံ့ဖြိုးခြင်း (Development) မှာမတူပါ။ ကြီးထွားခြင်း (Growth) ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာတဖြည်းဖြည်း ကြီးထွားလာခြင်းကိုခေါ်သည်။ ရုပ်ပိုင်းသာလျှင် ကြီးထွားပါသည်။

**အသွင်သဏ္ဌာန်နှင့် အရည်အချင်း အသစ်ပြောင်းလဲ**

အသစ်တိုးတက်ဖွံ့ဖြိုးခြင်း (Development) ဆိုသည်မှာ ရုပ်ပိုင်းသာတိုးတက်ဖွံ့ဖြိုးသွားသည်မဟုတ်၊ အသွင်သဏ္ဌာန်နှင့် အရည်အချင်းပါ အသစ်ပြောင်းလဲသွားသည့်သဘောကို ခေါ်သည်။ ဥပမာအားဖြင့် ရေနွေးအိုးတည်သည်ဆိုပါစို့။ တဖြည်းဖြည်းနှင့် ရေထဲတွင် အပူချိန်သည်များလာပေလိမ့်မည်။ ထိုအဆင့်သည် ရေထဲရှိ အပူချိန်များလာခြင်း (Growth) အဆင့်သာ ရှိပါသေးသည်။ သို့သော် အပူချိန် အမှတ်တစ်ခုရောက်သည်နှင့် ရေနွေးငွေ့အဖြစ် ပြောင်းလဲသွားပါသည်။ ထိုအခြေအနေတွင် ရေနှင့် ရေနွေးငွေ့မတူတော့ပါ။ ထိုသို့သော အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ အသစ်တိုးတက်ပြောင်းလဲသွားသည့်အခြေအနေကို အသစ်တိုးတက်ဖွံ့ဖြိုးခြင်း (Development) ဟုခေါ်သည်။

အများစုမှာ လူသားအရင်းအမြစ် အသစ်ဖွံ့ဖြိုးတိုးတက်ရေးဟု ပြောလိုက်လျှင် ပညာရေးကို သွားမြင်သည်။ ပညာရေးကို အပြစ်ပြောသည်။ တချို့က သင်တန်းများလိုသည်ဟု ထင်သည်။ နိုင်ငံခြားမှ သင်တန်းများ လာရောက်ဖွင့်လှစ်ရေးသာ တစာစာ အကူအညီတောင်းခံနေသည်။ နယ်တကာ၌ သင်တန်းများဖွင့်သည်။ အမှန်တကယ်လုပ်ဆောင်ရမည့် အခြေခံသဘောသဘာဝကို သိသည်ဟုသာ ပြောကြပြီး လုပ်ဆောင်ခြင်းကားမရှိ။ အကူအညီကို ဇန်းပြပြီး လုပ်စားသူကလည်း လုပ်စားသည်။ ဤသို့နှင့်ပင် ဂျာအေး သူ့အမေရိုက်လျက်သာရှိသည်။

**ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်**

ပညာနှင့် ပညာရေးဟူသောစကားလုံးနှစ်လုံးမှာ မတူညီပါ။ ပညာဟု ဆိုလိုက်လျှင် အတတ်ပညာ၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ဖြစ်သည်။ ပညာရေးဟု ဆိုလိုက်လျှင် (Education) ဖြစ်သည်။ ပညာရေး (Education) ဆိုသည်မှာ လက်တင်ဘာသာစကား Educatio ဟူသောစကားလုံးမှ ဆင်းသက်လာသည်။ မူရင်းအဓိပ္ပာယ်မှာ မိမိတို့ထက်ငယ်ရွယ်သူတို့ကို မိမိတို့လိုချင်သည့် ပုံစံရရှိလာရန် ပြုစုပျိုးထောင်ပေးခြင်း ဖြစ်သည်။

ပညာရေးညံ့သည်ဟုဆိုခြင်းမှာ မိမိတို့လိုချင်သည့်ပုံစံကို မသွင်းနိုင်သည်လည်း ဖြစ်နိုင်သည်။ မိမိတို့ပုံစံကိုကလည်း မှားနေတာဖြစ်နိုင်ပါသည်။ ပညာရေးကို တစ်နည်းအားဖြင့် အပိုင်းနှစ်ပိုင်း ခွဲနိုင်ပါသည်။ တရားဝင်နည်းလမ်းတကျဖြစ်သော ပညာရေး (Formal Education) နှင့် တရားဝင်မဟုတ်သော ပညာရေး (Informal Education) တို့ဖြစ်သည်။ တရားဝင်နည်းလမ်းတကျ ပညာရေးဆိုသည်မှာ စာသင်ခန်းနှင့် ကျောင်းနှင့် တရားဝင် ဆရာ ဆရာမတို့က စနစ်တကျသင်ကြားပေးပြီး စာမေးပွဲစစ်ကာ အကဲဖြတ်သည့်ပညာရေးစနစ်ဖြစ်သည်။ တရားဝင်မဟုတ်သော ပညာရေး (Informal Education) ဆိုသည်မှာကား အဆင်ပြေသည့်နေရာ၌ အဆင်ပြေသည့်ဆရာက အဆင်ပြေသလိုသင်ကြားပေး၊ သင်ယူသူကလည်း အဆင်ပြေသလို သင်ယူခြင်းမျိုးဖြစ်သည်။

တစ်ဖန် တရားဝင်နည်းလမ်းကျသော ပညာရေးကို အပိုင်းသုံးပိုင်းခွဲနိုင်သည်။ အခြေခံပညာရေး (Basic Education)၊ အဆင့်မြင့်ပညာရေး (Higher Education) နှင့် နည်းပညာနှင့် အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training) (TVET) တို့ဖြစ်ပါသည်။ သင်ကြားသည့် နေရာတွင်လည်း စာတွေ့သာသင်ကြားသည့် Academic Base နှင့် လက်တွေ့စာတွေ့သင်ကြားသည့် Competency Base ဟူ၍ နှစ်ပိုင်းရှိသည်။ နည်းပညာနှင့် အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်ကြားမှု စနစ်အတော်များများမှာ Competency Base သင်ကြားမှုစနစ်များသာဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်အသစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးအားလုံးသည် အရေးကြီးသော်လည်း နည်းပညာနှင့် အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေး (TVET) အခန်းကဏ္ဍမှာ အရေးကြီးဆုံးဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ် အသစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သင်တန်းများ ဖွင့်ရုံနှင့်မရပါ။ အထူးသဖြင့် နည်းပညာနှင့် အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအခန်းကဏ္ဍတွင် သင်တန်းတစ်ခုဆောင်ရွက်ရန် “စံ” (Standard) များ လိုပါသည်။ အဆိုပါစံများကို မည်သူမဆို ဆောင်ရွက်၍ ရပါသည်။

**စွမ်းဆောင်ရည်စံနှုန်း**

သို့သော် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များ (Industries)၊ ပညာရှင်များ (Experts)၊ ပရော်ဖက်ရှင်နယ်များ (Professionals) ၏ ထောက်ခံမှုကို လိုပါသည်။ ထိုသို့ထောက်ခံလာသောစံကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် (သို့မဟုတ်) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနက အသိအမှတ်ပြုပေးရမည်ဖြစ်သည်။ ထိုမှသာ အဆိုပါစံများသည် အမျိုးသားစံနှုန်း (National Standard) များအဖြစ် ဖြစ်လာရန် လိုပါသည်။ စံနှုန်းထွက်လာမှသာလျှင် စွမ်းဆောင်ရည်စံနှုန်း (Performance Criteria) ထွက်လာပါသည်။ စွမ်းဆောင်ရည်စံနှုန်းထွက်လာမှသာ သင်ရိုး (Curriculum) ထွက်လာပါသည်။ သင်ရိုးထွက်လာပါက မည်သို့သင်ကြားမည်ဆိုသည့် သင်ကြားခြင်းနည်းစနစ် (Teaching Method) ရပါသည်။

သင်ကြားနည်းစနစ်ဖြင့်သင်ပြီးပါက မည်သို့စစ်ဆေးမည် (Assessment) ကိုသွားရပါသည်။ စစ်ဆေးပြီးပါက အောင်လက်မှတ် (Certificate) ထုတ်ပေးရန် လိုပါသည်။ ဤနေရာတွင် မိမိကျောင်း၌ မိမိသင်၍ မိမိကိုယ်တိုင် စစ်ဆေး၍မရပါ။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စံနှင့် သင်ရိုးညွှန်းတမ်း ပြဋ္ဌာန်းရေးကော်မတီ (Standards & Curriculum Committee) နှင့် စာမေးပွဲစစ်ဆေးခြင်းနှင့် အောင်လက်မှတ်ထုတ်ပေးရေးကော်မတီ (Assessment & Certification Committee) တစ်ခုကိုဖွဲ့စည်းမှသာရပါမည်။ ထို့နောက် ဆရာများ လေ့ကျင့်ရေးအတွက်ကိုပါ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း**

လူ့စွမ်းအားအရင်းအမြစ် အသစ်ဖွံ့ဖြိုးတိုးတက်လာရန် သင်ကြားပေးသည့်နေရာတွင် “စံ” Standard များ လိုပါသည်။ စံများမရှိလျှင် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလိုသာ ဖြစ်နေမည်။ သင်တန်းတစ်ခု ဖွင့်မည်ဆိုသည်နှင့် မည်သည့်စံနှင့် သွားမည်ဆိုသည်က အရေးကြီးပါသည်။ စံမရှိဘဲ သင်တန်းများ ဖွင့်နေမည်ဆိုလျှင် အချိန်နှင့် ငွေသာ ကုန်သွားပါမည်။ ဒုံရင်းက ဒုံရင်းသာ ဖြစ်နေမည်ဖြစ်သည်။ ဟိုကျောင်း သည်ကျောင်း တစ်မျိုး တစ်ဖုံစီ ဖြစ်နေသဖြင့် နောက်အဆင့်များထပ်ဖွင့်ရန် အခက်အခဲများစွာရှိပါသည်။ စနစ်တကျစစ်ဆေးမှုမရှိခြင်းကြောင့် သင်တန်းများမှာ အောင်လက်မှတ် (Certificate) သာ ရလာသည်။ တကယ်တော့ မည်သည့်ကျွမ်းကျင်မှုမျှ မရှိသောပုံစံသာဖြစ်နေပါသည်။ လုပ်ငန်းရှင်များအနေဖြင့် ဝန်ထမ်းပေါ်များလာအောင် သင်တန်းဖွင့်လိုကြသော်လည်း စံများမရှိပါက၊ စစ်ဆေးခြင်းမရှိပါက သင်တန်းသားများ မည်သည့်ဖွံ့ဖြိုးတိုးတက်မှုမှ ရှိလာမည် မဟုတ်ပါ။

မြွေပူရာကင်းမှောက်ဆိုကဲ့သို့ လက်ရှိကြုံတွေ့နေရသည့် ပြဿနာမှာ နိုင်ငံခြားအကူအညီများ ဖြစ်ပါသည်။ နိုင်ငံခြားက စိတ်ကောင်းစေတနာကောင်းဖြင့် လာရောက်ကူညီသည်များကို ကျေးဇူးတင်ရမည်ဖြစ်သော်လည်း အကူအညီ လက်ခံခြင်းပုံစံမကျသဖြင့် ပြည်တွင်းလုပ်ငန်းရှင်များ မျိုးတုံးကုန်ပါသည်။ ဥပမာအားဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်လေးတစ်ဦးက သင်တန်းကျောင်းငယ်ဖွင့်လှစ်၍ သင်ကြားပေးနေသည်ဆိုပါစို့၊ နိုင်ငံတကာ အကူအညီအဖွဲ့အစည်းများ ဝင်ရောက်လာသည်နှင့် သင်တန်းများကို အခမဲ့ပေးနိုင်သည်။

**မြေတောင်မြှောက်**

ထိုအခါ သင်တန်းအခကြေးငွေဖြင့် ရပ်တည်နေရသော နိုင်ငံသားပိုင် ပုဂ္ဂလိကသင်တန်းကျောင်းငယ်များ ပျောက်ကွယ်ကုန်ပါသည်။ နိုင်ငံခြားမှ အကူအညီလာပေးသည်မှာ တစ်သက်လုံး ကူညီနိုင်သည်မဟုတ်၊ ကိုယ့်လူမျိုးများကို မြေတောင်မြှောက်ပေးမှသာ လူ့စွမ်းအားအားလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဖြစ်သင့်သည်မှာ နိုင်ငံခြားအကူအညီများကို အဆင်ပြေသည့်နေရာ၌ သင်တန်းဖွင့်လှစ်ခိုင်းခြင်းမျိုးမဟုတ်ဘဲ စံများပြုစုခြင်း၊ သင်ခန်းစာများ ရေးဆွဲခြင်းအစရှိသည့် နေရာ များတွင် အသုံးချနိုင်ပါက ပိုကောင်းသည်။

တစ်ဖန် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးဖို့ဆိုသည်က ပညာရေး တစ်ခုတည်းနှင့် သက်ဆိုင်သည်မဟုတ်၊ အလုပ်သမားအခွင့်အရေးများ၊ လုပ်ခလစာများနှင့် ကလေးသူငယ်ဥပဒေများနှင့်ပါ ဆက်စပ်လျက်ရှိသည်။ ထို့အပြင် အလုပ်လုပ်သည့်အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ကော်ပိုရိတ်များ၏ ယဉ်ကျေးမှု (Culture) များနှင့်ပါ သက်ဆိုင်နေပါသည်။ ယဉ်ကျေးမှု (Culture) ဆိုသည်မှာ ထိုအဖွဲ့အစည်း၏တန်ဖိုးထားခြင်း၊ အမှန်ဟုယူဆခြင်းတို့ ပါဝင်ပါသည်။ ကျောင်းများက မည်မျှပင်လေ့ကျင့်ပေးစေကာမူ မကောင်းသောယဉ်ကျေးမှုတွင် ကျရောက်သွားသူများကား မကောင်းသူများသာဖြစ်လာပါသည်။ ထို့ကြောင့် လူ့စွမ်းအား အသစ်ဖွံ့ဖြိုးတိုးတက်ရန် အလုမ်းမဝေးစေရေးအတွက် အကြံပြုရေးသားလိုက်ရပါသည်။

**စနစ်တကျစစ်ဆေးမှုမရှိခြင်းကြောင့် သင်တန်းများမှာ အောင်လက်မှတ် (Certificate) သာ ရလာသည်။ တကယ်တော့ မည်သည့်ကျွမ်းကျင်မှုမျှ မရှိသောပုံစံသာဖြစ်နေပါသည်။ လုပ်ငန်းရှင်များအနေဖြင့် ဝန်ထမ်းပေါ်များလာအောင် သင်တန်းဖွင့်လိုကြသော်လည်း စံများမရှိပါက၊ စစ်ဆေးခြင်းမရှိပါက သင်တန်းသားများ မည်သည့်ဖွံ့ဖြိုးတိုးတက်မှုမှ ရှိလာမည်မဟုတ်**



# ပြစ်ဒဏ်ကျခံနေသူများ အခွင့်အရေးခံစားနိုင်ရေး တွေ့ဆုံမေးမြန်း

**တောင်ငူ မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် တောင်ငူခရိုင် တရားသူကြီး ဦးဝင်းဆောင်၊ ဒုတိယခရိုင် တရားသူကြီး ဦးမိုးဝေ၊ တောင်ငူမြို့နယ် တွဲဖက်မြို့နယ် တရားသူကြီး ဒေါ်သင်းသင်းလွင်တို့နှင့် မတ် ၉ ရက် နံနက် ၉ နာရီတွင် တောင်ငူ (၄) မိုင် ကုန်ထုတ်လုပ်ရဲဘက်အကျဉ်းစခန်းကို သွားရောက်စစ်ဆေးခဲ့သည်။

တောင်ငူ(၄) မိုင် ကုန်ထုတ်လုပ်စခန်း တာဝန်ခံအရာရှိရုံးခန်း၌ စခန်းတာဝန်ခံ ဦးကျော်မြင့်စိန်က ပြစ်ဒဏ်ကျခံနေရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့သည် ပြစ်ဒဏ်ကျခံနေသူများ၏ အဆောင်များ၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်း သက်သာချောင်ချိမှုရှိ/မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်း-သန့်ဇင်၊ ဓာတ်ပုံ-သူရ**

# ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် "သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး"နှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်ကြီးနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက် တစ်ရပ်ထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ ဝတ္တကမြေအတွင်း၌ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် အလှူရှင်များက တည်ဆောက်လှူဒါန်းသည့် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး ပန္နက်တော်တင်၊ တွင်းတော် ဝန်းမင်္ဂလာနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ၂၀၁၇ ခုနှစ် မတ် ၉ ရက် နံနက်ပိုင်းတွင်ပြုလုပ်ခဲ့သည့် သတင်းအား မြဝတီရုပ်မြင်သံကြားနှင့် မြဝတီသတင်းစာများတွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း။

အဆိုပါ သတင်းအား မတ် ၁၀ ရက်နေ့ထုတ် 7 Day Daily နေ့စဉ်သတင်းစာတွင် "တပ်ချုပ်ဦးဆောင်လှူဒါန်းသော မဘသ ဥက္ကဋ္ဌဆရာတော်ကြီး၏ မဟာသာသနာ့ ဗိမာန်တော် ပန္နက်တင်"ဟု အဓိပ္ပာယ်များစွာကွဲလွဲသော သတင်းခေါင်းစဉ်ဖြင့် သတင်းဖော်ပြခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်း သာသနာ့ဗိမာန်တော်တစ်ခု အမှန်တကယ်လိုအပ်နေကြောင်း တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်မှ စာဖြင့်မေတ္တာရပ်ခံပေးပို့ချက်အရ သာသနာ့ဗိမာန်တော် ပေါ်ပေါက်စေရေး တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ကမကထပြုလုပ်၍ ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသာသနာ့ဗိမာန်တော်ကြီးတွင် သံဃာတော်များ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ၊ အခြားသာသနာရေးဆိုင်ရာစာမေးပွဲ များ ပြုလုပ်နိုင်ရန်နှင့် သာသနာတော်ထွန်းကာပြန့်ပွားရေးအလို့ငှာ အသုံးပြုနိုင်ရန် သံဃာအားရည်မှန်း၍ လှူဒါန်းသော "သံဃိကဒါန" စုပေါင်းအလှူသာဖြစ်ကြောင်း ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

❁ *ကျောဖုံးမှ*

၌ ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်စိုးက ဗုဒ္ဓပူဇနိယမင်္ဂလာ ရေစက်ချ အနုမောဒနာ စာတမ်းဖတ်ကြား လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် သြဝါဒါစရိယ ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်း မဟာဓမ္မိကာပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဂုဏောသနထံမှ ဩွဲ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် သြဝါဒါစရိယ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ရေစက်ချအနုမောဒနာတရားနာကြားပြီး ရေစက် ချ အမျှပေးဝေကြသည်။

ယနေ့ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရား၊ စေတီများတွင် ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။



**ရွှေတိဂုံစေတီတော် ၂၆၀၅ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရေစက်ချပွဲ အခမ်းအနား ကျင်းပစဉ်**
ဓာတ်ပုံ-လှမိုး

## စာရေးသူများ၏ ရသစာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် မတ် ၁၂**

ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်း-စာအုပ်ဈေးတန်းကို ယနေ့(တနင်္ဂနွေနေ့)တွင် ၂၀ ရက်မြောက်အဖြစ် နံနက်ပိုင်းမှစ၍ ဖွင့်လှစ်ရာ စာပေချစ်သူ ရဟန်းရှင်လူပြည်သူများ၊ ရောင်းသူ၊ ဝယ်သူများဖြင့် ညနေပိုင်းထိ စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

မွန်းလွဲပိုင်းတွင် စာရေးသူနှင့် စာဖတ်သူများတွေ့ဆုံသည့် "စာရေးသူများ၏ ရသစာဖတ်ဝိုင်း"ကို သိမ်ဖြူလမ်း ဝန်ကြီးများရုံးဘက်ခြမ်း၌ ကျင်းပသည်။

"စာရေးသူများ၏ရသစာဖတ်ဝိုင်း"တွင် ကြည်မွေ့အိမ်၊ရည်ဝေ (လင်းရောင်ခြည်)၊ သစ်ဘို၊ သွေး(စစ်ကိုင်း)နှင့်ခွန်ရှားလိုင်တို့က ၎င်းတို့ကိုယ်တိုင်ရေးသားထားသည့် ကဗျာ၊ ဝတ္ထုတိုနှင့် အက်ဆေးများကို ကိုယ်တိုင်ရွတ်ဆို ရှင်းလင်းပြောကြားကြပြီး စာဖတ်သူတို့၏ ဆွေးနွေးမေးမြန်းမှုကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရန်ကုန်စာအုပ်လမ်း-စာအုပ်ဈေးတန်းကို ပွင့်လင်းရာသီကုန်အထိ စနေ၊ တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ရောင်းချလျက်ရှိရာ မည်သူမဆို လွတ်လပ်စွာ နှစ်သက်ရာ စာအုပ်များကို ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **ကိုချစ်**

## နေ့အပူချိန်များ တိုးလာနိုင်

**နေပြည်တော် မတ် ၁၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

❁ *ကျောဖုံးမှ*

ခဲ့သည်။ ဇွဲကပင်အသင်းသည် နှစ်ပွဲဆက် အရှုံးရလဒ်ကြောင့် အဆင့်(၄) နေရာကို ရောဝတီအသင်းအား လွှဲပေးခဲ့ရသည်။

ထိပ်ဆုံးတွင် အမှတ်ပြတ် ဆက်လက်ဦးဆောင်နိုင်ရန်အတွက် ရန်ကုန်အသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဇွဲကပင်အသင်းမှာလည်း လူစုံအသုံးပြုခဲ့သည်။ ဇွဲကပင်အသင်းသည် ကစားကွက် တည်မရဖြစ်နေသောကြောင့် ရန်ကုန် အသင်း စိတ်ကြိုက်ဖိကစားခဲ့သည်။ ၁၀ မိနစ်တွင် ရန်ကုန်အသင်း အဖွင့်ဂိုးရခဲ့ပြီး အီမာဆင်က အဝေးက ကန်သွင်းယူခဲ့သည်။ ဇွဲကပင်အသင်းသည် ကွင်းလယ် ကစားပုံ ပျက်နေသောကြောင့် ရန်ကုန်အသင်း ကစားကွက်ကို မကျော်နိုင်ခဲ့ဘဲ ပထမပိုင်း ပြီးခါနီးတွင် ထောင့်ကန်ဘောမှ တစ်ဆင့် အီမီကာက ဒုတိယဂိုးသွင်းယူ ခဲ့သည်။

ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၅ မိနစ်တွင် နိုင်ထူးက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ဇွဲကပင်အသင်း ချေပဂိုးရပြီး နောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဇွဲကပင်အသင်း ချေပဂိုး ထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ရန်ကျော်ထွေးနှင့် ဒီဂျမ်တို့အပိုင် အခွင့်အရေးများရခဲ့သော်လည်း လွဲနေခဲ့သည်။ နောက်ပိုင်းတွင် ရန်ကုန်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသောပွဲတွင် ရောဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအတွက် ဂိုးများကို သီဟဇော်နှင့် ဆီဗာစတန်တို့က သွင်းယူပေးခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသောပွဲတွင် Southern နှင့် နေပြည်တော်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

ပွဲစဉ်(၉) နောက်ဆုံးနေ့ကို မတ် ၁၄ ရက်တွင် မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ၈၇ နှစ်ပြည့် အမှတ်တရနေ့ကျင်းပ




**ရန်ကုန် မတ် ၁၂**

သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ အသက် ၈၇ နှစ်ပြည့် အမှတ်တရ အခမ်းအနားကို ပဲန်မြန်မာနှင့် ရန်ကုန်ဘွတ်(ခ်) ပလာဇာတို့ ပူးပေါင်း၍ "ဘယ်သူလဲဟဲ ဦးဝင်းတင်" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းက လမ်းမတော်သံဈေးရှိ ရန်ကုန်ဘွတ်(ခ်)ပလာဇာ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဆရာကြီး ဟံသာဝတီဦးဝင်းတင်နှင့်အတူ သတင်းစာ၊ စာပေလောကသာမက နိုင်ငံရေး လောကတွင်လည်း အတူလက်တွဲဖြတ်သန်းခဲ့သူ ဆရာဦးအုန်းကြိုင်၊ ဆရာမောင်မိုးသူနှင့် ဆရာမျိုးမြင့်ငြိမ်း တို့ကလည်း အမှတ်တရစကားများ ပြောကြားပေးခဲ့သည် ။

"ဆရာဦးဝင်းတင်ဟာ မိဘလိုလည်း ကောင်း၊ ဆရာလိုလည်းကောင်း လေးစားထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ တကယ့်ကို စံပြုထိုက်သူဖြစ်ပါတယ်။ အလုပ်အတော် အလုပ်လုပ်သူဖြစ်ပါတယ်။ ဒီကနေ့ ဦးဝင်းတင်ကို စံပြုပြီး ဦးဝင်းတင်လို အလုပ်လုပ်ကြဖို့လိုပါတယ်လို့ ပြောချင်ပါတယ်" ဟု သတင်းစာလောက၊ စာပေလောကတွင် အတူတကွအလုပ်လုပ်ကိုင်ခဲ့သူ ဆရာဦးအုန်းကြိုင်က ပြောသည်။

"ကျွန်တော့်ဘဝမှာ လေးစားချစ်ခင်ရဆုံးပုဂ္ဂိုလ်တွေရှိပါတယ်။ ဒီအထဲမှာ လူထုဒေါ်အမာနဲ့ ဦးဝင်းတင်တို့ ပါပါတယ်။ ဦးဝင်းတင်က ကျွန်တော်နဲ့လုပ်ဖော်ကိုင်ဖက်လို့လည်း ပြောလို့ရပါတယ်။ သူနဲ့ကျွန်တော် ကြေးမုံမှာကတည်းက သိခဲ့တာပါ။ ကြေးမုံမှာရှိတဲ့အချိန်က သောကြာစာစောင်ဆိုတာ ထုတ်ဝေခဲ့ပါတယ်။ အဲဒီစာစောင်မှာ ကျွန်တော် ဆောင်းပါးတွေ ရေးခဲ့ပါတယ်" ဟု သတင်းစာသမားလောက၊ နိုင်ငံရေးလောကတွင် အတူတကွ လုပ်ကိုင်ခဲ့သူ ဆရာမောင်မိုးသူက ပြောသည်။ ထို့အတူ ဆရာမျိုးမြင့်ငြိမ်းကလည်း "ကျွန်တော်တို့ ဆရာနဲ့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထူထောင်တဲ့အခါမှာ အတူရှိနေခဲ့တယ်။ ထောင်ထဲမှာလည်း အတူရှိနေခဲ့ပါတယ်။ နောက်ဆုံးဆရာရဲ့နောက်ဆုံးအချိန် ရန်ကုန်ဆေးရုံကြီးမှာ ဆေးကုသနေတဲ့အချိန်အထိ ရှိနေခဲ့ပါတယ်။ သတင်းထောက်တွေနဲ့ ပတ်သက်လို့ ဆရာသတင်းစာ သင်တန်းမှာ ပို့ချလေ့ရှိတာကတော့ သတင်းသမားတွေဆိုတာက ဘက်မလိုက်ရဘူး။ တရာမျှတမှု ရှိရမယ်။ အတိအကျရေးရမယ်။ ဖတ်ချင်စဖွယ် ပြီးပြည့်စုံတဲ့ သတင်းဖြစ်အောင် ရေးရမယ်။ ဒီလေးချက်ကို ပြောလေ့ရှိပါတယ်" ဟု သတင်းစာသမားများအတွက် မှတ်သားဖွယ်ရာစကားများပြောသည်။

ဆရာကြီး ဟံသာဝတီ ဦးဝင်းတင် (၁၉၃၀-၂၀၁၄) သည် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့သားဖြစ်ပြီး မောင်ဝန်ဇင်း၊ ပေါ်သစ်၊ ပြည်စိုး၊ ဝင်းတင်၊ ပုည၊ ဝင်းဆွေ၊ သုတေသီ၊ အယ်ဒီတာတစ်ဦး၊ ရန်ကုန်တက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်းများတွင် ဝင်းတင်အမည်ဖြင့် ကဗျာနှင့် ဝတ္ထုတိုများ စတင်ရေးသားရာမှ စာပေလောကထဲသို့ ဝင်ရောက်ခဲ့ကြောင်း၊ ၁၉၅၇ ခုနှစ် ကြေးမုံ သတင်းစာ စတင်ထူထောင်ရာတွင်လည်း ပါဝင်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ ထို့နောက် ၁၉၆၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ဟံသာဝတီသတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်ခဲ့ကြောင်း ၊ ၁၉၇၇-၁၉၇၈ ခုနှစ်တွင် မြန်မာစာပေလှုပ်ရှားမှု၌ အရေးပါသော မန္တလေးမြို့ ဟံသာဝတီ စနေစာပေဝိုင်းကိုလည်း ဦးဆောင်ကျင်းပခဲ့သူဖြစ်ကြောင်း၊ ၁၉၈၈ လူထုလှုပ်ရှားမှုကာလအတွင်း ဆန္ဒဖော်သံစာစောင်ကို ထုတ်ဝေခဲ့ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ထူထောင်သည့်အခါ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့ကြောင်း၊ နိုင်ငံရေးယုံကြည်ချက်ကြောင့် ထောင်ထဲတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရကြောင်း သိရသည်။ ဆရာကြီးသည် အကျဉ်းချထားခြင်းခံရစဉ် နိုင်ငံတကာမှ ချီးမြှင့်သည့် ဆုတံဆိပ်များစွာရရှိခဲ့ပြီး ကွယ်လွန်ချိန် ၂၀၁၄ ခုနှစ် ဧပြီ ၂၁ ရက်အထိ သတင်းစာသမားဘဝ၊ စာပေသမားဘဝ၊ နိုင်ငံရေးသမားဘဝစသည်ဖြင့် လူထုရှေ့ဆောင်ဦးရွက်ပြုခဲ့သော ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# တပေါင်းပွဲတော်ကျင်းပနေချိန် အချိန်အခါမဟုတ်မိုးကြောင့် အလောင်းတော်ကဿပရင်ပြင်သွား အတက်အဆင်းလမ်းများ ယာယီပိတ်ထား

**မုံရွာ မတ် ၁၂**

ဘုရားပွဲရာသီအတွင်း ပူဇနိယပွဲတော်ကို တပို့တွဲလပြည့်နှင့်တပေါင်းလပြည့်နေ့တို့တွင် ပြုလုပ်ကျင်းပသော အလောင်းတော်ကဿပရင်ပြင်တော်ပေါ်၌ ဘုရားဖူး ၂၀၀၀ ကျော်၊ ကားထားရာနေရာတွင် ဘုရားဖူးများနှင့် ကားအစီး ၁၀၀ ကျော်သည် မတ် ၁၁ ရက်ညပိုင်းမှ စတင်ရွာခဲ့သောမိုးကြောင့် တောလမ်းကြောင်းတစ်လျှောက် အဆင်းအတက်ကို ယာယီရပ်ဆိုင်းကာ ပိတ်ထားရသောကြောင့် ညအိပ်စောင့်ကြရမည်ဖြစ်ကြောင်း အလောင်းတော်ကဿပဝန်ဆောင် ဆရာတော် ဦးဥေယျမွေထံ ဆက်သွယ်မေးမြန်းချက်အရ သိရသည်။

"တပေါင်းလပြည့်နေ့ပွဲတော်အတွက် မနေ့ကတည်းကရောက်နေတဲ့ ဘုရားဖူးဦးရေက ရင်ပြင်တော်မှာ တင်၂၀၀၀ ကျော် ရှိပါတယ်။ တည်းခိုဆောင် ၅၀ ကျော်မှာလည်းအပြည့်၊ ယာယီအဖြစ် ဝါးနဲ့ထိုးထားတဲ့တဲ၊ သံဇရိန်နဲ့ဆောက်ပေးထားတဲ့တဲတွေမှာလည်း အပြည့်တည်းနေကြပါတယ်။ မီးဖိုချောင်မှာတောင်ဖြစ်သလိုတည်းကြသူတွေရှိတာကို တွေ့ရပါတယ်။ ရင်ပြင်တော်မှာကို ၂၀၀၀ ကျော်ရှိပြီး ကားရပ်နားတဲ့နေရာမှာ ကားအစီး ၁၀၀ ကျော်နဲ့ ဘုရားဖူးတွေ ရှိပါသေးတယ်။ မိုးရွာနေတဲ့အတွက် ကားလမ်းတစ်လျှောက် အတက်ရောအဆင်းကိုပါ အန္တရာယ်များတဲ့အတွက် ပေးမဆင်းသေးပါဘူး။ နှစ်စဉ် တောလမ်းကနေတက်တဲ့ ဒေသခံတွေကို ခြေကျင် ပြန်ဆင်းခွင့်မပေးသေးဘဲ ရင်ပြင်မှာအိပ်ဖို့ မေတ္တာရပ်ခံထားပါတယ်။ မိုးတိတ်လို့ ကြားစခန်းအသီးသီးက ဆင်းလို့တက်လို့အခြေအနေရှိပြီဆိုမှ ပေးလွှတ်မှာပါ။ ဒီမှာ ရှိနေတဲ့ ဘုရားဖူးတွေအတွက် ဘာမှစိတ်ပူစရာမရှိပါဘူး။ ဒေသဆိုင်ရာ အာဏာပိုင်တွေ၊ မြို့နယ်လေးရပ်က ဝန်ဆောင်ဆရာတော်တွေ၊ ဂေါပကအဖွဲ့တွေ ပူးပေါင်းပြီး ကူညီစောင့်ရှောက်မှုအပိုင်းတွေ၊ စားရေးသောက်ရေးအပိုင်းတွေကို ဆောင်ရွက် ပေးနေပါတယ်။ နောက်နေ့သွားလို့လာလို့ရရင် လမ်းပြန်ဖွင့်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးဥေယျမွေက မိန့်တော်မူသည်။

အလောင်းတော်ကဿပ၏ တပေါင်းပွဲတော်ကို ယနေ့ နံနက်ပိုင်း မိုးစဲချိန်တွင် ရန်ကုန်-မန္တလေး-မုံရွာနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ နှစ်စဉ်လာရောက်ကုသိုလ်ယူနေကျ ဂန့်ဂေါ-ယော-ကျော့ဒေသများမှ ဘုရားဖူးလာသူများစွာဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ အလောင်းတော်ကဿပဆိုင်ရာ မြို့နယ်လေးရပ်မှ ပင့်သံဃာ ၁၀၅ ပါးတို့အား တစ်ပါးလျှင်ဝန်ဆောင်အဖွဲ့က ငွေကျပ်ကိုးသောင်းစီနှင့် အများမှ လောင်းလှူငွေများပေါင်းလျှင် တစ်ပါး ငွေကျပ်တစ်သိန်းကျော် လောင်းလှူခဲ့ကြကြောင်း သိရသည်။ ထို့အပြင် အနယ်နယ်အရပ်ရပ်မှ ကြွရောက်တော်မူလာကြသော သံဃာ ၁၀၀ ကျော်ကိုလည်း ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များကို လောင်းလှူခဲ့ရာ ယခင်နှစ်ကထက် ယခုနှစ်တွင် ပိုမိုစည်ကားခဲ့ကြောင်း ဦးဥေယျမွေ ထံမှ သိရသည်။

မတ် ၁၁ ရက် ညပိုင်းမှစရွာသော မိုးသည်သဲသဲမဲမဲရွာခြင်းမဟုတ်ဘဲ နည်းနည်းဖြင့် အချိန်ကြာစွာ ရွာသွန်းနေခြင်းဖြစ်ရာ ယနေ့ တပေါင်းလပြည့်နေ့ နံနက် မုံရွာမှ အလောင်းတော်ကဿပသို့တက်လာသော ကားအစီး ၃၀ ကျော်ကို အန္တရာယ်များ၍ တက်ရောက်ခွင့်မပြုခဲ့သကဲ့သို့ တောင်ပေါ်ရင်ပြင်တော်နှင့် ကားရပ်နားစခန်း၌ရှိသော ကားအစီး ၁၀၀ ကျော်ကိုလည်း ပြန်ဆင်းခွင့်မပေးသေးဘဲ ယနေ့တစ်ညအိပ်ကြရန် စီစဉ်ဆောင်ရွက်ပေးနေကြောင်း မတ် ၁၂ ရက် ညနေ ၄ နာရီက ဦးဥေယျမွေထံမေးမြန်းမှုအရ သိရသည်။

ယနေ့လပြည့်နေ့ နံနက်တွင် ကားရပ်နားကွင်းမှ တစ်မိုင်အကွာ ရင်ပြင်တော်သို့ ဆင်များဖြင့် သွားလာမှုကိုလည်း ချော်လဲမည်စိုးရိမ်ရသောကြောင့် ပိတ်ထားပြီး မွန်းလွဲ ၁၂ နာရီခွဲနောက်ပိုင်း မိုးတိတ်သည့်အချိန်တွင် ပြန်လည်သွားလာခွင့်ပေးနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ကျောင်းသား ကျောင်းသူများ နေပြည်တော်သို့ ဒုတိယအကြိမ်လေ့လာရေးခရီးရောက်ရှိ

**နေပြည်တော် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတွင် ဖွင့်လှစ်ထားသည့် Hospitality and Catering Training Academy (HCTA)မှ အုပ်ချုပ်သူ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၂၇ ဦးတို့သည် ယနေ့ နံနက်ပိုင်းက နေပြည်တော်သို့ လေ့လာရေးခရီးရောက်ရှိလာရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် နေပြည်တော်သို့ ဒုတိယအကြိမ် ရောက်ရှိခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း နေပြည်တော် ဟိုတယ်ဇုန်ရှိ Kempinski Hotel၊ Park Royal Hotel ၊ Lake Garden Hotel နှင့် သတ္တသတ္တာဟ (ဗုဒ္ဓဂယာ)သို့ သွားရောက်လေ့လာကြမည်ဖြစ်ပြီး မတ် ၁၃ ရက်တွင် ဥပ္ပါတသန္တိစေတီတော်အားဖူးမြော်၍ လွှတ်တော်အဆောက်အအုံများသို့ လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၁၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# ရန်ကုန်မြို့တော်လှပစေရေးအတွက် ပထမဆုံးရှေ့ပြေးစီမံချက်အဖြစ် စတင်ခဲ့သည့် ရန်ကုန်မြို့ ၂၇ လမ်း နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်တွင် ပြည်သူများ ပူးပေါင်းပါဝင်ရန်လို

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏ္ဍိတ)**

**ရန်ကုန် မတ် ၁၂**

ရန်ကုန်မြို့တော်ရှိ အိမ်နောက်ဖေးလမ်းကြားများ သာယာလှပစေရန်၊ ကလေးငယ်များဆော့ကစားနိုင်စေရန်နှင့် နံရံဆေးရေးပန်းချီများ ရေးဆွဲနိုင်စေရန်၊ အပန်းဖြေနိုင်စေရန်၊ အိမ်နောက်ဖေး၌ စားပင်သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ဒို့အိမ်အဖွဲ့ကဦးဆောင်ကာ နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက် နံရံဆေးရေးပန်းချီပွဲကို ပြုလုပ်ခဲ့သည်။

ပထမဆုံးအကြိမ်အဖြစ် နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်နံရံဆေးရေးပန်းချီပွဲကို မတ် ၁၁ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် (၃) ရပ်ကွက်၊ ၂၇ လမ်း နောက်ဖေးလမ်းကြား၌ လုပ်ဆောင်ပြသခဲ့ခြင်းဖြစ်သည်။

နောက်ဖေးလမ်းကြား၌ ကလေးငယ်များ ပန်းချီရေးဆွဲရာ၌ နံရံဆေးရေးပန်းချီးရေးဆွဲနည်းကို Olga Children's Art အဖွဲ့ တည်ထောင်ထားသူ ဒေါ်စိုးပပမြင့်က သင်ကြားပေးခဲ့သည်။

ဒေါ်စိုးပပမြင့်က "လက်ရှိက အင်ဒိုနီးရှား အင်တာနေရှင်နယ်စကူးလ်မှာ ပန်းချီဆရာမအနေနဲ့ လုပ်နေပြီး အပြင်မှာတော့ ကလေးပန်းချီနဲ့ ပတ်သက်ပြီး ကလေးတွေကို သင်ကြားပေးတဲ့ Olga Children's Art ဆိုပြီးအဖွဲ့ အစည်းလေးတစ်ခု ဖွဲ့ထားပါတယ်။ နောက်ဖေးလမ်းကြားကို သန့်ရှင်းပြီးတော့ ကလေးတွေနဲ့ ဒီလိုပုံလေးတွေ ဆွဲလိုက်တဲ့အခါ ကလေးတွေအတွက် ကစားဖို့ နေရာသီးသန့်လေး ရသွားမယ်။ လူတွေအားလုံးအတွက်လည်း ကျန်းမာရေးအရ ကောင်းသွားတယ်။ မြို့တော်လည်း သန့်ရှင်းသာယာလှပသွားတယ်။ ဒီအသိလေးကို ကိုယ့်အိမ်က ပေးချင်တယ်။ ရပ်ကွက်ထဲက ကလေးတွေ ရေးဆွဲတဲ့အခါမှာလည်း ဘယ်နေရာမှာ ဘယ်လိုအရောင်လေးထည့် ဘယ်လိုလေးဆွဲဆိုတာမျိုးပေါ့ ကျွန်မတို့က သင်ပြပေးတယ်။ ဒါဟာအားလုံး ပူးပေါင်းဆောင်ရွက်တဲ့ အရာလေးတစ်ခု ဖြစ်တယ်။ ပြည်သူလူထုကိုလည်း သန့်သန့်ရှင်းရှင်းနေထိုင်တတ်အောင် အသိပေးတာပါ"ဟု ပြောကြားသည်။

မြို့တော်သန့်ရှင်းလှပရေးအတွက် ယခုကဲ့သို့ အဖွဲ့အစည်းတစ်ခုအနေဖြင့် လုပ်ဆောင်ပေးနေချိန်တွင် အစိုးရတင်မကဘဲ မြို့နေပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းများကပါ ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိပြီး ပါဝင်ပေးနိုင်ပါက နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်ကို ပိုမိုအကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

ဒေါ်စိုးပပမြင့်က "မြို့နယ်တိုင်းလိုလိုက ညစ်ပတ်နေဆဲပဲ။ လုပ်ဆောင်ရမယ့် အရာတွေကများတယ်။ လမ်းတွေ၊ ရပ်ကွက်တွေကလည်း ကျွန်မတို့ မပိုင်ဘူး။ ကျွန်မတို့ ရှေ့ကနေလုပ်ပေးမယ့် နောက်ကနေပြီးတော့ အမှိုက်တွေ ပစ်နေတုန်းဆိုရင် အဆင်မပြေဘူး။ အခုဆွဲနေရင်းတောင်မှ အမှိုက်တွေ ပစ်ချတယ်။ ရေတွေသွန်ချတယ်။ မနေ့ကဆို ကျွန်မတို့ ဆွဲတယ်။ သန့်ရှင်းထားတယ်။ မနက် ရောက်လာတော့ ဒီမှာ အမှိုက်တွေ ပစ်ထားတာ ပြန်တွေ့ရပြန်တယ်။ အဲဒီလိုဆိုရင် အဆင်မပြေတော့ အားလုံးပူးပေါင်း ဆောင်ရွက်ဖို့ လိုပါတယ် "ဟု မြို့တော်သန့်ရှင်းရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ပေးရန် လိုအပ်ကြောင်းကို အကြံပြုသည်။



ဒို့အိမ်အဖွဲ့၏ အိမ်နောက်ဖေးလမ်းကြား ဥယျာဉ်စီမံချက်သည် ပန်းဘဲတန်း (၃) ရပ်ကွက်ရှိ ၂၇ လမ်းအောက်ဘလောက်တစ်ခုလုံး၏ နောက်ဖေးလမ်းကြားကို အလှဆင်ပြောင်းလဲပေးနိုင်ရန် ရည်ရွယ်ထားသော်လည်း လက်ရှိတွင် အမှိုက်များ ပြန်လည်ရှင်းလင်းရန် လိုအပ်နေသေးသည်။

ပန်းဘဲတန်းမြို့နယ် အမှတ် (၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်အောင်က "အခုလုပ်ပြပေးထားတာက နမူနာပဲ။ ဒီနေရာက အိမ်တစ်အိမ်လို ဖြစ်သွားမယ်။ လမ်းတစ်လမ်းကို ပေ ၈၀၀ ကျော်လောက်ရှိတယ်။ ကျွန်တော် အမှိုက်မပစ်ဖို့ အမြဲတမ်းလှုံ့ဆော်ပေးပါတယ်။ ဒါပေမယ့် လိုက်နာမှုက အားနည်းနေသေးတယ်။ အထပ်မြင့်တိုက်တွေ ဖြစ်တယ်။ နောက် အိမ်အကူတွေကို အမှိုက်ပစ်တဲ့နေရာ မလွှတ်ချင်ကြဘူး။ ထွက်ပြေးမှာတို့ ၊ အိမ်ရှင်တွေရဲ့ ပစ္စည်းပျောက်မှာတို့၊ ရည်းစားထားမှာတို့ စိုးရိမ်တယ်။ အကြောင်းအမျိုးမျိုးပေါ့။ အိမ်ရှင်တွေအနေနဲ့ကလည်း အမှိုက်ထုပ်ဆွဲပြီး သတ်မှတ်တဲ့နေရာမှာ မပစ်ချင်ကြဘူး။ အဲဒီတော့ အိမ်နောက်ဖေးကိုပဲ ပစ်ချကြတယ်။ အဲဒီအခက်အခဲရှိတယ်။ စည်းကမ်းမဲ့ အမှိုက်ပစ်ရင် အရေးယူမယ်။ ဒဏ်ငွေဆောင်ရမယ်။ ကျွန်တော် အမြဲပြောတယ်။ ဒါပေမယ့် ညဘက် တစ်နာရီ နှစ်နာရီလောက်မှာပစ်တယ်။ ပစ်ရင်လည်းအမြင့်ကဆိုတော့ သူ့အိမ်ဘက်ကိုမချဘဲ အခြားနေရာကို လွှဲပစ်တယ်"ဟု ပြောကြားသည်။

ရန်ကုန်မြို့တော် နောက်ဖေးလမ်းကြား၌ အမှိုက်ပစ်အကျင့်ဆိုး မပပျောက်သေးသည်နှင့် အဆိုပါစနစ် ပပျောက်စေရန်အတွက် နည်းလမ်းများ ဆက်လက်ရှာဖွေရန် လိုအပ်နေသေးသည်။

"ကျွန်တော်က ဒီနေရာလေးကိုအမြဲဖွင့် ထားပေးမှာပါ။ အမှိုက်ရှိရင် အမှိုက်ကပစ်ချင်တယ်။ အမှိုက်မရှိတော့ရင် အမှိုက်ပစ်ရမှာ လက်တွန့်သွားမယ်။ လူတွေရဲ့ အပြုအမူကို ပြောင်းလဲပေးနိုင်ရင် တော်တော်လေး ကောင်းသွားမယ်။ အခုလိုလေးလုပ်ပြထားတော့ ဟိုဘက်မှာ ဆေးသုတ်ပန်းချီဆွဲမယ်ဆိုလည်း အိမ်ရှင်တွေက ခွင့်ပြုမှာပါ။ ကျွန်တော်တို့ ၂၇ လမ်းအောက် ဘလောက်တစ်ခုလုံးဆောင်ရွက်မှာပါ"ဟု ဆက်လက်လုပ်ဆောင်မည့် အိမ်နောက်ဖေးလမ်းကြား ဥယျာဉ်စီမံချက် အစီအစဉ်နှင့်ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်အောင်က ပြောကြားသည်။

၂၇ လမ်းနောက်ဖေးလမ်းကြား၌ နံရံပန်းချီရေးဆွဲရာတွင် ပါဝင်ခဲ့သူ ကျောင်းသူ မကြယ်စင်သစ်ကလည်း "အရင်တုန်းကဆိုရင် လမ်းမပေါ်မှာပဲ ကစားကြရတယ်။ နောက်ဖေးလမ်းကြားဆိုရင် ညစ်ပတ်နေလို့သွားတောင် မသွားချင်ပါဘူး။ အခုဆိုရင် သူငယ်ချင်းတွေနဲ့အတူ နံရံတွေပေါ်မှာဆေးရောင်တွေနဲ့ ပန်းချီဆွဲရတာ ပျော်ဖို့ကောင်းတယ်။ ဒီလိုအစီအစဉ်တွေကို နေရာတိုင်းမှာ လုပ်လိုက်ရင် နောက်ဖေးလမ်းကြားမှာ အမှိုက်ပစ်တာမျိုးတွေ ပျောက်သွားနိုင်ပါတယ်၊ ဒီလိုအစီအစဉ်မျိုးမှာ ပါဝင်ခွင့်ရတဲ့အတွက်လည်း သမီးကဂုဏ်ယူပါတယ်" ဟု ပြောကြားသည်။

"ဒို့အိမ်"သည် ရန်ကုန်မြို့တော် သာယာလှပရေးနှင့် လှပရေးအတွက် ဦးတည်ကာ ကူညီပေးလျက်ရှိသည်။

"ဒို့အိမ်"သည် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် ရန်ကုန်မြို့လယ်ကောင်ရှိ ဟောင်းနွမ်းနေပြီဖြစ်သော ရှေးဟောင်း အဆောက်အအုံများအားထိန်းသိမ်းပေးမည့် အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ယင်းနှင့်ပတ်သက်၍ "ဒို့အိမ်"၏ ဒါရိုက်တာမစ္စ Emilie Roell က "ကျွန်မတို့က ရန်ကုန်မြို့ကြီး ဖွံ့ဖြိုးတိုးတက်လာအောင် ကူညီပေးတဲ့အဖွဲ့အစည်းပါ။ ရန်ကုန်မှာ ရှေးကျပြီးမပြုပြင် မထိန်းသိမ်းနိုင်တဲ့ ပြည်သူပိုင် အဆောက်အအုံတွေရှိမယ်။ အဲဒီလိုပိုင်ဆိုင်ပေမယ့် ပြုပြင်ထိန်းသိမ်းဖို့အတွက် ငွေကြေးမရှိဘူးဆိုရင် သူတို့အနေနဲ့ ဘယ်လိုထိန်းသိမ်းရမလဲ ပြုပြင် မလဲဆိုတာအတွက် ကူညီပေးပါတယ်။ ဒါကြောင့် ပြုပြင်ထိန်းသိမ်းဖို့ ငွေကြေးမရှိတဲ့သူတွေရှိရင် ဆက်သွယ်ကြပါ"ဟု ပြောကြားသည်။

ယခုပြုလုပ်သည့် ဒို့အိမ်အဖွဲ့၏ အိမ်နောက်ဖေး လမ်းကြားဥယျာဉ်စီမံချက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

"မနေ့ကဆိုရင် ရန်ကုန်စည်ပင်က လာကြည့်တယ်။ အဲဒီလိုလာကြည့်တဲ့အခါမှာ သူတို့အနေနဲ့လည်း ဒါကို စိတ်ဝင်စားတယ်။ သဘောကျတယ်။ ရှေ့ဆောင် ပူးပေါင်းဆောင်ရွက်ဖို့လည်းပြောတယ်။ ဒါပေမယ့် အာဏာပိုင်တွေဘက်မှာ ဘတ်ဂျက်မလုံလောက်တဲ့ကိစ္စတွေ ရှိတယ်။ ဒါကြောင့် ကျွန်မတို့ ဘက်မှာရှိတဲ့ အဖွဲ့အစည်းတွေက ပူးပေါင်းလုပ်ဆောင်ပေးသွားဖို့ အစီအစဉ်တွေ ရှိပါတယ်"ဟု မစ္စ Emilie Roell က ပြောကြားသည်။

ရန်ကုန်မြို့ ၂၇ လမ်းအိမ်နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်သည် ရန်ကုန်မြို့တော်လှပစေရေးအတွက် ပထမဆုံး ရှေ့ပြေးစီမံချက်အဖြစ် စတင်လိုက်ခြင်းဖြစ်ပြီးမြို့နေ ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ရန် လိုအပ်လျက် ရှိနေသေးသည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် အမ်းမြို့နယ်မှ ပြည်သူများနှင့် တွေ့ဆုံ ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး

**အမ်း မတ် ၁၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော နှင့်သတ္တုဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်း နှင့်အတူ မတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီက အမ်းမြို့နယ်သို့ ရောက်ရှိလာပြီး တောင်ဖီလာကျေးရွာအုပ်စု မင်းတက်ကျေးရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့က ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးနှင့် လမ်းတံတားများ ကောင်းမွန်ရေး၊ ကျေးရွာဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြောကြားခဲ့ကြရာ ဒေသခံပြည်သူများက ကျေးရွာချင်းဆက်သွယ်သွားလာရေး ကောင်းမွန်ရန် မင်းတက်- ခတ်တော်ချောင်းကူး တံတား ပေ ၆၀၀ခန့်၊ ယင်းလမ်းအတွင်းရှိ သစ်သားတံတားများကို ပြန်လည်ပြုပြင်ပေးနိုင်ရန်နှင့် ရေရရှိရေးစသည့် လိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် တန်းတင်ကျေးရွာအုပ်စု မရမ်းတောင်ကျေးရွာသို့ သွားရောက်၍ ရွာအဝင်တံတားနှင့် ရေထိန်းတံခါး ပြန်လည်ပြုပြင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ် သိန်း ၅၀ ကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကော်မတီများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတ် ၁၂ ရက် နံနက် ၉ နာရီက ရှူးကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ပြည်နယ်ကုသရေးဦးစီးမှူး ဦးရွှေသိန်းနှင့်အဖွဲ့၏ အခမဲ့ကွင်းဆင်း ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ရှူးကျေးရွာ မြင့်မြတ်သောနှလုံးသား သာရေး၊ နာရေးကူညီမှုအသင်းအား ထောက်ပံ့ငွေကျပ် ၁၀ သိန်းပေးအပ်ခဲ့သည်။

ထို့နောက် ရှူးကျေးရွာ ရေတားတာပေါင်ဆည်ဖို့ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ ဆင်ပိုက်ကျွန်းတောင်ကာရီနှင့် ဟိန်းတုတ်ချောင်း ကာရီများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တပ်တောင်မြို့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဒေါက်တာဇော်သိန်း ဦးဆောင်သော အထူးကုဆရာဝန်များအဖွဲ့က တပ်တောင်မြို့ အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများရှိ လူနာများအား အခမဲ့ ဆေးကုသပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ကဇုကိုင်းကျေးရွာသို့ ရောက်ရှိကာ နေအိမ်မီးလောင်ဆုံးရှုံးခဲ့သည့် ဒေါ်မဲရင်နှင့် ဦးတင်အုန်းတို့ကို တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**





# မောင်တောမြို့ သီရိမင်္ဂလာကုန်းတော်ရှိ ဇေယျာသီရိတပ်ဦးစေတီ ထီးတော်တင်လှူ

**မောင်တော မတ် ၁၂**

မောင်တောမြို့နယ် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး သီရိမင်္ဂလာကုန်းတော်၌ တည်ထားကိုးကွယ်သော ဇေယျာသီရိတပ်ဦးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါအဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာ့သာသနာပြုအလိုတော်ပြည့်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်သံဃာတော်များ၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်နှင့် တပ်ဖွဲ့ဝင်မိသားစုများ၊ ရွှေထီးတော်အလှူရှင် ဦးထွန်းထွန်းဝင်းနှင့် ဒေါ်သန်းအိခိုင် မိသားစု၊ မောင်တောခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ ဒေသခံအလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်များထံမှ ကိုးပါးသီလဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်သည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။ ဆက်လက်ပြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေသည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူပူဇော်ခြင်းအခမ်းအနားကို ကျင်းပရာ ရဲမှူးချုပ် သူရစန်းလွင် ဦးဆောင်ပြီး အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် စေတီတော်၏ အထွတ်ပေါ်သို့ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို အစီအစဉ်အတိုင်း တင်လှူပူဇော်ခဲ့ကြသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# ရန်ကုန်-ညောင်တုန်းကားလမ်းဘေး၌ ကျူးကျော်တဲများ တိုးချဲ့ဆောက်လုပ်လာ

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး၌ ကျူးကျော်တဲအများဆုံးနေထိုင်ရာ လှိုင်သာယာမြို့နယ်တွင် ပွင့်လင်းရာသီ၌ ရပ်ကွက်၊ ကျေးရွာများရှိ အိုးအိမ်မြေ၊ စည်ပင်မြေ၊ နိုင်ငံပိုင်မြေများ၌ ကျူးကျော်ဆောက်လုပ်မှုများ တိုးလာလျက်ရှိရာ လှိုင်သာယာ စက်မှုမြို့ဖြစ်သော ရန်ကုန်-ပုသိမ် ကားလမ်းဘေး၌လည်း တဲများ ထပ်မံဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်-ပုသိမ် ကားလမ်းဘေးအတွင်းလမ်းဖြစ်သော စက်မှုဇုန်လမ်းဆုံမှ သမကုန်းလမ်းဆုံအထိ မင်းကြီး မဟာမင်းခေါင်လမ်းတစ်လျှောက်၌ ကျူးကျော်တဲ သုံးထောင်ကျော်ရှိပြီး ရန်ကုန်-ပုသိမ် ကားလမ်းဘေး၌ နေထိုင်သော တဲများမှာ တစ်နှစ်ကျော်အတွင်း ဆောက်လုပ်နေထိုင်သော တဲများဖြစ်ရာ ယခုပွင့်လင်းရာသီတွင် မတ် ၈ ရက်က ဘုရားလမ်းမီးပွိုင့်နှင့် အဆင့်မြင့်မှတ်တိုင်ကြား၌ အသစ်ဆောက်လုပ်သော တဲများ တိုးလာလျက်ရှိကြောင်းသိရသည်။

လှိုင်သာယာစက်မှုဇုန် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးနံဘေး၌ ကျူးကျော်တဲ အချို့နှင့် ရေဆေးခုံ၊ ခတ်ဆီဆိုင်၊ သစ်သားခုံဆိုင်၊ သစ်သီးဆိုင်၊ ကားလေထိုးကျွတ်ဖာဆိုင်၊ ပျိုးပင်ပေါက်ဆိုင်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ဝပ်ရှော့ဆိုင်များ ဖွင့်လှစ်နေထိုင်ကြသည်ကို တွေ့မြင်လာရပြီး ယခုအခါပို၍ တိုးချဲ့ဆောက်လုပ်လာလျက်ရှိနေကြောင်း သိရသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသော ဆိုင်များမှာလည်း လမ်းမကြီး ဥပဒေနှင့် ငြိစွန်းသောကြောင့် စည်ပင်သာယာသို့ ဒဏ်ငွေဆောင်၍ လူနေထိုင်သော စီးပွားရေးလုပ်ငန်းများအဖြစ်နေထိုင်လာလျက်ရှိရာ အိမ်လခ သက်သာစေသည့်အပြင် စီးပွားရေးလုပ်ငန်းလည်း အဆင်ပြေသည့်အတွက် ရန်ကုန်-ပုသိမ် ကားလမ်းမကြီးဘေး၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော ဈေးဆိုင်များ လစဉ်တိုးလာလျက်ရှိကြောင်း သိရသည်။ **(၁၆၄)**

**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**

# မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ၌ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

မောင်တောမြို့နယ် နယ်မြေ ၃ တောင်ပြိုလက်ဝဲ (၂)ရပ်ကွက်၌ နယ်မြေလုံခြုံရေး တပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၉ နာရီခွဲက မသင်္ကာသူ တစ်ဦးဖမ်းဆီးရမိကြောင်း သိရသည်။

နယ်မြေလုံခြုံရေး တပ်ဖွဲ့ဝင်များက တောင်ပြိုလက်ဝဲ (၂) ရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် လမ်းပေါ်၌ ဒါးကြီးစားကျေးရွာနေ မသင်္ကာသူ မာမတ်ဇူဘိုင်ကို တွေ့ရှိဖမ်းဆီးခဲ့ပြီး စစ်ဆေးရာ ၎င်းမှာ လွန်ခဲ့သည့် တစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်သွားရောက်၍ ကူတူပါလောင်ဒုက္ခသည်စခန်းရှိ အာရဗီကျောင်း၌ ငါးတန်း တက်ရောက်နေကြောင်း၊ မိဘများရှိရာ ဒါးကြီးစားကျေးရွာသို့အလည်သွားရန် မြန်မာနိုင်ငံဘက်သို့ ရပ်ကွက် ၂ အနီးရှိ ရေပြွန်ပေါက်မှ ခိုးဝင်လာခဲ့ကြောင်း သိရသည်။

အဆိုပါ မသင်္ကာသူ မာမတ်ဇူဘိုင်ကို တောင်ပြိုလက်ဝဲ မြို့မရဲစခန်းက ဖမ်းဆီးထားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ အပ်နှံရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# မောင်တောမြို့နယ် အောင်ဇံရဲကင်းမှ လုယူခံရသည့် လက်နက်သုံးလက်အနက် ဘီအေ- ၆၄ အမျိုးအစားလက်နက်နှစ်လက်ပြန်လည်တွေ့ရှိ

**နေပြည်တော် မတ် ၁၂**

မောင်တောမြို့နယ် အောင်ဇူနယ်မြေ အောင်ဇံရဲကင်း ရဲတပ်ဖွဲ့ဝင်များထံမှ ယမန်နေ့က လူငါးဦး လုယူသွားသော လက်နက်သုံးလက်အနက် ဘီအေ- ၆၄ နှစ်လက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အောင်ဇူနယ်မြေ ခေတ္တနယ်မြေမှူးနှင့်အဖွဲ့၊ အောင်ဇံကျေးရွာပြည်သူ့စစ်အဖွဲ့တို့သည် ယမန်နေ့ညနေပိုင်းက သေနတ်လုယူထွက်ပြေးသွားသည့် လမ်းကြောင်းများအတိုင်း လိုက်လံရှင်းလင်းခဲ့ရာ နယ်စပ်မိုင်တိုင် ၄၂ အနီး ဝေလာတောင်ချောင်းဘေး၌ ဘီအေ- ၆၄(ကျည်အိမ်မပါ) နှစ်လက်ကို ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ရာ ပြစ်မှုကျူးလွန်သူ ငါးဦးအနက် နှစ်ဦးမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှတ်တိုင် ၄၃ အနီး တစ်ဖက်နိုင်ငံဘက်ခြမ်းရှိ ကျေးရွာ၌ နေထိုင်သူများဖြစ်ပြီး ကျန်သုံးဦးမှာ မောင်တောမြို့ မြို့မဘုန်းကြီးကျောင်း၌ နေထိုင်သူများဖြစ်ကြောင်း သိရသည်။

လက်နက်လုယူသွားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းလျက်ရှိပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်တပ်သို့ အကြောင်းကြားကာ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**




မောင်တောမြို့နယ် အောင်ဇံရဲကင်းစခန်း သေနတ် သုံးလက်လုယူသွားသည့်နေရာနှင့် သေနတ်နှစ်လက်ပြန်လည်တွေ့ရှိသည့် နေရာပြမြေပုံ

# တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွမ်ဟေး အိမ်ပြာတော်မှနှုတ်ဆက်ထွက်ခွာ



**ဆိုးလ် မတ် ၁၂**

အကျင့်ပျက်ခြစားသည်ဟူသော စွပ်စွဲချက်ဖြင့် ရုံးတော်က တောင်ကိုရီးယားသမ္မတပတ်ဂွမ်ဟေးအား ရာထူးမှ ဖယ်ရှားခဲ့ပြီး နောက်နှစ်ရက်အကြာတွင် သမ္မတပတ်သည် တနင်္ဂနွေနေ့တွင် သမ္မတအိမ်ပြာတော်မှ နှုတ်ဆက်ထွက်ခွာခဲ့ရကြောင်း သိရသည်။

ပတ်သည် ဝန်ထမ်းများအား နှုတ်ဆက်ပွဲပြုလုပ်ရန် တားမြစ်ခံရပြီးနောက်တွင် ရဲတပ်ဖွဲ့များ ဝန်းရံလိုက်ပါလျက် သမ္မတအိမ်ပြာတော်မှ ထွက်ခွာလာခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

သမ္မတပတ်သည် တောင်ကိုရီးယားမြို့တော် ဆိုးလ်၌ တည်ရှိသည့် ဂမ်းနမ်းဒေသမှ ၎င်း၏နေအိမ်ဆီသို့ ပြန်လည်ထွက်ခွာလာခဲ့ပြီး အဆိုပါနေရာတွင် ၎င်းအား ထောက်ခံသူ ရာပေါင်းများစွာတို့က အလံများကိုင်ဆောင်၍ စောင့်ဆိုင်းနေခဲ့ကြကြောင်း သိရ သည်။

တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံရေးနှင့်စီးပွားရေးလောကကို လှုပ်ခတ်သွားစေခဲ့သည့် အာဏာအလွဲသုံးမှုဟူသောပြစ်မှုဖြင့် အခြေခံဥပဒေဆိုင်ရာခုံရုံးက သမ္မတပတ်အားဖြုတ်ချရေး ပါလီမန်တွင် မဲခွဲဆုံးဖြတ်မှုတစ်ရပ်ပြုလုပ်ရန် အမိန့်ချမှတ်ခဲ့သည်။

သမ္မတပတ် ရာထူးမှ ဖယ်ရှားခံရပြီးနောက်တွင် သမ္မတသစ်ရွေးချယ်ပွဲကို လာမည့် မေလ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ဒီမိုကရေစီနည်းအရ ပထမဆုံးရွေးချယ်လိုက်သည့် သမ္မတပတ် (အသက် ၆၅ နှစ်)သည် ရုံးတော်မှ အပြီးထွက်ခွာခဲ့ရပြီဖြစ်သည်။

(ရိုက်တာ)

## မိုဆူးလ်အနောက်ပိုင်း၏ ၃၀ ရာခိုင်နှုန်းကို ပြန်လည်ရယူနိုင်

**မိုဆူးလ် မတ် ၁၂**

အီရတ်အင်အားစုများသည် မိုဆူးလ်မြို့အနောက်ဘက်ခြမ်း၏ ၃၀ ရာခိုင်နှုန်းကို အိုင်အက်စ်စစ်သွေးကြွများ၏လက်အတွင်းမှ ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း အကြမ်းဖက်ဆန့်ကျင်ချေမှုန်းရေးအထူးတပ်ဖွဲ့မှ အာဏာပိုင်တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

တပ်မတော်အဖွဲ့ဝင်များသည် ဂျီဟတ်စစ်သွေးကြွများနေထိုင်သည့် နယ်နိမိတ်များဆီသို့ ဆက်လက်ချီတက်ရန် စိုင်းပြင်းလျက်ရှိသည်ဟု ဆိုသည်။ ဖက်ဒရယ်ရဲတပ်ဖွဲ့နှင့် လျှပ်တစ်ပြက်တုံ့ပြန်ရေးယူနစ်အဖွဲ့များက ပြောကြားသည်မှာ ၎င်းတို့သည် မြို့ဟောင်းအတွင်းရှိ ဘတ်အယ်လ်တွတ် ဧရိယာအတွင်းသို့ ဝင်ရောက်လာခဲ့ပြီဖြစ်ကြောင်း၊ ယင်းနယ်နိမိတ်အတွင်း၌ သံချပ်ကာယာဉ်များ မဖြတ်သန်းနိုင်သည့် ကျဉ်းမြောင်းသော လမ်းကြောင်းများစွာရှိနေသည့်အတွက် တိုက်ခိုက်ရန် အနည်းငယ်ခက်ခဲနိုင်ကြောင်း သိရသည်။

(ရိုက်တာ)

## တစ်ရက်အတွင်းစစ်သွေးကြွ ၃၀ကျော် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ချေမှုန်း

**ကဘူးလ် မတ် ၁၂**

အာဖဂန်လုံခြုံရေးအင်အားစုများသည် နိုင်ငံအတွင်းဆူပူသောင်းကျန်းနေကြသည့် စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းလျက်ရှိရာ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြုလုပ်ခဲ့သည့် ထိုးစစ်ဆင်တိုက်ခိုက်မှုအတွင်း စစ်သွေးကြွ ၃၁ ဦးကို သုတ်သင်ချေမှုန်းနိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင်ပြောကြားခဲ့သည်။

ဝါးဒက်၊ နန်ဂဟာ၊ ဒိုက်ခွန်ဒီနှင့် ဥရုဇ်ဂန်ပြည်နယ်များရှိ ဒေသအများအပြားအား လွှမ်းခြုံသည့် ထိုးစစ်ဆင်တိုက်ခိုက်မှုများအတွင်း စစ်သွေးကြွ ၃၀ ကျော်သေဆုံးခဲ့ခြင်းဖြစ်ပြီး စစ်သွေးကြွနှစ်ဦးမှာ ဒဏ်ရာရရှိခဲ့ကာ နောက်ထပ်စစ်သွေးကြွအဖွဲ့ဝင် ၁၂ ဦးကိုလည်း ဖမ်းဆီးရမိထားသည်ဟု ဆိုသည်။

လုံခြုံရေးအင်အားစုများဘက်မှ အသေအပျောက်ကျဆုံးမှု ရှိ မရှိနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းမရှိပေ။

သို့သော်လည်း နိုင်ငံအတွင်းစစ်သွေးကြွများပပျောက်သွားသည်အထိ အကြမ်းဖက်ဆန့်ကျင်ချေမှုန်းမှုများကို အာဖဂန်အင်အားစုများက အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အစွန်းရောက်ဝါဒီများဖြစ်သည့်တာလီဘန်နှင့် အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့များသည် အစိုးရဆန့်ကျင်သည့် အကြမ်းဖက်လှုပ်ရှားမှုများကို ပိုမိုပြုလုပ်လာကြခြင်းသည် အာဖဂန်နစ္စတန်နိုင်ငံပြည်သူများအား များစွာထိခိုက်စေခဲ့သည်။

(ဆင်ဟွာ)

## ဒမတ်စကတ်ဗုံးခွဲတိုက်ခိုက်မှု သေဆုံးသူ ၇၀ ကျော်အထိ မြင့်တက်

**ဒမတ်စကတ် မတ် ၁၂**

ဒမတ်စကတ်၌ ရှီးယိုက်အစ္စလာမ်ဘာသာ ဝင်များအား ပစ်မှတ်ထားသည့် ဗုံးခွဲတိုက်ခိုက်ခံရမှုဖြစ်ပွားခဲ့ရာ ဗုံးနှစ်ကြိမ် ပေါက်ကွဲမှုအတွင်း သေဆုံးသူများမှာ ယနေ့အထိ ၇၄ ဦးရှိသွားပြီဖြစ်ကြောင်း ဆီးရီးယားရှိ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က တနင်္ဂနွေနေ့တွင် သတင်းဖော်ပြခဲ့သည်။

ပြီးခဲ့သည့် စနေနေ့တွင်ဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှု၌ သေဆုံးသူ အများစုမှာ အီရတ်နိုင်ငံသားရှီးယိုက် အစ္စလာမ်ဘာသာဝင်များဖြစ်ကြပြီး ၎င်းတို့သည် ဒမတ်စကတ် မြို့ဟောင်းရှိ ရှေးဟောင်းဂူသင်္ချိုင်းသို့သွားရောက်ကြမည့်သူများဖြစ်သည်။

ဗုံးဖောက်ခွဲမှုကို မည်သည့်အဖွဲ့က ပြုလုပ်ခဲ့ကြောင်း အခိုင်အမာ ပြောဆိုနိုင်ခြင်း မရှိသေးကြောင်းသိရပြီး ဟစ်ဘိုလာမှထုတ်လွှင့်သည့် အယ်လ်မာနာရုပ်မြင်သံကြား ထုတ်လွှင့်တင်ဆက်မှုတွင် ဗုံးခွဲမှုကို အသေခံဗုံးခွဲသမားနှစ်ဦးက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်သည် နိုင်ငံအတွင်းဖြစ်ပွား လျက်ရှိသည့် ပြည်တွင်းစစ်အတွင်း အီရန်၊ အာဖဂန်နစ္စတန်နှင့် လီဘန်နိုင်ငံများမှ ရှီးယိုက်စစ်သွေးကြွများ၏ ကူညီထောက်ပံ့မှု ရရှိခဲ့သည်။

(ရိုက်တာ)

## တူနီးရှားတောင်ပိုင်း စစ်ဆေးရေးဂိတ်တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေနတ်ပစ်ခံရပြီးသေဆုံး

**တူးနစ် မတ် ၁၂**

တူနီးရှားနိုင်ငံ အနောက်တောင်ပိုင်းမြို့တစ်မြို့ရှိ စစ်ဆေးရေးဂိတ်၌ တနင်္ဂနွေနေ့က စစ်သွေးကြွများဝင်ရောက်တိုက်ခိုက်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးအာဏာပိုင်များကပြောကြားခဲ့သည်။

ကက်ဘလီမြို့အတွင်းဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှုတွင် နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများကြောင့် စစ်သွေးကြွနှစ်ဦးသေဆုံးသွားကြောင်း အာဏာပိုင်များက အမည်ထုတ်ဖော်ခြင်းမရှိဘဲ ပြောကြားခဲ့သည်။

စစ်သွေးကြွများသည် ယင်းစစ်ဆေးရေးဂိတ်၌ ကင်းလှည့်တာဝန်ကျသည့် ရဲတပ်ဖွဲ့ကို ဝင်ရောက်စီးနင်းပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ လုံခြုံရေးအင်အားစုများသည် တိုက်ခိုက်မှုအပြီး စစ်သွေးကြွအချို့ ထွက်ပြေးသွားဖွယ်ရှိသည်ဟု ယူဆသည့်အတွက် အခင်းဖြစ်ပွားရာအနီးတစ်ဝိုက်တွင် ပိုက်စိပ်တိုက်ရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်း နောက်ထပ်အမည်မဖော်လိုသူ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

(ရိုက်တာ)

## တူရကီဝန်ကြီးတစ်ဦးအား နိုင်ငံအတွင်းဝင်ရောက်ခွင့်မပြုသည့်အတွက် နယ်သာလန်အား တူရကီဒေါသထွက်



တူရကီနိုင်ငံ အစ္စတန်ဘူလ်ရှိ ဒတ်ချ်ကောင်စစ်ဝန်ရုံးရှေ့တွင် တူရကီနိုင်ငံသားများ စုဝေးဆန္ဒပြနေစဉ်

**အန်ကာရာ မတ် ၁၂**

နယ်သာလန်နိုင်ငံသည် နိုင်ငံအတွင်းသို့လာရောက်မည့် တူရကီဝန်ကြီးအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းမပြုနိုင်အောင် တားဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းဝင်ရောက်ခွင့်ကို တားဆီးလိုက်ခြင်းသည် လက်မခံနိုင်ဖွယ်ကိစ္စရပ်ဖြစ်ပြီး ယင်းကိစ္စအပေါ် ခက်ထန်ကြမ်းတမ်းသည့်နည်းဖြင့် ပြန်လည်တုံ့ပြန်သွားမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် ဘီနာလီရီ ဒါရင်၏ ပြောကြားမှုကို ဒေသမီဒီယာက ဖော်ပြခဲ့သည်။ နယ်သာလန်က ယခုကဲ့သို့ ဆုံးဖြတ်မှုအတွက် မည်သို့အကြောင်းပြချက်များပေးသော်လည်း လက်ခံမည်မဟုတ်ကြောင်း၊ တူညီသည့်တုံ့ပြန်မှုမျိုးသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘီနာလီက ဆိုသည်။

ပြီးခဲ့သည့်စနေနေ့ကလည်း ဒတ်ချ်ရဲတပ်ဖွဲ့သည် လူမှုရေးရာဝန်ကြီး ဖက်တမာဘီတာဆာရမ်ကာယာ၏ အစောင့်အရှောက်ယာဉ်တန်းအား ရော့တာဒန်ရှိကောင်စစ်ဝန်ရုံးသို့ ဝင်ရောက်ခြင်းကို ပိတ်ပင်တားမြစ်ခဲ့ကြသည်။ တူရကီနှင့် နယ်သာလန်နှစ်ဖက်စလုံး ကတောက်ကဆဖြစ်ခဲ့ပြီးနောက် နာရီအနည်းငယ်အကြာ တနင်္ဂနွေနေ့အစောပိုင်းတွင် ဒတ်ချ်ရဲတပ်ဖွဲ့သည် ဆာရမ်ကာယာအား ဂျာမနီသို့ပို့ဆောင်လိုက်ကြောင်း သိရသည်။

ကာယာသည် ဧပြီ ၁၆ရက်တွင် တူရကီ၌ပြုလုပ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲမတိုင်မီ ကြိုတင်၍ တူရကီလူမှုအဖွဲ့အစည်းနှင့် တွေ့ဆုံမှုပြုလုပ်ရန် အစီအစဉ်ရေးဆွဲထားခဲ့သည်။ တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗလတ်ကာဗူဆိုဂလူက တူရကီဝန်ကြီးများအား နယ်သာလန်သို့မဝင်ရောက်နိုင်စေရန် ပိတ်ပင်တားမြစ်ခဲ့သည့် ဒတ်ချ်အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်ကို တူရကီက ယင်းလုပ်ရပ်ထက် ၁၀ ဆခန့် ပိုမိုပြင်းထန်သည့် တုံ့ပြန်မှုမျိုး ပြုလုပ်သွားမည်ဖြစ်ကြောင်း စနေနေ့နှောင်းပိုင်းတွင် ပြောကြားခဲ့သည်။ (ဆင်ဟွာ)

# ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် ဂုတ်တွင်းလမ်းပိုင်း

**တွေ့ဆုံမေးမြန်း-နိုင်ထွန်း (TGI)**



မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးသည် မန္တလေးမှ မူဆယ်အထိ ၂၈၈ မိုင် ရှည်လျားပြီး အာဆီယံ အဝေးပြေးလမ်းမကြီး အမှတ်(၁၄) (AH-14) လည်းဖြစ်ပေသည်။ တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်စည်ကူးသန်းဖလှယ်ရာ အဓိကလမ်းပိုင်းတစ်ခုလည်းဖြစ်သည်။ နေ့စဉ် အဆိုပါလမ်းပိုင်းတွင် ယာဉ်မျိုးစုံ အစီးရေ ၅၀၀၀ ကျော်ခန့် နေ့စဉ်ဖြတ်သန်းသွားလာနေကြသည်။ အဆိုပါလမ်းပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်လျှင် ဆယ်တင်ခြင်းနှင့် လမ်းကြောင်းရှင်းလင်းရေးဆောင်ရွက်ရာတွင် အခက်အခဲရှိသည့် လမ်းပိုင်းတစ်နေရာရှိသည်။ ထိုနေရာကား မိုင်တိုင် အမှတ်(၈၂/၀) မှ (၈၇/၀) ကြားရှိ ဂုတ်တွင်းလမ်းပိုင်းပင် ဖြစ်၏။

အဆိုပါ နေရာတွင် အတက်အဆင်း အကွေ့အကောက်များသည်။ ကျောက်မဲမြို့နယ်အခြမ်း မိုင်တိုင်အမှတ် (၈၄/၀) မှ (၈၄/၅) အကြား ခြောက်ထပ်ကွေ့တွင် ယာဉ်ချွတ်ယွင်းမှုဖြစ်ပွားပါက လမ်းပိတ်ဆို့မှု ဆယ်တင်ခြင်း၊ ရှင်းလင်းခြင်းများဆောင်ရွက်ရာတွင် ပိုမိုကြန့်ကြာတတ်ကြောင်း သိရသဖြင့် ဂုတ်တွင်းလမ်းပိုင်းလမ်းကြောင်း ရှင်းလင်းရေး လုံခြုံရေး၊ ဆယ်တင်ရေးကိစ္စများကို အနီးကပ်ဆောင်ရွက်လျက်ရှိသည့် အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်နှင့် မြေပြင်ကွင်းဆင်းမေးမြန်းနိုင်ရန် မန်းကိုယ်ပွားသတင်းအဖွဲ့မှ မတ် ၅ ရက်က ဂုတ်တွင်း ယာဉ်ထိန်းတပ်ဖွဲ့ရှိရာသို့ ရောက်ခဲ့လေသည်။

စာရေးသူတို့အဖွဲ့ ရောက်ရှိချိန်တွင် မန္တလေးဘက် လားရှိုးဘက်မှလာသော ယာဉ်များအား တစ်ဖက်ဖွင့်စနစ်ဖြင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက စနစ်တကျ လမ်းပိတ်ဆို့မှုမရှိစေရန် ဆောင်ရွက်ပေးနေမှုကို တွေ့ရှိခဲ့ရ ပြန်လေသည်။ စာရေးသူနှင့်အဖွဲ့လည်း ခရီးရောက်မဆိုက်ပင် ဒုတိယရဲမှူးချစ်စိန်အား သိလိုသည်များကို မေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ ရဲမှူးတို့ ယာဉ်ထိန်းတပ်ဖွဲ့စုရဲ့ နယ်မြေနဲ့ အဓိကတာဝန်ယူရတဲ့ လုပ်ငန်းတာဝန်လေးတွေ သိချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့ တပ်စုကတော့ နောင်ချိုမြို့နယ် မိုင်တိုင်အမှတ်(၅၅/၄) မှ သီပေါမြို့နယ်စပ် မိုင်တိုင် (၁၄၉/၅)အတွင်း နောင်ချို၊ ကျောက်မဲ၊ သီပေါ သုံးမြို့နယ်ရဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်ကြောပိတ်ဆို့ မှုမရှိရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားလာပါက ဆယ်တင် ရေး လမ်းကြောင်းရှင်းလင်းရေးတွေကို ဆောင်ရွက်ပေး ရပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုရှင်းလင်းရေးအတွက် ဂုတ်တွင်း မိုင်တိုင်



ဒုတိယရဲမှူးချစ်စိန်အား တွေ့ဆုံမေးမြန်းစဉ်

(၈၂/၀)မှ(၈၇/၀)အထိ ငါးမိုင်အတွင်း အဓိကထားပြီး အကြပ်ကြီးဦးစီး လေးဦးကို ၂၄ နာရီ တာဝန် ချထား ဆောင်ရွက်နေပါတယ်။

**မေး ။ ။ နေ့စဉ် ဖြတ်သန်းသွားလာနေတဲ့ ယာဉ်အရေအတွက်နဲ့ အဓိကကုန်စည်တွေကိုလည်း ပြောပြပေးစေချင်တယ်။**

ဖြေ။ ။ နေ့စဉ် ယာဉ်ကြီး၊ ယာဉ်ငယ် အစီးရေ ၄၈၀၀ မှ ၅၀၀၀ အကြားမှာ အတက်၊ အဆင်း ဖြတ်သန်းသွားလာပါတယ်။ ယာဉ်ကြီးတွဲကား ၁၅၀ မှ ၂၀၀ ကြားမှာ ရှိပါတယ်။ ကျန်ကိုယ်ပိုင်ယာဉ်ငယ်၊ လူစီးခရီးသည် ယာဉ်ငယ်၊ လူစီးခရီးသည်ယာဉ်ကြီးနဲ့ ကုန်တင်ယာဉ်တွေဖြစ်ပါတယ်။ ကုန်တင်ယာဉ်တွေမှာ မန္တလေးမှအသွား အသီးအနှံ ဖရဲ၊ သခွာမွှေး၊ သကြား စတာတွေ အများဆုံး မူဆယ်ဘက်ကို သယ်ဆောင်ပို့လေ့ရှိပြီး မူဆယ်၊ လားရှိုးဘက်ကတော့ အပြန်မှာ ကုန်မျိုးစုံ တင်ဆောင်လာကြတာ တွေ့ရပါတယ်။

**မေး။ ။ ဂုတ်တွင်းလမ်းပိုင်းမှာ ယာဉ်မတော်တဆဖြစ်မှု ယာဉ်ကြောပိတ်ဆို့မှု အခြေအနေလေးတွေကိုလည်း သိပါရစေ။**

ဖြေ။ ။၂၀၁၆ ခုနှစ်အတွင်း ကျောက်မဲမြို့နယ်ဘက် အခြမ်း ခြောက်ထပ်ကွေ့မိုင်တိုင် (၈၄/၀) မှ (၈၄/၅) အတွင်းမှာ မတော်တဆမှု အဖြစ်အများဆုံးပါ။ ၂၁ ကြိမ်ခန့် ဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လဆန်းအထိ နှစ်ကြိမ်သာ ဖြစ်ပွားခဲ့ပါတယ်။ အဓိကအားဖြင့် ကုန်စည်ကူးသန်းမှုများတဲ့ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလတွေမှာ ဖြစ်ပွားမှုများပြီး လူစီး၊ ကုန်တင် ယာဉ်တွေထက် တွဲကားတွေဖြစ်တာ ပိုများတာကို တွေ့ရပါတယ်။

**မေး။ ။ ယာဉ်မတော်တဆဖြစ်မှုတွေမှာ လမ်း၊ လူ၊ ယာဉ် ချွတ်ယွင်းမှု ဘယ်အကြောင်းအရာက ပိုများတာတွေ့ရပါလဲ။**

ဖြေ။ ။ အဓိကအားဖြင့် ယာဉ်မောင်းတွေ မကျွမ်းကျင်မှုကြောင့် ပိုများတာတွေ့ရပါတယ်။ နောက်ပြီး ယာဉ်ကြံ့ခိုင်မှုအားနည်းတာ၊ လမ်းပိုင်းကောင်းမွန်မှု မရှိတာ စတာတွေကို တွေ့ရှိရပါတယ်။

**မေး။ ။ ယာဉ်မတော်တဆမှုဖြစ်ပွားပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ရင် ဆောင်ရွက်ပုံလေးတွေ သိချင်ပါတယ်။**

ဖြေ။ ။ယာဉ်မတော်တဆမှုဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့တာကို အပိုင်းသုံးပိုင်းနဲ့ ဆောင်ရွက်ရပါတယ်။ အပိုင်း (၁)ဆယ်တင်ခြင်းလုပ်ငန်း၊ အပိုင်း(၂) ဆယ်တင်ခြင်းနေရာမှ မိုင်တိုင် (၈၂/၀)မှ မိုင်တိုင် (၈၇/၀) အကြား အတွင်းစည်း ယာဉ်ကြောပိတ်ခြင်း၊ အပိုင်း (၃) အပြင်စည်း ယာဉ်ကြောပိတ်ခြင်း၊ အပြင်စည်း ယာဉ်ကြောပိတ်ခြင်းကို နောင်ချိုမြို့နယ်ဘက်အခြမ်းမှာ နောင်ချို တိုးဂိတ်နဲ့ မြို့ပြင်တစ်နေရာမှ လည်းကောင်း၊ ကျောက်မဲမြို့နယ်ဘက်အခြမ်းမှာ မိုးမြင့်သာဈေးဆိုင်တန်းနဲ့ ကျောက်မဲတိုးဂိတ်တို့မှ စတင်ပိတ်တာကို ဆောင်ရွက်ရပါတယ်။

**မေး။ ။ အပိုင်းလိုက် ဆောင်ရွက်ပုံ အဆင့်ဆင့်ကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ အတွင်းစည်း၊ အပြင်စည်းလမ်းပိတ်ခြင်း ပြီးစီးတာနဲ့ ဆယ်တင်ခြင်းလုပ်ငန်းကို ပျက်စီးဆုံးရှုံးမှုနည်းအောင် ထိခိုက်အန္တရာယ်မဖြစ်အောင် ထိန်းသိမ်းပြီး ဆောင်ရွက်ရပါတယ်။ စက်ယာဉ်ယန္တရားမလိုအပ်ရင်တော့ ယာဉ်မောင်းသူတွေရဲ့ အကူအညီရယူပြီး တွဲကားခေါင်းနဲ့ ဆွဲတင်ဆယ်ယူတာတွေပြုလုပ်ပါတယ်။ ယာဉ်ပိတ်ဆို့မှု အချိန်နည်းနိုင်သမျှနည်းအောင် မြန်မြန်ပြီးစီးအောင် ဆောင်ရွက်ရပါတယ်။ ယာဉ်ကြောပိတ်တာကြာမြင့်တဲ့အချိန်ပေါ်မူတည်ပြီး ယာဉ်ပုံမှန်သွားလာခြင်းဖြစ်အောင် အချိန်ပေးရပါတယ်။ ဥပမာ ယာဉ်ကြောပိတ်တာ နှစ်နာရီကြာရင် ပုံမှန် ယာဉ်သွားနိုင်အောင် နှစ်နာရီကြာ ရှင်းလင်း ဆောင်ရွက်ပေးမှုပဲ နဂိုပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းသွားလာနိုင်တာကို ဆိုတာပါ။

**မေး။ ။ အခုလို ယာဉ်မတော်တဆမှုတွေ မဖြစ်အောင် ဆောင်ရွက်ပေးသင့်တာတွေ ဆောင်ရွက်ပေးတာတွေရှိရင်လည်း ပြောပြပါ။**

ဖြေ။ ။အဓိကအားဖြင့် ယာဉ်မတော်တဆမှုမှာ ယာဉ်မောင်း မကျွမ်းကျင်မှု၊ ပေါ့လျော့မှုက အများဆုံးပါ။ နောက်ပြီး ယာဉ်ကြံ့ခိုင်မှု အားနည်းတာနဲ့ လမ်းပိုင်းအားနည်းတာပေါ့။ လက်ရှိ နောင်ချို- ကျောက်မဲ လမ်းပိုင်း တာဝန်ယူပြုပြင်တည်ဆောက်နေတဲ့ Oriental Highway Co., Ltd. က ဂုတ်တွင်း လမ်းပိုင်းမှာ လမ်းချဲ့ထွင်ခြင်း၊ AC နိုင်လွန်ကတ္တရာခင်းပေးခြင်း၊ မျက်ကွယ်နေရာ အကွေ့တွေမှာ မှန်ခုံးများတပ်ပေးခြင်း၊ အန္တရာယ်ရှိတဲ့ နေရာတွေမှာ ဖြူနီကျားတိုင်များ စိုက်ထူပေးခြင်းတွေကြောင့် ၂၀၁၇ ခုနှစ်အတွင်း လမ်းပိုင်းအားနည်းမှုကြောင့် ဖြစ်ပွားမှုမရှိတော့ဘဲ ယာဉ်မောင်းမကျွမ်းကျင်မှုနဲ့ ယာဉ်ကြံ့ခိုင်မှုအားနည်းခြင်းကြောင့် နှစ်ကြိမ်သာ ဖြစ်ပွားတာကိုတွေ့ရပါတယ်။ ပြီးတော့ ကုမ္ပဏီကပဲ တန် ၅၀ ဝန်ချီစက်ကရိန်းကားတစ်စီးကို ဂုတ်တွင်းမှာ အမြဲထားရှိပေးထားပါတယ်။

**မေး။ ။ယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့ဆောင်ရွက်ချက်လေးလည်း သိပါရစေ။**

ဖြေ။ ။ဂုတ်တွင်းမှာ နေ့စဉ် အကြပ်ကြီး ဦးစီးအင်အား လေးဦးနဲ့ နေ့ ည အချိန်ပြည့် တာဝန်ချထားပေးပါတယ်။ ယာဉ်ကြောပတ်ဆို့တာ၊ ယာဉ်မတော်တဆမှုဖြစ်တာရှိရင်တော့ တပ်ဖွဲ့စုမှူးကိုယ်တိုင်ဆင်းလာပြီး ရှင်းလင်းဆောင်ရွက်ပါတယ်။ အချိန်ကြာ ပိတ်ဆို့မှုမျိုးဖြစ်လာရင်တော့ လားရှိုးမှာရှိတဲ့ အမှတ်(၂၀) ယာဉ်ထိန်း ဒုတပ်ဖွဲ့ခွဲမှူးရုံး အပါအဝင်၊ နယ်မြေခံခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့များနဲ့ ဂုတ်တွင်းတံတားလုံခြုံရေးရဲတပ်ဖွဲ့ ကင်းစခန်းမှ အင်အားများနဲ့ ပူးပေါင်းဆောင်ရွက်ရှင်းလင်းပေးပါတယ်။

**မေး။ ။ဂုတ်တွင်းလမ်းပိုင်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် အဓိက ကျင့်သုံးတဲ့နည်းစနစ်တွေ ရှိရင်လည်း ပြောပြပေးစေချင်တယ်။**

ဖြေ။ ။ ဂုတ်တွင်းနယ်မြေမှာ အကွေ့အကောက် အတက်အဆင်းတွေကြောင့် ယာဉ်အားလုံးအတွက် အရှိန်ထိန်း ဧရိယာလိုမျိုးဖြစ်တဲ့အတွက် နှစ်ဖက်စလုံးမှ ယာဉ်တွေကို စုပေးထားသလိုဖြစ်ပါတယ်။ နောင်ချိုဘက်ခြမ်း မိုင်တိုင် (၈၃/၄)(အရပ်အခေါ် ကုလားမကွေ့) ကျောက်မဲဘက်အခြမ်း ဂုတ်တွင်း (၈၄/၀) မှ (၈၄/၅) (ခြောက်ထပ်ကွေ့) လမ်းပိုင်းမှာ ယာဉ်တွေ မျက်နှာချင်းဆိုင်သွားလို့ မရပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က Traffic Hot Spot ဧရိယာအဖြစ်သတ်မှတ်ပြီး တစ်ဖက်ပိတ်စနစ်ကျင့်သုံးကာ ယာဉ်တွေကို အလှည့်ကျစေလွှတ်ပေးခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ဆောင်ရွက်ပေးပါတယ်။

**မေး။ ။ ဂုတ်တွင်းလမ်းပိုင်း ပိတ်ဆို့မှု မဖြစ်အောင် အကြံပြုချင်တာလေးတွေ ရှိရင်လည်း ပြောပေးပါဦးခင်ဗျာ။**

ဖြေ။ ။ဂုတ်တွင်းလမ်းပိုင်း မပိတ်အောင် လမ်းပိုင်းချွတ်ယွင်းအားနည်းမှုမဖြစ်စေရေး စစ်ဆေးပြုပြင်ပေးနေရပါမယ်။ ယာဉ်မောင်းတွေအားလုံး မိမိမောင်းနှင်ရမယ့် လမ်းပိုင်း အကြောင်းရယ်၊ ယာဉ်အကြောင်းရယ် ကျွမ်းကျင်နှံ့စပ်သိရှိဖို့ လိုအပ်ပါမယ်။ ယာဉ်ပိုင်ရှင်တွေကလည်း မိမိယာဉ်ကြံ့ခိုင် ကောင်းမွန်နေဖို့ စစ်ဆေးပြုပြင်ပေးဖို့လိုမယ်။ ယာဉ်ကြောပိတ်ဆို့နေစဉ် ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေက လုံခြုံရေး၊ ဆယ်တင်ရေး၊ ရှင်းလင်းရေး ဆောင်ရွက်နေစဉ် တပ်ဖွဲ့ဝင်တွေရဲ့ညွှန်ကြားပြသတဲ့အတိုင်း ယာဉ်မောင်းတွေကလည်း ယာဉ်ရပ်တန့်ခြင်း၊ မောင်းနှင်ခြင်း စသည်ဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးဖို့လည်း လိုပါတယ်။ နောက်ပြီး ဂုတ်တွင်းနယ်မြေဟာ မြေအနေအထားအရ ယာဉ်ရပ်တန့်ဖို့ ဧရိယာမရှိတဲ့အတွက် စည်းကမ်းတကျ မောင်းနှင်ဖို့ရယ် ယာဉ်မောင်း အချင်းချင်း အတက်အဆင်း နားလည်မှုရှိရှိ၊ ကိုယ့်အတွက်ပဲ မစဉ်းစားဘဲ အတ္တမကြီးဖို့ပဲ လိုအပ်ပါတယ်။

**မေး။ ။ ဖြည့်စွက်ပြောချင်တာလေးတွေ ရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။ ဆယ်တင်ခြင်းနဲ့ ရှင်းလင်းခြင်းမှာ အဓိက မြန်မြန်ဆန်ဆန် ပြီးစီးဖို့ပါပဲ။ အချိန်ကြာလာတဲ့ အမျှ နှစ်ဖက် အတက်၊ အဆင်းယာဉ်တွေ တိုးလာပြီး ယာဉ်ကြောကျပ်တဲ့ အချိန်ပိုကြာလာပါတယ်။ ဒါကြောင့် ယာဉ်မောင်းတွေကလည်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေနဲ့ စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်ပေးပါ။ အထူးသဖြင့် လူစီးကားလေး မောင်းသမားတွေ၊ အိမ်စီးယာဉ်ငယ်မောင်းသူတွေ ကိုယ်ချင်း စာစိတ်ရှိစေချင်ပါတယ်။ ကျော်တက်ပြီး တစ်ဖက်ယာဉ်ကြောပိတ်အောင် ရပ်ထားတာတွေ မလုပ်ပါနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေချင်တယ်။ နောက်ဆုံးအနေနဲ့ မြေအနေအထားပေါ်မူတည်ပြီး ယာဉ်ရပ်နားဖို့နေရာ Car Park တွေ နှစ်ဖက်လမ်းပိုင်းမှာ ဆောင်ရွက်ပေးမယ်ဆိုရင်တော့ ပိုမိုကောင်းမွန်ပါမယ်လို့ အကြံပြုချင်ပါတယ်။

ကျွန်တော်တို့ သတင်းအဖွဲ့လည်း အတက်၊ အဆင်း အစုန်၊ အဆန် သွားလာနေတဲ့ ယာဉ်တွေရယ်။ ဂုတ်တွင်းချောင်းက စီးဆင်းနေတဲ့ ရေသံတိုးတိုးရယ်။ ရဲမှူးပြောတဲ့ "ဂုတ်တွင်းလမ်းပိုင်းဟာ တစ်နေ့ရွှေ တစ်နေ့ငွေ" ဆိုတဲ့ စကားလေးရယ် တွေးတောရင်း ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှု အန္တရာယ်ကင်းဝေးအောင် ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ သုံးဦးသုံးဖလှယ် ပူးပေါင်းကူညီရိုင်းပင်းဆောင်ရွက်ကြပါလို့ တိုက်တွန်းရေးသားလိုက်ပါတယ်။ ခရီးသွားပြည်သူတိုင်း စိတ်ချမ်းသာပြီး လိုရာခရီးသို့ ဘေးကင်းလုံခြုံစွာ ရောက်ရှိနိုင်ပါစေသော်....။

# လိုင်ဗားဆည်သည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအထောက်အကူပြုလျက်ရှိ



**ဟားခါး မတ် ၁၂**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၁၁ ရက်က ဖလမ်းမြို့နယ်ရှိ လိုင်ဗားဆည် ရေလှောင်တမံနှင့် လေးလက်ကျေးရွာကားလမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ၌ ပြည်နယ်ဝန်ကြီးချုပ်က လိုင်ဗားဆည်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိနိုင်မှု ပမာဏနှင့် ဆည်ပတ်ဝန်းကျင်အနီး သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူများ နားလည်အောင် ရှင်းလင်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး လေးလက်ကျေးရွာ ကားလမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ဆက်လက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် လိုင်ဗားကျေးရွာရှိ ကျေးလက်နေ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အမှာစကား ပြောကြားရာ၌ လိုင်ဗားဆည်သည် ဟားခါး၊ ဖလမ်း၊ ထန်တလန်မြို့နယ် သုံးမြို့နယ်တို့ဖြင့် ဆက်စပ်တည်ရှိလျက်ရှိသည်နှင့်အညီ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ အကျိုးတရားများကို ဆောင်ကြဉ်းပေးနိုင်သည့် ဆည်တစ်ခုဖြစ်ကြောင်း၊ ဤဆည်ပတ်ဝန်းကျင်ကို သဘာဝဘေးမဲ့တောကြီး ဖြစ်လာစေရန်နှင့် ပြည်တွင်းပြည်ပ ခရီးသွားများ အနားယူအပန်းဖြေလေ့လာစရာ ဒေသတစ်ခုဖြစ်လာစေရန်မျှော်မှန်းထားကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရရှိပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် အားလုံးတက်ညီ လက်ညီ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

## နေထိုင်မှုပုံစံပြောင်းလဲလာမှုကြောင့် ကလေးများတွင် ကျောက်ကပ်ရောဂါဖြစ်ပွားမှုများလာ

**ရန်ကုန် မတ် ၁၂**

လူတို့၏ နေထိုင်စားသောက်မှုပုံစံ ပြောင်းလဲလာခြင်းကြောင့် ကလေးများတွင် ကျောက်ကပ်ဖြစ်ပွား မှုမှာ ပိုမိုများပြားလာသည်ကို တွေ့ရကြောင်း ရန်ကုန်ကလေးဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စုစုထွေးက ပြောသည်။

ကလေးကျောက်ကပ်ဝေဒနာရှင်များကို ရန်ကုန်ကလေးဆေးရုံကြီးတွင် ဆေးဝါးဖြင့် ဦးစွာကုသပေးလျက်ရှိကြောင်း၊ ဆေးဝါးဖြင့် ကုသ၍မရသော ကျောက်ကပ်ဝေဒနာရှင် ကလေးများအား ကျောက်ကပ်ဆေးပေးလျက်ရှိကြောင်း၊ လောလောဆယ် ဆေးရုံတွင် အချိန်ကြာမြင့်စွာနေ၍ ဆေးရုံတက်ရောက်ကုသနေသော ကလေးကျောက်ကပ်ဝေဒနာရှင် ၂၀ ကျော်ရှိပြီး ပုံမှန် ကျောက်ကပ်လာဆေးနေသော ကလေးမှာ ၂၀၀ မှ ၃၀၀ ကြားရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။



ကလေးများတွင် အများဆုံး ဖြစ်ပွားလေ့ရှိသော ကျောက်ကပ်ရောဂါဖြစ်ပွားပုံ သုံးမျိုးရှိကြောင်း၊ လည်ချောင်းနာ၍ ပိုးဝင်ခြင်း၊ ဆီးထဲတွင် အသား ဓာတ်ပါဝင်မှုများပြားခြင်းနှင့် SLE ဟု ခေါ်သော အရေပြားလေးဖက်နာဖြစ်ခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ လည်ချောင်းနာ၍ ပိုးဝင်ခြင်းမှာ လွယ်ကူလျင်မြန်စွာ ပျောက်ကင်းနိုင်သော်လည်း ဆီးထဲ အသားဓာတ်ပါဝင် ခြင်းမှာ နာတာရှည်ဖြစ်ကြောင်း၊ အနည်းဆုံး ခြောက်လကုသရကြောင်း၊ SLE မှာ နေထိုင်စားသောက်ပုံ ပြောင်းလဲ လာခြင်းကြောင့် ဖြစ်ကြောင်း၊ ကလေးအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ ချိုချိုစန်းက ပြောသည်။

ရန်ကုန်ကလေးဆေးရုံကြီး၌ ကျောက်ကပ်ဝေဒနာရှင်ကလေးများအား ဆေးဝါးဖြင့် ကုသပေးခြင်း၊ ကျောက်ကပ် ဆေးခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိကြောင်း၊ ကျောက်ကပ် အစားထိုးခြင်းကိုလည်း မကြာမီပြုလုပ်နိုင်မည် ဖြစ်ကြောင်း၊ ကျောက်ကပ်ဆေးသည့် သွေးသန့်စင်စက်မှာ ယခင်က တစ်လုံးသာရှိခဲ့ရာမှ ယခုအခါ ခုနစ်လုံးအထိ ရှိနေပြီ ဖြစ်ကြောင်း၊ သို့သော်လည်း ကျောက်ကပ်ဆေးဝါးများမှာ ဈေးကြီးကြောင်း၊ နိုင်ငံတော်မှ တစ်ဝက်၊ ဝေဒနာရှင်ကလေးများမှ တစ်ဝက်ကျခံ သုံးစွဲနေကြောင်း၊ မတတ်နိုင်သော ကလေးများကို ပရဟိတအလှူရှင်များ၊ ဆေးဝါး ကုမ္ပဏီများထံမှ အလှူခံကာ ကုသပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## အချိန်အခါမဲ့မိုးကြောင့် စတော်ဘယ်ရီစိုက်ခင်းအချို့ပျက်စီး

**ပြင်ဦးလွင် မတ် ၁၂**

မတ် ၁၁ ရက်နေ့ညက ရွာသွန်းခဲ့သော အချိန်အခါမဲ့မိုးကြောင့် ပြင်ဦးလွင်မြို့ရှိ စတော်ဘယ်ရီစိုက်ခင်းအချို့ ပျက်စီးခဲ့ရကြောင်း သိရသည်။ ယခုအချိန်သည် ပြင်ဦးလွင်ဒေသ၌ စတော်ဘယ်ရီလှိုင်လှိုင်ပေါ်သည့် ရာသီဖြစ်ပြီး ညက ရွာသွန်းခဲ့သော မိုးသည် ၀ ဒသမ ၀၄ လက်မရှိကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

"စတော်ဘယ်ရီသီးရဲ့သဘောသဘာဝက မိုးရေကိုကြောက်တယ်။ အသီးနဲ့အညှာကို မိုးရေတစ်စက်ထိရင်တောင် အလိုလိုကြွေကျပြီး ပုပ်သွားတတ်တယ်။ အခုနေ့ဟာ မိုးနည်းနည်းများတော့ တချို့စိုက်ခင်းတွေမှာ ပျက်စီးမှုတွေရှိခဲ့တယ်။ တပေါင်းလပြည့်ညော့်သည်အလာများတဲ့ နေ့ဖြစ်နေလို့ တော်သေးတယ်။ အသီးတွေကို မြန်မြန်ခူးပြီး ဈေးကွက်ထဲ အရောက်ပို့လိုက်ရတယ်" ဟု စိုက်ခင်းပိုင်ရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခုနှစ် စတော်ဘယ်ရီသီးတွင် ပြင်ဦးလွင် စတော်ဘယ်ရီဈေးကွက်မှာ စိုက်ခင်းအတွင်း၌ ပေါင်ဝက်ခြင်းတစ်ခြင်းလျှင် ငွေကျပ် ၁၀၀ ကျော်သာရှိပြီး ပြန်လည်ရောင်းချသူများသည် ငွေကျပ် ၃၀၀ မှ ငွေကျပ် ၅၀၀ အထိ ရောင်းချလျက်ရှိနေကြသည်။ ထိုအခြေအနေကြောင့် စိုက်ပျိုးရောင်းချသူတစ်ဦးက "အခုလိုအသီးတွေ ပေါပေါလှိုင်လှိုင်ထွက်နေချိန်မှာ တစ်ဆင့်ပြန်ရောင်းသူတွေအနေနဲ့ ဈေးချပြီး ရောင်းစေချင်တယ်။ ဒါမှလည်း ဝယ်တဲ့သူတွေက များများဝယ်လို့ အသီးတွေကုန်သွားမှာပါ။ အခုသူတို့က ဈေးတက်ရောင်း နေတော့ တချို့စိုက်ခင်းတွေမှာ အသီးတွေပုံနေတယ်။ ဈေးနည်းနည်းနဲ့ အသီးများများ ရောင်းရအောင် လုပ်ဖို့ကောင်းတယ်" ဟု ပြောပြသည်။

**သက်နိုင်(ပြင်ဦးလွင်)**



## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း တို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၀၈ စီး၊ သွင်းကုန် ၉၆၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၉ စီး၊ သွင်းကုန် ၂၃၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၉၆ သန်းခန့်ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၁ ရက်တွင် မြဝတီမှ ရန်ကုန်ဘက်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆပ်ပြာမှုန့်အပါအဝင် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၇ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ကားနှင့်ကားပေါ်ပါလူများ
မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက်
"ကား" တိုင်းတွင် မီးသတ်ဆေးဘူးဆောင်ထားပါ
မီးသတ်ဦးစီးဌာန

## ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်းအလုပ်ရုံဆွေးနွေး

**မကွေး မတ် ၁၂**

တရားမဝင်သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ဖွံ့ဖြိုးရေးဆိုင်ရာနှင့် ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၀ ရက်က မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး၊ သယံဇာတ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က "မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုဟာ ၁၉၇၅ ခုနှစ်မှာ ၆၁ ရာခိုင်နှုန်းရှိရာက ၂၀၁၀ ပြည့်နှစ်မှာ ၄၇ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းကို လျော့နည်းလာကြောင်း၊ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၂၀ အတွင်း သစ်တောဖုံးလွှမ်းမှု နှစ်စဉ်ပျမ်းမျှ ၀ ဒသမ ၉၅ ရာခိုင်နှုန်း ဆုံးရှုံးနေသည်ကိုလည်း သစ်တောသယံဇာတ ကောက်ယူမှုစာရင်းများအရ တွေ့နိုင်ပါတယ်။ သစ်တောပြုန်းတီးမှုကို ဖြစ်စေတဲ့ အကြောင်းအရင်းများမှာ သစ်အလွန်အကျွံ ခုတ်လှဲထုတ်ခြင်းဟာ တစ်ခုအပါအဝင်ဖြစ်လို့ တရားဝင်သစ်အမြောက်အမြား ထုတ်လုပ်တာရော၊ တရားမဝင်သစ် ထုတ်တာရောပါဝင်တယ်။ တရားမဝင်သစ်ထုတ်လုပ်ခြင်းအပြင် ယင်းနှင့်ဆက်စပ်လျက်ရှိတဲ့ သစ်ကုန်သွယ်မှုဟာလဲ အဓိက အခန်းကဏ္ဍက ပါဝင်လျက်ရှိပြီး မြန်မာနိုင်ငံမှာ တရားမဝင်သစ်တွေကို အိမ်နီးချင်းနိုင်ငံတွေအပါအဝင် အခြားနိုင်ငံများကိုလည်း နည်းလမ်းမျိုးစုံနဲ့ တင်ပို့လျက်ရှိနေပါတယ်" ဟု ပြောသည်။

ဆက်လက်၍ FLEGT-VPA တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍ၏ ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်းကို မကွေးတိုင်းဒေသကြီးမှ စိမ်းရောင်စို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး Green Network Sustainable Group ညှိနှိုင်းရေးမှူး ဦးမျိုးမြင့်ဦး(ခ) ဦးအိုလာက ရှင်းလင်းတင်ပြသည်။

FLEGT Action Plan အစီအမံများတွင် တရားဝင်သစ်ကိုသာလျှင် ဝယ်ယူခြင်း (Demand for Legal Timber)နှင့် တရားဝင်သစ်ကိုသာလျှင် ထုတ်လုပ်တင်ပို့ခြင်း (Supply of Legal Timber) တိုးတက်လာစေရန်အတွက် ပုံဖော်ရေးဆွဲထားကြောင်း သိရပြီး FLEGT လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တရားဝင်သစ် ဖြစ်ကြောင်း၊ အာမခံသည့် စနစ်တစ်ခုသတ်မှတ်နိုင်ခြင်း၊ သစ်ထောက်ပံ့ရေးကွင်းဆက်ကို ခြေရာခံသည့် စနစ်တစ်ခု ဖော်ထုတ်နိုင်ခြင်း၊ သစ်တောကဏ္ဍစီမံအုပ်ချုပ်ခြင်းတွင် တိုးတက်ကောင်းမွန်လာနိုင်ခြင်းစသည့် ရလဒ်ကောင်းများ ရရှိလာမှာဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# မံဝိန်းကြီးနယ်မြေအတွင်း တစ်ဖက်နိုင်ငံသားများအား တရားမဝင် သစ်ခိုးထုတ်ရာတွင် အသုံးပြုသော ယာဉ်၊ ယန္တရားမျိုးစုံနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံဝိန်းကြီးနယ်မြေအတွင်း တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် တစ်ဖက်နိုင်ငံသား ၁၁ ဦးနှင့် ယာဉ်၊ ယန္တရားမျိုးစုံ ၉၉ စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် မံဝိန်းကြီးနယ်မြေအတွင်း မြန်မာ့အဖိုးတန် သယံဇာတသစ်များအား တရားမဝင် ခိုးထုတ်နေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် မတ် ၁၁ ရက် နံနက် ၁၀ နာရီခန့်က မံဝိန်းကြီးကျေးရွာအုပ်စု မံမော်ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၇၀၀ ခန့်အကွာ၌ တစ်ဖက်နိုင်ငံသားများဖြစ်သည့် ကော်ဝေးယုတ်၊ ယူချိန့်နှင့် လီကျားရှင်တို့ သုံးဦးကို တရားမဝင် သစ်တင်ယာဉ် ယမ်းဖောင်အမျိုးအစား ၅၈စီး၊ ၁၀ ဘီးယာဉ် လေးစီး၊ ကရိန်းယာဉ် တစ်စီး၊ မြေကော်စက် တစ်စီး စုစုပေါင်း ယာဉ်၊ ယန္တရားမျိုးစုံ ၆၄ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများက ပတ်ဝန်းကျင်တစ်ဝိုက်အား ဆက်လက်ရှင်းလင်းခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် တစ်ဖက်နိုင်ငံသားများဖြစ်ကြသည့် ကိန်ရှန်ဖုန့်၊ လုအပ်ပို၊ လုံဝမ်ကျိန်၊ လျှိုဟန်ချန့်၊ ထန်တယ်ယိ ၊ ရွှီးကျန်၊ ပုယင်ဝေ့နှင့် ချန်ယုလုံတို့ ရှစ်ဦးကို ယမ်းဖောင်အမျိုးအစား ယာဉ်အစီး ၂၀၊ ၁၀ ဘီးယာဉ် ၁၄ စီးနှင့် မြေကော်စက် တစ်စီး စုစုပေါင်း ယာဉ်၊ ယန္တရားမျိုးစုံ ၃၅ စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တစ်ဖက်နိုင်ငံသား ၁၁ ဦးနှင့် တရားမဝင် သစ်တင်ယာဉ် ၉၆ စီး၊ မြေကော်စက် နှစ်စီးနှင့် ကရိန်းယာဉ် တစ်စီး စုစုပေါင်း ယာဉ်၊ ယန္တရားမျိုးစုံ ၉၉ စီးတို့အား မံဝိန်းကြီးနယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံ၍ တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခရမ်းမြို့နယ် မောင်းမကျေးရွာ၌ အမျိုးသမီးနှစ်ဦးအားသတ်ပြီး ရွှေထည်ပစ္စည်းများယူဆောင်သွားသူ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိ



**ရန်ကုန် မတ် ၁၂**

ခရမ်းမြို့နယ် မောင်းမကျေးရွာ၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်က အိပ်ပျော်နေသူ အမျိုးသမီး နှစ်ဦးအား နေအိမ်ပေါ်တက်ရောက်၍ သတ်ပြီး ပစ္စည်းများ ယူဆောင်သွားသူ သိန်းဇော်(ခ)ချစ်ရင်ထူးနှင့် ကျော်စိုးနိုင်(ခ) ကုလားတို့ နှစ်ဦးကို မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်းမကျေးရွာနေ မဖြူနှင်းဝေနှင့် မစန္ဒာဝင်းတို့သည် ဓားဒဏ်ရာများဖြင့်သေဆုံးနေပြီး မဖြူနှင်းဝေ ဝတ်ဆင်ထားသော ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေဆွဲသီးတစ်ခု၊ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေလက်ကောက်တစ်ကွင်း၊ HUAWEI G 730 အမျိုးအစား ဆင်းကတ်ပါ အဖြူရောင်လက်ကိုင်ဖုန်း တစ်လုံး၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀ ပါ ဆုံးရှုံးသွားသဖြင့် ပြစ်မှုကျူးလွန်သူအား အရေးယူပေးရန် တိုင်တန်းချက် အရ ခရမ်းမြို့မရဲစခန်းက အမှုဖွင့်ကာ စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ မသင်္ကာသူများနှင့် ပြစ်ချက်ဟောင်းရှိသူများအား စဉ်ဆက်မပြတ် သတင်းရယူ စုံစမ်းဆောင်ရွက်ခဲ့ရာ မောင်းမကျေးရွာနေ ကျော်စိုးနိုင်(ခ)ကုလားသည် အခင်းဖြစ်စဉ်ညက ဆိုင်ကယ်တစ်စီးဖြင့် သွားလာမှုများရှိခဲ့ကြောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက်နေ သိန်းဇော်(ခ) ချစ်ရင်ထူးနှင့်အတူ ပန်းရန်အလုပ်လုပ်ကိုင်ခဲ့ဖူးပြီး လွန်ခဲ့သော သုံးလကျော်ခန့်က ဆိုင်ကယ်တစ်စီးဖြင့် အတူတကွ သွားလာတတ်ကြောင်း၊ သိန်းဇော်(ခ) ချစ်ရင်ထူးမှာလည်း ယခင်က ထောင်ကျဖူးသူဖြစ်သည့်အပြင် လွန်ခဲ့သောသုံးလခန့်က ရွှေထည်များကို ရောင်းချခဲ့ကြောင်း စသည့် စုံစမ်းရရှိသော သတင်းများကို အခြေခံ၍ သိန်းဇော်(ခ)ချစ်ရင်ထူးအား ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၈) ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်၌ မတ် ၁၀ ရက်တွင် လည်းကောင်း၊ ကျော်စိုးနိုင်(ခ) ကုလားအား မတ် ၁၁ ရက်တွင် လည်းကောင်း ခရမ်းမြို့နယ် မောင်းမကျေးရွာ၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့အား စစ်ဆေးချက်အရ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက သိန်းဇော်(ခ)ချစ်ရင်ထူးသည် နေအိမ်၌ ရှိနေစဉ် ကျော်စိုးနိုင်(ခ) ကုလားရောက်ရှိလာပြီး ၎င်းသည် မောင်းမကျေးရွာ၌နေထိုင်စဉ် အခင်းဖြစ်နေအိမ်အား ကျူးကျော်ဝင်ရောက်ခဲ့သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များဖြင့်ဖြေရှင်းခဲ့ရသည်ကို မကျေနပ်ကြောင်း၊ အဆိုပါ နေအိမ် တွင် ငွေကျပ်သိန်း ၁၀၀ ခန့်ရှိပြီး သွားရောက်ခိုးယူပါက အဆင်ပြေနိုင်ကြောင်း ပြောဆိုတိုင်ပင်ခဲ့ကြကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက် ည ၁၁ နာရီခန့်တွင် ၎င်းတို့နှစ်ဦးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ခရမ်းမြို့နယ် မောင်းမကျေးရွာရှိ အခင်းဖြစ်နေအိမ်သို့ ဆိုင်ကယ်ဖြင့် သွားရောက်ကာ ကျော်စိုးနိုင် (ခ)ကုလားက နေအိမ်အနီးရှိ တာပေါင်ပေါ်၌ ဆိုင်ကယ်ဖြင့် စောင့်နေခဲ့ကြောင်း၊ သိန်းဇော်(ခ) ချစ်ရင်ထူးက နေအိမ် ဝရန်တာသို့ အနီးရှိသစ်ပင်မှ တစ်ဆင့် ဝင်ရောက်ခဲ့ပြီး အိပ်ခန်း အတွင်းရှိဗီရိုများ အားဖွင့်၍ ပစ္စည်းများလိုက်ရှာစဉ် အိပ်ပျော်နေသော အမျိုးသမီးတစ်ဦး နိုးလာပြီး "ဘယ်သူလဲ"ဟု မေးသဖြင့် အသင့်ယူဆောင်လာသော ဓားဖြင့်ထိုးခဲ့ကြောင်း၊ ကျန်အမျိုးသမီးတစ်ဦးမှာလည်း နိုးလာသဖြင့် ၎င်းကဓားဖြင့် ထပ်မံထိုးခဲ့ပြီး အမျိုးသမီးတစ်ဦး ဝတ်ဆင်ထားသော ရွှေထည်လက်ဝတ်လက်စားများနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ယူဆောင်၍ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရသည်။ စစ်ဆေးပေါ်ပေါက်ချက်များအရအသုံးပြုခဲ့သည့် သက်သေခံ ဓား၊ ဆိုင်ကယ်နှင့် ပါဆုံးသွားသော ရွှေထည် ပစ္စည်းများနှင့် လက်ကိုင်ဖုန်းတို့အား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ၎င်းတို့ နှစ်ဦးအား အမှုဖြင့် ဆက်လက်အရေး ယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၂၅၇၆၄ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ Thiri Tayza Min Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ သိမ်ချောင်းရွာမ၊ ကွင်းအမှတ်(၄၄၁)၊ ဦးပိုင်အမှတ်(၃၆/၁)၊ ဧရိယာ ၁၉ ဒသမ ၀၇ဧကရှိ ဦးစံမြင့် အမည်ပေါက် လယ်မြေများနှင့် ယင်းလယ်မြေများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးနှင့် ၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ သိမ်ချောင်းရွာမ၊ ကွင်းအမှတ်(၄၄၁)၊ ဦးပိုင်အမှတ်(၃၆/၂)၊ ဧရိယာ ၈ဒသမ၁၉ဧကရှိ ဦးပျော့အမည်ပေါက်လယ်မြေများနှင့် ယင်းလယ်မြေများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးပျော့(ကွယ်လွန်)၏သားဖြစ်သူ၊ ဒေါ်စိန်အေး၏တူတော်စပ်သူ၊ ယင်းလယ်မြေများအား အမွေဆက်ခံပိုင်ဆိုင်သူ ဦးမောင်ဇော် ၁၂/ဒဂတ(နိုင်)၀၀၇၇၀၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းလယ်မြေများနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၄၄)**
**အမှတ်(၄၁၄)၊ ပုလဲ(၂)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၃၈၂၃၀၂၊ ၀၉-၇၉၁၂၃၅၄၁၀**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် EE/5248 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး)**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၁၃)၊ အမှတ်-၅/၄ က ဟုခေါ်တွင်သော အလျား× အနံ(၃၉'× ၄၅')ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ငယ်ငယ်ထွန်း (၁၂/ကမတ(နိုင်)၀၆၂၂၂၂)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစောတာကာပေါ်(LLB., D.B.L., D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၈၀၀၃၃၂၄

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇C/၂၄၈၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ/တောင်) ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၃၈၇နေ ဦးရန်နိုင်ကို (ဘ) ဦးမောင်မောင်တင် ၁၂/သဃက(နိုင်)၁၅၇၈၈၅ မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၇-၃-၂၀၁၇ ရက်စွဲဖြင့် ၃၀၃၇/၂၀၁၇အရ မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

Royal Rangoon MODEL MANAGEMENT

ကျွန်ုပ်၏မိတ်ဆွေက အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိ Model Agency တွင် မူပိုင်အဖြစ် အသုံးပြု၍ ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့်ပင် ဖက်ရှင်ရှိုးပွဲများ၊ Mr & Mrs. ပြိုင်ပွဲများ ပြုလုပ်ရာတွင်လည်းကောင်း၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းပုံစံအမျိုးမျိုး၊ စက္ကူသားအမျိုးမျိုး၊ ပလတ်စတစ်သားအမျိုးမျိုး၊ အဝတ်ပိတ်သားအမျိုးမျိုး၊ သားရေနှင့် ရော်ဘာသားအမျိုးမျိုး၊ သစ်သားအမျိုးမျိုးတို့အပေါ်တွင်လည်းကောင်း ရိုက်နှိပ်၊ ဖိနှိပ်၊ ထွင်းနှိပ်၊ ကပ်နှိပ်၊ ဖောင်းကြွ၊ ကပ်နှိပ်ခြင်းတို့အပြင် အသားတံဆိပ်ကပ်နှိပ်ပြုလုပ်ခြင်းတို့ဖြင့် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ မူပိုင်အဖြစ်အသုံးပြုလျက်ရှိသော အဆိုပါတံဆိပ်အမည်အမှတ်အသားကို မိမိတို့ Agency မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပ ပြုလုပ်သုံးစွဲနေသူများကို တွေ့မြင်ကြားသိရပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများတောင်းဆိုသွားရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ ထိရောက်စွာတရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထွန်း (စဉ်-၄၁၇၃၄)**
**အထက်တန်းရှေ့နေ**
**အမှတ် ၁၅၀/၁၊ သန္တာလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၀၂၃၄**

# ကျွန်တော်နဲ့ပေါက်ပင်ဘာကြောင့် ကိုင်း



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ငယ်ငယ်တုန်းက ကြားဖူးခဲ့တဲ့ ပေါက်ပင်ဘာကြောင့် ကိုင်းရသလဲဆိုတဲ့ စကားပုံကို အမှတ်ရမိတယ်။ ဗျိုင်းနားလို့ ကိုင်းရတယ်။ ဗျိုင်းဘာကြောင့်နား ငါးပေါ်လို့ နားရတယ်။ ငါးဘာကြောင့်ပေါ် ကျွဲလူးလို့ပေါ်ရတယ်။ ကျွဲဘာကြောင့်လူး ဖြုတ်ကိုက်လို့ လူးရတယ်။ ဖြုတ်ဘာကြောင့်ကိုက်-မိုးရွာလို့ကိုက်ရတယ်။ မိုးဘာကြောင့်ရွာ ဖားအော်လို့ရွာရတယ်။ ဖားဘာကြောင့်အော် မြွေကိုက်လို့ အော်ရတယ်။ မြွေဘာကြောင့်ကိုက် ငါ့ဝမ်းပူစာမနေသာလို့ ကိုက်ရတယ်။ ရုတ်တရက်ကြည့်ရင် ကလေးတွေအတွက်သာ ဖြစ်ပေမယ့် အမှန်တော့ စီမံခန့်ခွဲမှုပညာအတွက် အလွန်အရေးကြီးလှတဲ့ ဇာစ်မြစ်ရှာဖွေဆန်းစစ်မှုပဲဖြစ်တယ်။ ပေါက်ပင်ဘာကြောင့် ကိုင်းရသလဲဆိုတာကို ဗျိုင်းနားလို့ဆိုတာနဲ့ မကျေနပ်ဘဲ အကြောင်းရင်းကို သိအောင်ဆက်စပ်ပြီး မေးခွန်းတွေမေးနိုင်မှ အကြောင်းရင်းကို သိနိုင်မှာဖြစ်တယ်။ ဂျပန်တွေက၊ ဘာကြောင့်လဲဆိုပြီး ပြဿနာရဲ့ဇာစ်မြစ်သိနိုင်အောင် ငါးကြိမ်မေးရတယ်လို့ပြောကြတယ်။ ဗျိုင်းဘာကြောင့်နားရသလဲဆိုရင် မြန်မာတွေက ခုနစ်ကြိမ်တောင်မေးတာမို့ ပိုပြီး အနုစိတ်ကြောင်းသိသာပါတယ်။

ပြဿနာတစ်ခုကို သုံးသပ်ရင် ချက်ချင်းမြင်သာထင်သာတာနဲ့ မကျေနပ်ဘဲဒီပြဿနာဘာကြောင့်ဖြစ်ရသလဲဆိုတာကို အသေးစိတ်ဆန်းစစ်ဖို့ အလွန်အရေးကြီးလှပါတယ်။ အပေါ်ယံအကြောင်းအချက်ကိုမှီပြီး သုံးသပ်ရင်ပြီးပြည့်စုံမှု ရှိနိုင်မှာ မဟုတ်ပါဘူး။ လူနာတစ်ဦး ကိုယ်ပူနေတာကို အပေါ်ယံကြည့်ပြီး ဆေးပေးလို့ မဖြစ်ပါဘူး။ ကိုယ်ပူရတဲ့ အကြောင်းရင်းကို သိအောင်စစ်ဆေးမှုတွေပြုပြီးမှ ဘာကြောင့်ကိုယ်ပူရသလဲကိုသိရင် သင့်မြတ်တဲ့ဆေးဝါးကို ပေးနိုင်မှာဖြစ်တယ်။

ရန်ကုန်မြို့မှာ ယာဉ်ကြောတွေကျပ်တဲ့ဒုက္ခကို နေ့တိုင်းလိုလိုရင်ဆိုင်နေကြရတယ်။ ဘာကြောင့် ယာဉ်ကြောတွေ အခုလိုကျပ်ရတာလဲ အကြောင်းရင်းတွေက မျိုးစုံ။ ကားတွေကို မဆင်မခြင်သွင်းခဲ့တာကလည်း အခြေခံအကြောင်းရင်းတစ်ခု။ တစ်ချိန်က ကားတွေဟာ မလိုအပ်ဘဲ အဆမတန်ဈေးကြီးအောင် စီမံထားခဲ့တယ်။ ဒီလိုဆောင်ရွက်တာကို စီးပွားရေးသီအိုရီအရ (rent seeking)လို့ သတ်မှတ်တယ်။ လွယ်လွယ်ပြောရရင် အိမ်ရှင်က အိမ်ငှားခကို မိမိကြိုက်သလို မြှင့်ထားတာ။ ဒီအကြောင်းစဉ်းစားရင် အခုအချိန်အထိ ရင်ထဲမှာ နာကျင်နေမိတယ်။ မြန်မာပြည်ပြန်ရောက်တော့ သုံးစရာလက်ကိုင်ဖုန်းမရှိတော့ ပါမစ်ရတဲ့သူဆီကတစ်ဆင့် ၂၅ သိန်းနဲ့ ဝယ်ခဲ့ရတယ်။ အခုတော့ကျပ် ၁၅၀၀ ပဲရှိတော့တယ်။ တကယ်တန်တဲ့ငွေကျပ် ၁၅၀၀ နဲ့ ၂၅ သိန်း ကြား ကွာဟာမှုကို ပါမစ်ရှိသူတွေ၊ ပါမစ်ချပေးသူတွေအတွက် အကျိုးအမြတ်အကြီးအကျယ်ရခဲ့တယ်။ ကားမှာလည်း ဒီလိုပဲ ပါမစ်ရသူတွေအတွက် သိန်း ၁၀၀ လောက်တန်တဲ့ စူဇူကီးကို ကျွန်တော်က သိန်း ၆၅၀ နဲ့ဝယ်ခဲ့ရတယ်။

ကားတွေကို လွယ်လွယ်ကူကူသုံးကြည့်လိုက်တဲ့အခါ လူတိုင်းက ကျေနပ်ကြတယ်။ အရင်တုန်းက ကားမဝယ်နိုင်သူတွေက ဝယ်နိုင်တဲ့အခြေအနေ ရောက်ခဲ့တာပါ။ ကျေနပ်နေကြတယ်။ သိန်း ၁၀၀ လောက်ရှိရင် ကားတစ်စီးဝယ်စီးနိုင်ပြီ။ ဒါပေမယ့် အခုလို ဝယ်နိုင်တဲ့ကားတွေက အဟောင်းတွေ၊ တစ်ပတ်နွမ်းတွေ၊ များသောအားဖြင့် ဂျပန်နိုင်ငံက သွင်းခဲ့တာ။ အမှန်တော့ ဂျပန်ပြည်က အမှိုက်တွေကို ကိုယ့်နိုင်ငံကို ကျေကျေနပ်နပ်နဲ့ သယ်လာတာဖြစ်တယ်။ အငှားယာဉ်အရေအတွက်ကိုလည်း စဉ်းစဉ်းစားစားနဲ့ ခွင့်ပြုတာမဟုတ်တဲ့အတွက် အဆမတန်များနေတာ။ ယာဉ်ကြောပိတ်တာလည်း မဆန်းလှပါဘူး။ တစ်ဖက်ကလည်း ရန်ကုန်မြို့ရဲ့ လမ်းတွေဟာ အရင်အတိုင်း အသစ်တွေ မဖောက်နိုင်ဘူး။ လမ်းနဲ့ယာဉ်မမျှတဲ့ ပြဿနာ။

လူတွေနဲ့ စည်းကမ်းမရှိမှုဟာလည်း ပြဿနာတစ်ရပ်။ အငှားယာဉ်တွေဟာ ခရီးသည်မြင်တာနဲ့ ကြိုက်တဲ့နေရာမှာ ထိုးရပ်တော့တာပဲ။ အရှေ့အနောက်မကြည့်။ ကိုယ့်ရဲ့လုပ်ရပ်ကြောင့် ဘယ်လိုဖြစ်မယ်ဆိုတာ မစဉ်းစားဘဲ တစ်ကိုယ်ကောင်းဆန်ဆန်ပြုမူကြတာ။ ခရီးသည်တွေအနေနဲ့ကလည်း ကိုယ့်အတွက်အဆင်ပြေမှုကိုသာကြည့်ပြီး ကားတွေကိုတားပြီး တက်စီး။ မစီးခင်ဈေးတွေဆစ်။ ယာဉ်ကြောတွေပိတ်တာ မဆန်းလှဘူး။ ယာဉ်ထိန်းရဲဦးရေကလည်း မလုံလောက်တော့ အခြေ အနေတွေကပိုဆိုးလာ။ ဒီနေရာမှာ ဓမ္မစေတီလမ်းမှာ တာဝန်ကျတဲ့ ယာဉ်ထိန်းရဲ ကိုခင်မောင်မြင့်။ သူ့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေ အတော်ပြေလည်နိုင်တာ။ သူရှိရင်လူတိုင်းက စိတ်ချတယ်။ သူကပြဿနာကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ် နိုင်တယ်။ ကျွန်တော်က ခင်မောင်မြင့်လို လူတွေအများကြီး မွေးထုတ်စေချင်တယ်။ သူ့ကိုအခုလို တာဝန်ပေးမယ့်အစား နည်းပြခန့်ပြီး ကျန်တဲ့ယာဉ်ထိန်းရဲတွေကို ပြသစေချင်တယ်။ အမှန်တော့သူ့ကို အရာရှိရာထူးပေးပြီး ချီးမြှောက်သင့်တာ။

ယာဉ်ကြောပိတ်ဆို့ရတဲ့ အကြောင်းရင်းတွေကို သုံးသပ်လေ့လာပြီး မကြာမီက (YBS) စနစ်ကို အကောင်အထည်ဖော်ခဲ့တယ်လို့ မျှော်လင့်မိတယ်။ ဒီစနစ်သစ်ကို ဖော်ထုတ်တဲ့နေရာမှာ လိုအပ်တဲ့သုတေသနတွေကို အခြေခံပြီး ဆောင်ရွက်ခဲ့စေဖို့ ဆုတောင်းမိတယ်။ အကြောင်းအရင်းက တစ်ခု အဖြေက တစ်မျိုး မဖြစ်စေချင်ဘူး။ စီးပွားရေးနယ်ပယ်မှာလည်း အခုလို ပဲကြုံတွေ့နေရတယ်။ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းနေတယ်။ ကုန်ဈေးနှုန်း တက်နေတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မျှော်လင့်သလောက် မဝင်ခဲ့ဘူး။ ဒီစီးပွားရေးစိန်ခေါ်မှုတွေ ဘာကြောင့်ဖြစ်သလဲဆိုတာကို စနစ်တကျသုံးသပ်ဖို့ အရေးကြီးတယ်။ သုံးသပ်တဲ့နေရာမှာလည်း အရှိကိုအရှိတိုင်း ဆန်းစစ်နိုင်စွမ်းရှိရမယ်။ ဆန်းစစ်မှုတွေဟာလည်း သုတေသနကို အခြေခံ ရမယ်။ လက်တန်းအဖြေရှာလို့ မဖြစ်ဘူး။ မေးခွန်းတွေ အကြိမ် ကြိမ်မေးပြီး ဇာစ်မြစ်ကိုသိအောင် စိတ်ရှည်ဖို့လိုတယ်။ "အနာသိမှ ဆေးရှိမှာ" အခုတော့ တချို့နေရာတွေမှာ ဗျိုင်းနားလို့ဆိုတဲ့ အဖြေနဲ့ ရပ်နေတာမြင်ရတယ်။ အပေါ်ယံသုံးသပ်ပြီး အဖြေတွေကို လွယ်လွယ်ကူကူပေးတတ်ကြတယ်။

သတင်းစာထဲမှာ ဝမ်းနည်းဖွယ်သတင်းတွေ မကြာခဏကြားရတယ်။ ကလေးသူငယ်တွေနဲ့ ပတ်သက်ပြီး မတော်မရာလုပ်တဲ့ကိစ္စတွေ နေ့စဉ်လိုလို ကြားရတယ်။ ရုတ်တရက် ဒီသတင်းတွေဖတ်လိုက်ရတော့ အခုချိန်မှာ အမှုတွေအရင်ထက်ပိုများလာသလိုဖြစ်တာမို့ စိတ်ပူမိတယ်။ ဒါပေမယ့် အရင်တုန်းကမရှိတာ မဟုတ်ဘဲ မသိတာလည်းဖြစ်နိုင်တယ်။ အခုမှ ပွင့်လင်းမြင်သာမှုရှိလာတာမို့ ခဏခဏ သတင်းထဲပါလာတာဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် အခုလိုဖြစ်တာဟာ ကောင်းတဲ့ကိစ္စတော့ မဟုတ်ဘူး။ အပြစ်ကျူးလွန်တဲ့ သူတွေကို ပြင်းပြင်းထန်ထန် အရေးယူလိုတဲ့ဆန္ဒတွေရှိတယ်။ အရေးကြီးတာက ဘာကြောင့် အခုလိုဖြစ်ရတာလဲ။ ဇာစ်မြစ်ရှာဖွေနိုင်ဖို့ လိုအပ်တယ်။ လူမဆန်တဲ့-အတွေး၊ အပြုအမူတွေဖြစ်ရတဲ့နောက်ကွယ်တွေမှာ အကျိုးအကြောင်းတွေရှိမှာ။ ဒီအကြောင်းတွေကို သိနိုင်ရင် နောင်မဖြစ်အောင် နည်းလမ်းတွေ၊ အဖြေတွေရှာနိုင်မှာ ဖြစ်တယ်။ အခုလို ဇာစ်မြစ်အဖြေရှာဖွေမှုဟာ အမှန်တော့အကြောင်းအကျိုးဆန်းစစ်မှုပဲဖြစ်တယ်။ အကြောင်းအကျိုးကို သိရင် အဖြေရှာနိုင်မှာဖြစ်တယ်။ အခုချိန်မှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး စိန်ခေါ်မှုတွေ ရင်ဆိုင်နေရတယ်။ ဒီစိန်ခေါ်မှုတွေမှာ ဇာစ်မြစ်အကြောင်းရင်းတွေ ရှိတယ်။ ပဋိပက္ခဖြစ်ရတဲ့ နောက်ကွယ်မှာ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး အကြောင်းအမျိုးမျိုးရှိတယ်။ ဒီအကြောင်းတွေကို ဖော်ထုတ်နိုင်ရင် အဖြေရှာလို့ရမယ်လို့ ယူဆမိတယ်။ ကျွန်တော်သင်ကြားတဲ့ စီမံခန့်ခွဲမှုပညာမှာ ပြဿနာအဖြေရှာဖွေမှုကို အထူးပြုလေ့လာခဲ့တယ်။ အဖြေရှာဖွေပြီးရင် လိုအပ်တဲ့ အဆုံးအဖြတ်တွေပေးနိုင်မှာ။ ဒါကြောင့်လဲ အဆုံးအဖြတ်ပေးတဲ့နေရာမှာ ချက်ချင်းလက်ငင်း ပေါ်လာတာကို တုံ့ပြန်ပြီး မစဉ်းစားဘဲ စိတ်ရှည်ရှည်နဲ့ အဖြေ ထုတ်နိုင်ဖို့ အရေးကြီးတယ်။ အရင်လိုရင် အနှေးဖြစ်တတ်တယ်။ ဒီလိုပြောပေမယ့် တစ်ဖက်ကလည်း ချီတုံချတုံလုပ်လို့လည်း မသင့်ဘူး။ လုပ်စရာရှိတာကို ရဲရဲဝံ့ဝံ့လုပ်ရဲဖို့ လိုတယ်။ လုပ်တဲ့အခါမှားတာလည်းရှိနိုင်တယ်။ မှားတာကို ကြောက်နေရင် ဘာမှလုပ်ဖြစ်မှာ မဟုတ်ဘူး။ တာဝန်ရှိတာမို့ တာဝန်ယူရမှာပါပဲ။ မယူရဲရင် ဒီတာဝန်ကို မယူသင့်ဘူး။ ကျွန်တော်ကတော့ စွန့်ထွင်ဦးစီးမှုကို အားပေးတာမို့ စွန့်စားမှုကို လက်ခံစေချင်တယ်။ လက်ရှိအနေထားမှာ စွန့်ရဲသူတွေရှားနေသလို ခံစားရတယ်။ ကိုယ်လုပ်ရမယ့် အလုပ်ကိုမလုပ်ဘဲ အထက်ကိုပဲ တင်ပြနေလို့ မဖြစ်ဘူး။ အထက်ကိုတင်ပြတာဟာ ကိုယ်လွတ်ရုန်းတာမျိုး မဖြစ်စေချင်ဘူး။

ပေါက်ပင်ဘာကြောင့်ကိုင်းရသလဲဆိုတာကို စီမံခန့်ခွဲမှုပညာမှာ သင်ဖို့လိုလိမ့်မယ်။ အမှန်တော့ ပေါက်ပင်ကိုင်းရတဲ့အဖြစ်ဟာ အလွန်မှတန်ဖိုးရှိလှတဲ့ အရာဖြစ်တယ်။ အပေါ်ယံကြည့်ပြီး ခပ်ပေါ့ပေါ့ မစဉ်းစားဘဲ တာဝန်ရှိသူတိုင်း ဦးထိပ်ထားသင့်တဲ့ စာပုဒ်ဖြစ်ပါတယ်။ တစ်ခါတလေ ကျွန်တော်တို့က နိုင်ငံခြားက အရေးအသားတွေ၊ အတွေးအခေါ်တွေကို အထင်ကြီးကြတယ်။ ကိုယ့်ယဉ်ကျေးမှု ၊ ကိုယ့်ရေမြေသဘာဝနဲ့ ကိုက်ညီတာတွေကို မျက်ကွယ်ပြုလေ့ရှိတယ်။ အလေးထားစေချင်တဲ့ဆန္ဒနဲ့ မျှဝေရခြင်းဖြစ်ပါတယ်။

**ပေါက်ပင်ဘာကြောင့် ကိုင်းရသလဲဆိုတာကို ဗျိုင်းနားလို့ဆိုတာနဲ့ မကျေနပ်ဘဲ အကြောင်းရင်းကို သိအောင်ဆက်စပ်ပြီး မေးခွန်းတွေ မေးနိုင်မှ အကြောင်းရင်းကို သိနိုင်မှာဖြစ်တယ်။ ဂျပန်တွေက၊ ဘာကြောင့်လဲဆိုပြီး ပြဿနာရဲ့ဇာစ်မြစ်သိနိုင်အောင် ငါးကြိမ်မေးရ တယ်လို့ ပြောကြတယ်။ ဗျိုင်းဘာကြောင့် နားရသလဲဆိုရင် မြန်မာတွေက ခုနစ်ကြိမ်တောင်မေးတာမို့ ပိုပြီး အနုစိတ်ကြောင်းသိသာ**

## သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီး အဆင့်နှစ်ဆင့် သတ်မှတ်ကျင်းပမည်

**ရန်ကုန် မတ် ၁၂**

ဆဋ္ဌမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီးကို လာမည့် ဧပြီလဆန်းပိုင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရေးဖြေစာမေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ ပြန်ကြားရေးတာဝန်ခံ ဆရာတော်အရှင် နန္ဒမာလာက ပြောသည်။

"ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်ဖို့ရည်ရွယ်ပြီး နှစ်စဉ်ဒီပြိုင်ပွဲကြီးကို ကျင်းပလာခဲ့တာ၊ အခုနှစ်ဆိုရင် (၆)ကြိမ်မြောက်ရှိသွားပြီ ဖြစ်ပါတယ်။ ဒီနှစ်မှာတော့ မူလတန်းအဆင့်နဲ့ အလယ်တန်းအဆင့်ဆိုပြီး အဆင့်နှစ်ဆင့် ခွဲခြားပြီး ကျင်းပသွားမှာဖြစ်ပါတယ်။ မူလတန်းအဆင့်ကတော့ သုံးတန်းဖြေပြီး၊ လေးတန်းဖြေပြီးနဲ့ ငါးတန်းဖြေပြီး ကျောင်းသား ကျောင်းသူတွေဝင်ရောက် ဖြေဆိုရမှာဖြစ်ပါတယ်။ အလယ်တန်းအဆင့်ကတော့ ခြောက်တန်းဖြေပြီး၊ ခုနစ်တန်းဖြေပြီးနဲ့ ရှစ်တန်းဖြေပြီး ကျောင်းသားကျောင်းသူတွေ ဖြစ်ပါတယ်။ မူလတန်းအဆင့်ကတော့ ရေးဖြေတစ်ခုတည်းသာရှိပြီး တစ်နိုင်ငံလုံးမှာ အမှတ်အများဆုံး ငါးဦးကိုရွေးချယ်ပြီး ဆုချီးမြှင့်ပေးအပ်သွားမှာ ဖြစ်ပါတယ်။ အလယ်တန်းအဆင့်ကတော့ တစ်နိုင်ငံလုံး အမှတ်အများဆုံးရတဲ့ ကျောင်းသား ကျောင်းသူ ၅၀ခန့် ရွေးချယ်ပြီး ဗဟိုအဆင့်အဖြစ် မေ ၅ ရက်မှာ ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲတွေကို ဝင်ရောက်ဖြေဆိုပြီး အမှတ်အများဆုံးကလေးတွေကို ဆုရွေးချယ်ချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဆရာတော်အရှင်နန္ဒမာလာက (စကားဝါ)လမ်းရှိ မင်းကွန်းတိပိဋကကျောင်းတော်၌ ပြုလုပ်သော သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။

မေ ၅ ရက်တွင် ဗဟိုအဆင့် ပြိုင်ပွဲကြီးအတိုင်မီ တစ်ပတ်အလိုတွင် အလယ်တန်းအဆင့် ရေးဖြေအမှတ်အများဆုံး ကလေး ၅၀ခန့်အား ရန်ကုန်မြို့သို့ ခေါ်ဆောင်၍ ဗုဒ္ဓဝင်ခြောက်တွဲ ရှစ်အုပ်ကို ဆရာတော်များက အနီးကပ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီး ကျင်းပသည့်နေ့ မေ ၅ ရက်တွင် မေးခွန်းများကို ကောင်းစွာ ဖြေဆိုနိုင်ပြီး အမှတ်အများဆုံး ကလေးများကို ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းနေ့၌ပင် မူလတန်းအဆင့်ရေးဖြေ အမှတ်အများဆုံး ကလေးငါးဦးကိုလည်း ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၅၀၀၀ ခန့် ဝင်ရောက်ဖြေဆိုလိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။




**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## သန့်ရှင်းသာယာလှပရေး မိုင်းယုပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်

**မိုင်းယု မတ် ၁၂**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့၌ ဌာနဆိုင်ရာများ၊ မြို့မရပ်ကွက်နှင့် ဒေါင်းနေကျေးရွာနေ ဒေသခံပြည်သူ စုစုပေါင်း ၆၀ ခန့်သည် မတ် ၁၁ ရက်က နံနက် ၈ နာရီတွင် မြို့ပတ်ဝန်းကျင် လေကောင်းလေသန့်ရရှိစေရန်နှင့် အနံ့ဆိုးများကင်းဝေးစေရန်အတွက် မြို့ပတ်လမ်းတစ်လျှောက် ရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် ရှုံ့နုန်းများ ဆယ်ယူခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**မိုင်းယု(မြန်/ဆက်)**

# လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ထိပ်သီးညီလာခံ ကျင်းပမည်



ရှမ်းပြည်နယ် ရွာငံမြို့နယ်မှ လက်ဖက်တောင်သူတစ်ဦး လက်ဖက်လှမ်းနေစဉ်

လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးမှလက်ဖက်တောင်သူများ၊ ကုန်သည်များနှင့် ထိပ်သီးညီလာခံတစ်ရပ်ကို မတ် ၁၀ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ရွာငံမြို့နယ် လက်ဖက်အစုအဖွဲ့ ဥက္ကဋ္ဌဦးမောင်နုက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လက်ဖက်ကို စီမံကိန်းသီးနှံအဖြစ်သတ်မှတ်ကာ နည်းပညာနှင့် ငွေကြေးအကူအညီများပေးရန် အစိုးရထံစာပို့တောင်းဆိုသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် လက်ဖက်စိုက်တောင်သူများထံမှ သိရသည်။

“ ကျွန်တော်တို့လက်ဖက်က ဒီမှာကိုယ့်ဘာသာလက်လှမ်းမီတဲ့ နည်းစနစ်လေးတွေနဲ့ စိုက်ပျိုးနေကြတာ။ အစိုးရရဲ့စီမံကိန်းသီးနှံအဖြစ်သတ်မှတ်ပြီး ကူညီမှုတွေပေးရင် ပိုကျယ်ပြန့်အောင်မြင်လာမယ်။ အဲ့ဒါကြောင့် တောင်းဆိုသွားမှာပါ” ဟု ၎င်းက ပြောသည်။ လက်ရှိမြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးတွင် ဘိန်းအစားထိုးအနေဖြင့် လက်ဖက်စိုက်ပျိုးလိုပါက နည်းပညာနှင့် မျိုးများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလက်ဖက်အသင်းမှ ထုတ်ပြန်ကြေညာထားသည်။

ဘိန်းအစားထိုး လက်ဖက်စိုက်ပျိုးလိုသော ကျေးရွာတစ်ရွာချင်းစီတွင် လက်ဖက်စိုက်ဧက ၁၀၀ ကျော်ရှိရမည်ဖြစ်ပြီး ကျေးရွာလူဦးရေ၏ ၇၅ ရာခိုင်နှုန်းက သဘောတူညီရန် လိုအပ်ကြောင်း မြန်မာနိုင်ငံလက်ဖက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သီဟက ပြော သည်။ ယင်းကဲ့သို့ ကူညီထောက်ပံ့ရာတွင် လက်ဖက်စိုက်တောင်သူများအား မိရိုးဖလာ လက်ဖက်စိုက်ပျိုးနည်းများမဟုတ်ဘဲ အထွက်တိုးစေမည့် နည်းစနစ်များကိုလည်း သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

**ဖြိုးလွင်အောင်(AMIA) ဓာတ်ပုံ -ကေဇူး(AMIA)**

## ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့်သီးနှံများ

ဒီတစ်ပတ်မှာ ပြည်ပကိုအဓိကတင်ပို့နေတဲ့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံ (RC) ဟာ ပြန်လည်ဈေးတက်လာပါတယ်။ ပဲတီစိမ်းဟာလည်း ပြီးခဲ့တဲ့အပတ်က ဈေးငြိမ်နေပေမယ့် ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။ နှမ်းမျိုးစုံထဲက နှမ်းညိုနဲ့ နှမ်းနက်ဟာ အတက်ဈေးနဲ့ရှိနေပေမယ့် နှမ်းနက်(စမုံ)ကတော့ ဈေးအနည်းငယ်ကျသွားပါတယ်။ ကျန်နှမ်းတွေကတော့ ဈေးငြိမ်တာကိုတွေ့ရပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံနီ (RC)ဈေး ပြန်လည်မြင့်တက်လာ**

မတ်လပထမအပတ်မှာ ဈေးဆက်တိုက်ကျဆင်းခဲ့တဲ့ မတ်ပဲနဲ့ပဲစင်းငုံတို့ဟာ ဒုတိယအပတ်မှာတော့ ဈေးပြန်လည်မြင့်တက်လာတာကို တွေ့ရပါတယ်။တနင်္လာနေ့မှာ မတ်ပဲတစ်တန်ကိုငွေကျပ် ၁၀၀၁၀၀၀ ပေါက်ဈေးရှိခဲ့ပြီး သောကြာနေ့မှာတော့ငွေကျပ် ၁၁၄၂၀၀၀ အထိမြင့်တက်လာခဲ့ပါတယ်။ ပဲစင်းငုံကလည်း တနင်္လာနေ့မှာငွေကျပ် ၇၅၅၀၀၀နဲ့ဈေးစဖွင့်ပြီး ဆက်တိုက်ဈေးမြင့်လာရာမှာ သောကြာနေ့မှာတော့တစ်တန်ကို ငွေကျပ် ၇၉၉၀၀၀ အထိ ဈေးရရှိခဲ့ပါတယ်။

တစ်ပတ်အတွင်းတစ်တန်ကို ငွေကျပ် တစ်သိန်းခွဲကျော်လောက်ပြန်လည်မြင့်တက်လာခဲ့တာပဲဖြစ်ပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံပေါ်ချိန်ဖြစ်တဲ့အတွက် ဈေးကျဆင်းခဲ့တာမှာ လတ်တလောအိန္ဒိယက အဝယ်ပြန်လိုက်လာတဲ့အတွက် ဈေးအနည်းငယ်ပြန်တက်လာတာပါ။

**ပဲတီစိမ်းဈေးအနည်းငယ်တက်**

ပဲတီစိမ်းဟာ မတ်လပထမအပတ်မှာဈေးငြိမ်ခဲ့ပြီး ယခုအပတ်မှာတော့ တစ်ပိဿာကိုငွေကျပ် ၅၀ လောက်ထိ ဈေးတက်လာပါတယ်။ တနင်္လာနေ့မှာ ငွေကျပ် ၁၉၂၀ ရှိခဲ့ပြီး သောကြာနေ့မှာတော့ ငွေကျပ် ၂၀၀၀ အထိမြင့်တက်ခဲ့ပါတယ်။

**နှမ်းမျိုးစုံအချို့ဈေးတက်**

နှမ်းမျိုးစုံထဲမှာ နှမ်းညို၊ နှမ်းနက်တို့ကဈေးတက်လာတာကို တွေ့ရပါတယ်။

**နှမ်းညို**

နှမ်းညိုကတော့ တနင်္လာနေ့မှာ ငွေကျပ် ၇၅၀၀၀ ဈေးရှိခဲ့ပြီး သောကြာနေ့မှာတော့ငွေကျပ် ၈၂၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပါတယ်။

**နှမ်းနက်**

နှမ်းနက်ကလည်း တစ်အိတ်ကို ငွေကျပ် ၃၀၀၀ လောက်ဈေးတက်လာပြီးတစ်အိတ်ကို ငွေကျပ် ၉၅၀၀၀ ရှိနေပါတယ်။

**နှမ်းနက်(စမုံ)**

နှမ်းနက် (စမုံ)ကတော့ တစ်အိတ်ကို ငွေကျပ် ၃၀၀၀ လောက်ဈေးကျဆင်းသွားပြီးတော့ တစ်အိတ်ကို ငွေကျပ် ၁၃၅၀၀၀ နဲ့ ဈေးတည်ငြိမ်နေပါတယ်။

**ပန်းနှမ်း**

ပန်းနှမ်းနဲ့ နှမ်းဖြူတို့ကတော့ ဈေးအပြောင်းအလဲမရှိဘဲပန်းနှမ်းက တစ်အိတ်ကိုငွေကျပ် ၇၅၀၀၀၊ နှမ်းဖြူကတော့ ငွေကျပ် ၉၃၀၀၀ ကနေငွေကျပ် ၁၀၃၀၀၀ နဲ့ ဈေးအပြောင်းအလဲမရှိပါဘူး။

**ဝတ်ရည်မွန်(AMIA)**



## ဆေးဖျန်းစရိတ်ပိုမိုကုန်ကျ၍ မတ်ပဲရောင်းချချိန် ဈေးကောင်းရရန်မျှော်လင့်

**ကျုံပျော် မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ မတ်ပဲစိုက်တောင်သူများ ယခုနှစ်ပဲစိုက်ရာသီတွင် သီးနှံဖျက်ပိုးများကျကာ ဆေးဖျန်းစရိတ်ပိုမိုကုန်ကျခဲ့သောကြောင့် မတ်ပဲရောင်းချချိန်တွင် ဈေးကောင်းရရန်မျှော်မှန်းလျက်ရှိကြကြောင်း သိရသည်။

လက်ရှိတွင် လုပ်သားရှားပါးလျက်ရှိသောကြောင့် ပဲနုတ်သူတစ်ဦးကို နံနက် ၆ နာရီမှ ၁၁ နာရီအထိ ငွေကျပ် ၂၀၀၀ ပေးရကြောင်း၊ တစ်ဧကအတွက် ပဲပင်အနည်းအများပေါ်မူတည်၍ ပဲနုတ်လုပ်သား ၁၅ ဦးမှ ၂၀ အထိ ငှားရမ်းဆောင်ရွက်ရကြောင်း၊ တောင်သူများအနေဖြင့် ပဲသီးနှံအနေတော်ချိန်တွင် အလေအလွင့်မရှိရန် တစ်ပြိုင်နက်တည်းနုတ်သိမ်းရသောကြောင့် ပဲနုတ်လုပ်သားများရရှိရန် ဈေးပိုပေး၍ ခေါ်ယူရခြင်းများလည်းရှိကြောင်း သိရသည်။

“ဒီနှစ်ပဲစိုက်ရာသီမှာ ရာသီဥတု အခြေအနေအရ ဖျက်ပိုးကအကြိမ်ကြိမ်ကျခဲ့တာကြောင့် ဆေးကိုအထပ်ထပ် ဖျန်းခဲ့ရတယ်။ ကျွန်တော့လယ် ၁၈ ဧကအတွက် ဆေးဖိုးငွေကျပ် ၂၂ သိန်းကုန်ကျခဲ့တယ်။ ပိုးအကျများလို့ ပဲသိပ်မကောင်းတော့ အထွက်နှုန်းလဲလျော့တယ်။ ဒါကြောင့် ပဲဈေးကောင်းရဖို့ဒီနှစ် ပိုပြီးမျှော်မှန်းပါတယ်” ဟု ကွင်းသာကျေးရွာအုပ်မှ လယ်သမား တစ်ဦးက ပြောသည်။ လက်ရှိတွင် မတ်ပဲတစ်တင်းကို ငွေကျပ် ၃၃၀၀၀ မှ ၃၅၀၀၀ အထိ ရောင်းချနေရကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

## မျိုးကောင်းမျိုးသန့် မျိုးစေ့များအသုံးပြုနိုင်စေရန် ကွင်းသရုပ်ပြ

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-သိခ်**

**နေပြည်တော် မတ် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ဈေးကွက်ဝင် အရည်အသွေးကောင်း မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များအသုံးပြုနိုင်စေရန်နှင့် ခေတ်မီစိုက်ပျိုးနည်းပညာဗဟုသုတများ ပြန့်ပွားလိုက်နာဆောင်ရွက်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပေါက်အင်းမျိုးစေ့ထုတ်စိုက်ကွင်း၌ တတိယအကြိမ်ကွင်းသရုပ်ပြပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး/ ခရိုင်နှင့်မြို့နယ် အဆင့် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဆယ်မားအူးလ်အွန်ဒုံ စီမံကိန်းမှလေ့လာသူများ၊



ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီးဧက ၂၀၀၀ကျော်ရှိဂျုံသီးနှံနှင့် ကုလားပဲသီးနှံများအား အဆင့်မြင့်ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းနေမှုများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ပေါက်အင်းစိုက်ကွင်းတွင် ဂျုံဧက ၇၀၀၊ ကုလားပဲဧက ၁၄၀၀၀ တို့ကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ခဲ့ပြီး မျိုးစေ့ထုတ်လုပ်မှုအနေဖြင့် ရေဆင်း ၁၁ မျိုး၊ အစေ့ထုတ် ဧက ၁၀၀၊ ရေဆင်း ၁၁၊ ရေဆင်း ၈ ကုလားပဲမျိုးစေ့ထုတ် ဧက ၁၀၀နှင့် ရေဆင်း-၁ စပ်မျိုးနေကြာ မျိုးစေ့ထုတ်ဧက ၇၅ ဧကစိုက်ပျိုးထုတ်လုပ်ရန် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်နှင့် စစ်ကိုင်းခရိုင်တို့မှ မြို့နယ်ကိုးမြို့နယ်တို့သို့ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## ရေမရောက်သည့်ယာခင်းများတွင် မြေပြင်ဆင်ပေးရန်လိုအပ်

**ညောင်ဦး မတ် ၁၂**

ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်တွင်နွေရာသီအချိန် နွေသီးနှံစိုက်ပျိုးရန်အတွက်ထွန်ရေးပြင်ဆင်နေကြပြီ ဖြစ်သည်။ ထိုသို့ ထွန်ရေးထွန်ယက်ရန် အဆိုပါမြစ်ရေတင်မှရေကို ယာခင်းထဲထည့်သွင်းရာ အချို့ယာခင်းတွင်ရေပေါက်ကျပြီး အချို့ယာခင်းများတွင်ရေမရောက်သည့်အတွက် ရေစုပ်စက်နှင့် ရေတင်နေကြရသည်။

“ကျွန်တော့ယာခင်းကတော့ တစ်ဖက်နိမ့်တစ်ဖက်မြင့်ဖြစ်နေတယ်။ အဲဒီ တော့ ရေသွင်းတိုင်း ရေပေါက်ကျနေတယ်။ အခုချိန်ထိတော့ပြင်မပေးသေးဘူး။ မြေပြင်ပေးမယ်ဆိုရင်တော့ အဆင်ပြေတာပေါ့” ဟုရေပေါက်ကျသည့် ယာခင်းပိုင်ရှင်က ပြောသည်။ လာမည့်နွေရာသီတွင် တောင်သူများအဆင်ပြေစေရန်နှင့် လျှပ်စစ်ဓာတ်အားဆုံးရှုံးမှု နည်းပါးစေရန်အတွက် မြေယာများညီညာပြန့်ပြူးမှု ရှိစေရန် စက်ယန္တရားများနှင့် ပြုပြင်ပေးရန် လိုအပ်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှသိရှိရသည်။

**ကျော်ဌေး(ညောင်ဦး)**

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# စိုက်ပျိုးရေလိုသလိုသုံးနိုင်ရန် သဖန်းဆိပ်ရေလှောင်တမံမှ အဆက်မပြတ်ရေထုတ်လွှတ်ပေးလျက်ရှိ

**မျိုးဝင်းထွန်း(မုံရွာ)**

မတ်လပထမပတ်မှ တတိယပတ်အတွင်း တောင်သူအများစုအနေဖြင့် နွေစပါးနှင့် အခြားသီးနှံအတွက် တစ်ပြိုင်တည်း စိုက်ပျိုးရေရယူသည့်အချိန် ဖြစ်သဖြင့် သဖန်းဆိပ်ရေလှောင်တမံမှ အလျဉ်မပြတ် စိုက်ပျိုးရေလိုသလိုသုံးနိုင်ရန် ထုတ်လွှတ်ပေးထားကြောင်း ရွှေဘိုခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။

"ဒီနှစ် ၂၀၁၆-၂၀၁၇မှာကင်းတပ်လက်ယာမြောင်းက စပါးကေ ၆၃၀၄၀၊ အခြားသီးနှံ ၈၃၃ ကေ၊ လက်ဝဲမြောင်းကစပါးကေ ၄၈၀၀၀ နဲ့ အခြားကေ ၉၀၀၊ ကာဘိုးဆည်ကနေ ရွှေဘိုမြောင်းမတော်မှတစ်ဆင့် စပါးကေ ၇၉၂၇၀ နဲ့ အခြား ၈၇၁၂၈ ကေ၊ ရေဦးမြောင်းမတော်မှ စပါး ၄၁၇၈၉ ကေနဲ့ အခြား ၃၆၅၁၇ ကေ စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ သဖန်းဆိပ်ဆည်ရေသောက်စနစ်တစ်ခုလုံး နွေစပါး ၂၃၂၁၀၈ကေနဲ့အခြားသီးနှံ ၁၂၅၄၄၂ ကေ စုစုပေါင်းကေ ၃၅၇၅၄၀ တစ်နည်းပြောရရင် ကေပေါင်းသုံးသိန်းခြောက်သောင်းလောက်စိုက်နိုင်မှာ ဖြစ်ပါတယ်။ မတ်လ ၉ ရက်နေ့မှာ သဖန်းဆိပ်ရေလှောင်တမံကရေလက်ကျန် ၂၀၄၉၁၅၅ ကေပေ(ကေပေသိန်း ၂၀ကျော်) နဲ့ ကျူးဆက် ၆၃၁၈ကိုရေအားလျှပ်စစ်ထုတ်ရင်း စိုက်ပျိုးရေပေးတံခါးက ကျူးဆက် ၃၈၇ ကိုလွှတ်ပေးထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ နွေရာသီတွင်ကင်းတပ်လက်ယာမြောင်းမှစပါး ၆၃၄၂၁ ကေနှင့် အခြားသီးနှံ ၂၈၈ ကေ လက်ဝဲမြောင်းမှ စပါး ၅၁၈၀၁ ကေနှင့် အခြားသီးနှံ ၁၇၄၈ ကေ၊ ကာဘိုးဆည် ရွှေဘိုမြောင်းမတော်မှ စပါး ၉၆၅၃၈ ကေနှင့်အခြားသီးနှံ ၆၇၈၃၈ ကေ၊ ရေဦးမြောင်းမတော်မှစပါး ၅၅၆၃၆ ကေနှင့် အခြားသီးနှံ ၂၃၂၇၃ ကေရှိရာ သဖန်းဆိပ်ရေသောက်စနစ်တစ်ခုလုံး အနေဖြင့် စပါး ၂၆၇၂၀၆ ကေနှင့် အခြား သီးနှံ ၉၃၁၄၈ ကေ စုစုပေါင်း ၃၆၀၃၆၄ ကေ (ကေပေါင်းသုံးသိန်းခြောက်သောင်းကျော်) စိုက်ပျိုးအောင်မြင်ခဲ့ကြောင်း သိရသည်။

"ဆည်ထဲမှာ ကေပေ ကိုးသိန်းနဲ့ ၁၀ သိန်းမှမကျန်ရင် မိုးကမကြာခင်မှာ ရွာလာလို့ ဆည်ထဲကို ရေစဝင်မှာပါ။ မိုးကမှန်းမရတဲ့အတွက် နောက်ကျခဲ့ရင် မိုးစပါးစိုက်နိုင်ဖို့ ထည့်တွက်ရပါတယ်။ တောင်သူတွေ မိုးစပါးစပြီးစိုက်ပျိုးချိန်မှာ ရေဖောဖောသီသီသုံးရအောင်ထည့်တွက်ရပါတယ်။ ဒီနှစ် ၂၀၁၆-၂၀၁၇ နွေစပါးနဲ့ အခြားသီးနှံကလည်း မနှစ်ကလိုသုံးသိန်းခွဲလောက် စိုက်ကြမယ်ဆိုတော့ အရင်နှစ်ကလို ရေကေပေ ၁၄ သိန်းလောက်သုံးဖို့ ထည့်သွင်းသွားမယ်လို့ စီစဉ်ထားပါတယ်"ဟု ဦးစောသက်ခိုင်ဝင်းက ပြောပြသည်။



## အရစ်ကျ ဝယ်ယူရန် အဆိုပြုထားသည့် တောင်သူများထံသို့ လယ်ယာသုံးစက် အစီးရေ ၄၀၀ ကျော် ဖြန့်ဖြူးပေးထား

**ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

ယခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရစ်ကျရောင်းချပေးမည့် လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူရန် အဆိုပြုထားသည့် တောင်သူများထံသို့ လယ်ယာသုံးစက်အစီးရေ ၄၀၀ ကျော် ဖြန့်ဖြူးပေးအပ်ထားပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

လက်ရှိတွင် လယ်ယာသုံး စက်ကိရိယာများကို ဝယ်ယူရန် အဆိုပြုထားသည့် တောင်သူ ၇၄၀ ဦးခန့် ရှိပြီး နေရာဒေသအလိုက် လယ်ယာသုံးစက် အစီးရေ ၄၁၂ စီးကို ဖြန့်ဖြူးပေးထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးကိုကိုမောင်က ပြောသည်။

ဦးကိုကိုမောင်က "စက်တွေကို ဝယ်ယူဖို့လျှောက်ထားတဲ့ တောင်သူအရေအတွက်က အရင်နှစ်တွေကထက်များတယ်။ အခုအစီး ၄၀၀ ကျော်ခန့်က ဖြန့်ပြီးပြီ။ နောက်ထပ် ၂၄၄ စီးကိုလည်း ကျွန်တော်တို့ စခန်းတွေကို ဖြန့်ပြီးပြီ" ဟု ပြောသည်။

အဆိုပါ လယ်ယာသုံး စက်ကိရိယာများကို သုံးနှစ်အတွင်းခုနစ်ကြိမ် အရစ်ကျပေးသွင်းရမည့် စနစ်ဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်းကာ ယခုနှစ်တွင် ပထမဆုံးအနေဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး တောင်သူများဝယ်ယူလိုသည့် လယ်ယာသုံးစက်ကိရိယာများကို ရောင်းချပေးနိုင်ရန် လက်ရှိတွင် Sonalika ကုမ္ပဏီ၊ New Holland ကုမ္ပဏီ၊ Kubota ကုမ္ပဏီ၊ Daedong ကုမ္ပဏီများနှင့် ချိတ်ဆက်ထားပြီး စက်ကိရိယာဝယ်ယူလိုသူ တောင်သူများအနေဖြင့်ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်၊ လယ်ယာပိုင်ဆိုင်မှုစာရွက်၊ စာတမ်းများနှင့်ဝယ်ယူလိုသည့် စက်အမျိုးအစားကို မိမိမြို့နယ်ရှိ စက်မှုလယ်ယာဦးစီးဌာနများတွင် လျှောက်လွှာ တင်သွင်းရမည်ဖြစ်သည်။



သုံးခွမြို့နယ်မှ လယ်သမားတစ်ဦး စပါးခြွေလှေ့နေစဉ်

ဦးကိုကိုမောင်က "အတိုးနှုန်းက ကျွန်တော်တို့ မသတ်မှတ်ဘူး။ အတိုးနှုန်းက ကုမ္ပဏီက ကျွန်တော်တို့ဆီကိုတင်ရမယ်။ အဲ့ဒီအတိုးနှုန်းသည် လက်ရှိရောင်းနေတဲ့ဟာထက်တော့ မများရဘူး" ဟု ပြောသည်။

တောင်သူများအနေဖြင့် လယ်ယာသုံးစက်ပစ္စည်း၏ တန်ဖိုး ၁၀ ရာခိုင်နှုန်းကို ကနဦး ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို ခြောက်လတစ်ကြိမ် ၁၅ ရာခိုင်နှုန်းစီဖြင့် သုံးနှစ်အရစ်ကျ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ရေနံချောင်းကျေးရွာမှ လယ်သမား ဦးလှဌေး က "အစိုးရက အရင်ရောင်းပေးတဲ့ အရစ်ကျစနစ်က တစ်ရာသီတစ်နှစ်ပေါ်တဲ့ တောင်သူတွေအဖို့ ဒီစက်တစ်စက်အတွက် ငွေကြေးပေးလိုက်ရသလိုဖြစ်နေတော့ ဝယ်ဖို့မတတ်နိုင်သလိုစက်တွေကလည်း ခဏခဏပျက်တော့ နောက်ကနေလိုက်ပြင်နေရတာ မပြီးတော့ဘူး" ဟု ပြောသည်။

ပြီးခဲ့သည့်နှစ်များက လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ လယ်ယာသုံးစက်ကိရိယာတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကျော်ကို ကနဦးပေးသွင်းစေပြီး ကျန်ငွေကိုနှစ်နှစ်အတွင်း သုံးကြိမ်ခွဲသွင်းရသည့်စနစ်ဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။

## ခရမ်းချဉ်စိုက်တောင်သူများအတွက် ဈေးကောင်းရကြသဖြင့် ဝင်ငွေကောင်းလျက်ရှိ

**ဖြူး မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် လိပ်သေကျေးရွာအုပ်စု၊ လေးအိမ်စုရွာ၊ ရဲတော်စုရွာ၊ ဇီးတောရွာနှင့် ဖြူးအရှေ့ကျေးရွာအုပ်စု ခုံတဲကျေးရွာတို့မှ တောင်သူများသည် ဖြူးချောင်းသဲမြေနုကိုင်းမြေများပေါ်တွင် ရာသီအလိုက်သီးနှံများစိုက်ပျိုးလျက်ရှိကြရာ ဆောင်းရာသီစိုက် (ထိုင်ဝမ်)မျိုးခရမ်းချဉ်များကို စိုက်ပျိုးလျက်ရှိကြရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြသဖြင့် ခရမ်းချဉ်သီးများကို ဖေဖော်ဝါရီလ ပထမပတ်မှစတင်ခူးဆွတ်ကာ ရောင်းချခဲ့ကြရာ စိုက်ခင်းဈေးတစ်ပိဿာငွေကျပ် ၈၀၀ မှ ၈၅၀ ဈေးအထိ ရောင်းချခဲ့ကြရပြီး ယခုအချိန်တွင် အသီးများဖြိုင်ဖြိုင်ပေါ်လျက်ရှိသဖြင့် တစ်ပိဿာငွေကျပ် ၅၀၀ မှ ၅၅၀ ရောင်းချနေကြောင်းသိရပြီး ဝင်ငွေကောင်းလျက်ရှိသည်။

"ကျွန်တော်စိုက်တာကတော့ ၀ ဒသမ ၅၀ ကေပါ။ ထိုင်ဝမ်ခရမ်းချဉ်မျိုးစေ့ကိုပေါင်လုပ်ပြီး နှစ်ပေကွာ စိုက်ပျိုးခဲ့ပါတယ်။ ခရမ်းချဉ်ပင်က ရေကြိုက်တာမို့ ရေကိုတော့ အမြဲတမ်းဖျန်းပေးရပါတယ်၊ ဖေဖော်ဝါရီလအစောပိုင်းမှာ ခရမ်းချဉ်သီး တစ်ပိဿာငွေကျပ် ၈၀၀ မှ ၈၅၀ အထိ ဖောက်သည်သွင်းရပါတယ်။ အချိန်ပိဿာ ၈၀ လောက်မီလိုက်ပါတယ်။ အခုမတ်လထဲရောက်တော့ တစ်ပိဿာငွေကျပ် ၅၀၀ မှ ၅၅၀ ဈေးသာရောင်းရပါတယ်။ ကျွန်တော့်အခင်းက ရာသီကုန်အထိ ပိဿာ ၇၅၀/ ၈၀၀ အနည်းဆုံးထွက်မှာမို့ ကျွန်တော့်အတွက် ဒီရာသီမှာ ဝင်ငွေကောင်းမှာပါ"ဟု ခရမ်းချဉ်စိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။

**ဖြူး-မြင့်ဦး**

## တိရစ္ဆာန်အစာ ကုန်ကျစရိတ်သက်သာစေရေး နေဗီယာမြက်အစား Azolla ရေမှော်အစားထိုးစိုက်ပျိုးသူရှိ (AMIA )

တိရစ္ဆာန်အစာ ကုန်ကျစရိတ်သက်သာစေရေး နေဗီယာမြက်အစား Azolla ရေမှော်အစားထိုး စိုက်ပျိုးမှုကို ထားဝယ်မြို့တွင် စမ်းသပ်လုပ်ကိုင်လျက်ရှိကြောင်း ထားဝယ်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာရုံးမှ သိရသည်။

အဆိုပါ ရေမှော်မျိုးကို ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ်ရှိ ငွေစင်ပုလဲ နွားမွေးမြူရေးလုပ်ငန်းတွင် စမ်းသပ်လုပ်ကိုင်ခဲ့ရာ အောင်မြင်နေသည့်အတွက် ယင်းလုပ်ငန်းမှ မျိုးယူကာ စမ်းသပ်စိုက်ပျိုးရန်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီရေမှော်က နေဗီယာမြက်ထက် အစာကုန်ကျစရိတ် သက်သာသလို ဗီတာမင်ပါဝင်နှုန်းကလည်းမြင့်တယ်။ အသားဓာတ်ပါဝင်နှုန်းလည်းမြင့်တယ်။ ဒါကြောင့် တိရစ္ဆာန်မွေးမြူရေးသမားတွေအတွက်လည်း တွက်ခြေကိုက်သလို နွားမွေးတဲ့ တောင်သူတွေအတွက်လည်း အဆင်ပြေတယ်။ ဒါကြောင့် စမ်းသပ်စိုက်ပျိုးနေတာ" ဟု မြို့နယ် တိ/မွေးကုဌာန ဦးစီးမှူး ဒေါက်တာသိန်းဇော်မင်းက ပြောသည်။

နေဗီယာမြက်တွင် အသားဓာတ်၊ သတ္တုဓာတ်နှင့် အခြားဗီတာမင်များပါဝင်နှုန်းမှာ ၁၂ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းအထိသာရှိပြီး Azolla ရေမှော်တွင် ၂၅ ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း၊ နွားတစ်ကောင်အစာအတွက် အသုံးပြုရာတွင် နေဗီယာမြက်နှင့် ကျွေးနေမှုတွင် ပဲဖတ်၊ နှမ်းဖတ်၊ ပြောင်း၊ ဆန်အစရှိသည်တို့ ၆၀ သားခန့်နှင့် ရောနှောကျွေးနေရပြီး Azolla ရေမှော်နှင့် ကျွေးမည်ဆိုက ၁၅ ကျပ်သားခန့်သာ ထည့်ရမည်ဖြစ်သည့်အတွက် အစာကုန်ကျစရိတ် သက်သာကြောင်း သိရသည်။

"ဒီရေမှော်က နွားမှမဟုတ်ဘဲ ကျန်တဲ့ ကြက်တို့၊ ဘဲတို့ကိုရောကျွေးလို့ရမလား။ စိုက်ချင်တယ်ဆိုရင် နည်းစနစ်က ခက်နေရင်လည်းဒီဒေသနဲ့ဖြစ်မလားသိပ်ခက်နေရင်မကိုက်ဘူး"ဟု ကနိုင်ဒါးကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ရေမှော်မျိုးမှာ စိုက်ပျိုးရလွယ်ကူသကဲ့သို့ ပြန့်ပွားနှုန်းလည်းမြန်ကြောင်း လက်ရှိတွင် ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်မြို့ သရက်ချောင်းမြို့နှင့် အလယ်ကုန်းကျေးရွာတို့တွင် စမ်းသပ်စိုက်ပျိုးရန် လုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးနည်းမှာရေကန်တစ်ခုအတွင်း နွားချေးနှင့်မြေဆွေးရောထည့်ကာ စိုက်ပျိုးရကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

ဌာနများတွင် စမ်းသပ်စိုက်ပျိုးမှုအောင်မြင်ပါက စိတ်ပါဝင်စားသည့် တောင်သူများနှင့် တိရစ္ဆာန်မွေးမြူရေး လုပ်ကိုင်သူများကို မျိုးနှင့်စိုက်ပျိုးနည်းများအခမဲ့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင်စမ်းသပ်စိုက်ပျိုးလိုသူများရှိပါကလည်း ရန်ကုန်ရှိစိုက်ပျိုးလုပ်ကိုင်သူများနှင့် ချိတ်ဆက်နိုင်ရန် ကူညီပေးမည်ဖြစ်ကြောင်းနှင့် Azolla ရေမှော်မှာ နွားသာမကာ ကျန်သည့် ကြက်၊ ဘဲများကိုပါ ကျွေးနိုင်သည့်အပင်ဖြစ်ကြောင်း သိရသည်။

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

# စပါးဈေးကျ၍ ဈေးငွေပြန်ဆပ်ရန် လယ်သမားများ အခက်တွေ့

**သူရ (AMIA)၊ ဓာတ်ပုံ ကေဇူး (AMIA)**



ပြည်မြို့နယ်မှ လယ်သမားတစ်ဦး စပါးရိတ်နေစဉ်

ယခုနှစ်တွင် စပါးဈေးကျသည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ရန် အခက်တွေ့နေရကြောင်း ထားဝယ်ခရိုင်အတွင်းရှိ လယ်သမားများ ထံမှသိရသည်။

ယခင်နှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ချိန်ဖြစ်သည့် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် စပါးတစ်တင်းလျှင် ငွေကျပ် ၆၀၀၀ အထိ ပေါက်ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင်မူ စပါးတစ်တင်းလျှင် ငွေကျပ် ၄၀၀၀ သာ ဈေးရှိသောကြောင့် ချေးငွေပြန်ဆပ်ရန် အခက်တွေ့နေရကြောင်း လယ်သမားများက ပြောသည်။

"စပါးက ဈေးလည်းကျ၊ ဝယ်မယ့်သူလည်းမရှိလို့ ဖြစ်သလို ရှာကြံပြီး သွားဆပ်လိုက်ရတယ်။ အရင်နှစ်က ဒီအချိန်ဆိုရင် စပါးတစ်တင်းကို အနည်းဆုံး ဈေး ငွေကျပ် ငါးထောင်ကျော်လောက်အထိရတယ်"ဟု ရေဖြူမြို့ သစ်တိုထောင့်ကျေးရွာမှ ဦးဟန်ရွှေက ပြောသည်။

ချေးငွေပြန်ဆပ်ချိန် စပါးဈေးကျနေသည့်အတွက် သစ်တိုထောင့်ကျေးရွာတွင် ချေးငွေမဆပ်ရသေးသူများ ရှိနေဆဲဖြစ်ပြီး ဆပ်ပြီးသူအများစုမှာလည်း လေးကျပ်တိုး သို့မဟုတ် ငါးကျပ်တိုးဖြင့် ချေးငှားကာ ပြန်ဆပ်ခဲ့ကြရသည်ဟု ၎င်းက ပြောသည်။

"လယ်သမားအားလုံးက ညည်းနေကြတယ်။ မကိုက်လို့လေ။ ချေးငွေပြန်ဆပ်ဖို့တောင် ငွေကအနိုင်နိုင် ရှာနေရတာ"ဟု ထားဝယ်မြို့နယ် ဇဟာကျေးရွာမှ မနန်းကေက ပြောသည်။

စပါးဈေး ကောင်းလာမည့်အချိန်ကို မျှော်ပြီး စပါးကို မရောင်းဘဲ စောင့်ဆိုင်းနေခဲ့သော်လည်း အချိန်နှစ်လကြာသည်အထိ ဈေးမကောင်းလာသည့်အတွက် ချေးငွေပြန်ဆပ်ရန် ရသည့်ဈေးဖြင့်ပင် ရောင်းခဲ့ရသည်ဟု ၎င်းက ပြောသည်။

စပါးစိုက်ပျိုးရာတွင် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့အတွက် အလုပ်သမားခ ကြီးမြင့်ခြင်းနှင့် ဓာတ်မြေဩဇာစရိတ်၊ သယ်ယူပို့ဆောင်စရိတ် စသည်တို့ကြောင့် လက်ရှိပေါက်ဈေး တစ်တင်း ငွေကျပ် ၄၀၀၀ နှုန်းမှာ အရင်းပင် မကျေကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

"သူများဆီမှာလည်း ငွေချေးထားရတာ ဆိုတော့ အနည်းဆုံး တစ်တင်းကို ငွေကျပ် ၅၅၀၀ လောက်ရမှ ရောင်းနိုင်မှာ။ အစိုးရအနေနဲ့ စပါးဈေးကောင်းအောင် လုပ်ပေးစေချင်တယ်"ဟု ဦးဟန်ရွှေက ပြောသည်။

ပြီးခဲ့သည့်နှစ်က စပါးစပေါ်ချိန်တွင် တစ်တင်း ၅၀၀၀ ခန့် ပေါက်ဈေးရှိပြီး ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ငွေကျပ် ၆၀၀၀ နှင့် ဧပြီလတွင် ငွေကျပ် ၇၀၀၀ ခန့်အထိ မြင့်တက်ခဲ့ကြောင်း လောင်းလုံးမြို့နယ် မြို့ဟောင်းကျေးရွာမှ ဆန်စက်ပိုင်ရှင် ဒေါ်စိန်စိန်က ပြောသည်။

သို့သော် ယခုနှစ်တွက်မူ စပါး စပေါ်ချိန်က တစ်တင်းလျှင် ငွေကျပ် ၃၅၀၀ ပေါက်ဈေးရှိခဲ့ပြီး လက်ရှိအချိန်ဖြစ်သည့် ဖေဖော်ဝါရီလနှင့်မတ်လတို့တွင် ငွေကျပ် ၄၀၀၀ သာ ပေါက်ဈေးရှိနေကြောင်း သိရသည်။

စပါးဈေးကျရခြင်းမှာ ထားဝယ်ဆန်ထက် ရန်ကုန်ဆန်ကို စားသုံးသူများလာခြင်းကြောင့် ထားဝယ်ဆန်ဝယ်လိုအား နည်းလာခြင်းကြောင့်ဖြစ်ကြောင်း ဆန်စက်ပိုင်ရှင်နှင့် ဆန်ဆိုင်ပိုင်ရှင်များထံမှ သိရသည်။

"ထားဝယ်ဆန် ဝယ်တဲ့သူက နည်းနည်းပဲရှိတယ်။ နယ်ဘက်တွေမှာ အလုပ်ကြမ်းသမားတွေ ကျွေးဖို့နဲ့ မုန့်ဖတ် လုပ်ငန်းလုပ်တဲ့သူတွေကပဲ ဝယ်ကြတာ"ဟု ထားဝယ်မြို့ စည်ပင်သာယာဈေးကြီးအနီးရှိ ဆန်ဆိုင်ပိုင်ရှင်က ပြောသည်။

နောက်နှစ်များတွင်လည်း ဆန်ဈေးဆက်ကျနေမည်ဆိုပါက ထားဝယ်ဒေသရှိ လယ်သမားများ လယ်ယာလုပ်ငန်းကို စွန့်လွှတ်လာနိုင်ကြောင်း လယ်သမားများက ပြောဆိုလာကြသည်။

"ပြန်တော့ဆပ်နေကြပါတယ်။ မနှစ်က ဒီအချိန်ဆို ၅၂.၁၅ ရာခိုင်နှုန်း၊ ဒီနှစ်က ၅၃.၀၃ ရာခိုင်နှုန်း ဆပ်ပြီးနေပြီ"ဟု ထားဝယ်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးဝင်းနိုင်က ပြောသည်။

ထိုသို့ စပါးဈေးကျဆင်းနေသော်လည်း မတ်လ ၃ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်သည့် ရာခိုင်နှုန်းမှာ ယခင်နှစ်ထက်ပိုများကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၆ ခုနှစ် မိုးစပါး ဘဏ်ချေးငွေ သန်းပေါင်း ၁၇၀၀၀ ကျော် ထုတ်ချေးထားကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ရှိသူများထံမှ သိရသည်။

## သီးနှံအရည်အသွေးမြင့်မားရေးနှင့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများဆိုင်ရာ ဆွေးနွေး

**သတင်း - သိမ့်သိမ့်မိုး၊ ဓာတ်ပုံ - သိခ်**



**နေပြည်တော် မတ် ၁၂**

အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးကို မျိုးစေ့ထုတ်တောင်သူများနှင့်တွေ့ဆုံ၍ သီးနှံအရည်အသွေးမြင့်မားရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ဆွေးနွေးပွဲကို မတ်လပထမပတ်က ကယားပြည်နယ် လွိုင်ကော်မြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်ညိုညိုအောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက မြေဩဇာ သို့မဟုတ် မြေဆီလွှာဖြည့်စွက်ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် တရားဝင်မှတ်ပုံတင် ထားသောပစ္စည်းများဖြစ်ရန်၊ ဓာတုဆေးများကို အသုံးပြုရန် လိုအပ်ပါက တရားဝင်အသိအမှတ်ပြု မှတ်ပုံတင်ထားသည့် ဓာတုဆေးများကိုသာ အသုံးပြုရန်၊ အသုံးပြုသော ပစ္စည်းကိရိယာများ၊ သိုလှောင်ပစ္စည်းများနှင့် အခြားပစ္စည်းများသည် သန့်ရှင်းပြီး ထွက်ကုန်သီးနှံများ ကို ညစ်ညမ်းမှုမရှိစေရန် စသည့်စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးရန် လိုအပ်ချက်များကို ဆွေးနွေးသည်။

ဆက်လက်၍ စပါးသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်က အရည်အသွေးကောင်း ဈေးကွက်ဝင် ဈေးကောင်းရ သီးနှံမျိုးစေ့များသုံးစွဲခြင်းဖြင့် ဈေးကွက်ခိုင်မာမှု တည်ဆောက်ရန် လိုအပ်ချက်များနှင့် မျိုးစေ့ထုတ်လုပ်ငန်းတွင် ပုဂ္ဂလိကကဏ္ဍများမှ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ချက်များကို လည်းကောင်း၊ ဒေါက်တာ ယဉ်မင်းထွန်းက သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

## နွေစပါး (SRI) အစွမ်းရှိ စိုက်ပျိုးနည်းစနစ် တောင်သူပညာပေးကွင်းသရုပ်ပြပွဲကျင်းပ

**မိတ္ထီလာ မတ် ၁၂**

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော နွေစပါး(System of Rice Intensification ) စပါးအစွမ်းရှိစိုက်ပျိုးနည်းစနစ် တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဇောင်းချမ်းကုန်းကျေးရွာ ကွင်းအမှတ် (၇၃၇)၊ ဦးပိုင်အမှတ် (၁၈၅) ရှိ တောင်သူဦးခင်မောင်ဝင်း၏ မနောသုခ စပါးစိုက်ဧက ၅ ဒသမ ၀၀ စိုက်ခင်းတွင် မတ် ၁၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်ငြိမ်းက စပါးအစွမ်းရှိစိုက်ပျိုးနည်းစနစ်မှာ ပျိုးသက် ၁၂ ရက်သာရှိ ပျိုးပင်ကိုကောက်ချက်တစ်နေရာလျှင် တစ်ပင်နှုန်းဖြင့် ပင်ကြားတန်းကြား ၁၀ လက်မစီခွာပြီး စတုရန်းပုံစိုက်ပျိုးနည်းစနစ်နှင့် အပင်ပိုင်းဆိုင်ရာကြီးထွားဖွံ့ဖြိုးမှုအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသည့် ဒေသခံတောင်သူများမှ သိလိုသည်များကိုမေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ကွင်းသရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြ သည်။

မိတ္ထီလာမြို့နယ်၌ ၂၀၁၆-၂၀၁၇ခုနှစ်တွင်မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ချောင်းကောက်ဆည်၊ ညောင်ကုန်းတမံ၊လက်ခုပ်ပင်တမံ၊လွန်ငင်ဆည်နှင့် ရှမ္မငယ်ဆည်ရေတို့ဖြင့် မြို့နယ်အတွင်းရှိကျေးရွာများတွင် နွေစပါး ၂၁၄၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ဒေသထွက်သီးနှံများ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်နိုင်ရေး အသိပညာပေး

**ဆိပ်ဖြူ မတ် ၁၂**



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဒေသထွက်ကြက်သွန်နီကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တစ်နိုင်တစ်ပိုင်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၀ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးပွဲကို ပင်လုံတက္ကသိုလ်ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာ တင်မာကြည်နှင့်တာဝန်ရှိသူများ၊ မြို့နယ်ကြက်သွန်နီကုန်စည်ဒိုင်မှ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ဒေသထွက်သီးနှံ လူထုဝယ်လိုအားထက် ပိုလျှံနေသည့် သီးနှံများပုပ်သိုးပျက်စီးမှုမရှိစေဘဲ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဓာတုပစ္စည်းများအား အသုံးပြုဆောင်ရွက်ခြင်းမရှိဘဲ တစ်နိုင်တစ်ပိုင် ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းဈေးကွက်မှ ပြည်ပဈေးကွက်အထိ ထိုးဖောက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အသိပညာပေးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပင်လုံတက္ကသိုလ်ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာ တင်မာကြည်က ဒေသထွက်ကုန်ကြက်သွန်နီကို ပုပ်သိုးပျက်စီးဆုံးရှုံးမှုမရှိစေဘဲ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဓာတုပစ္စည်းများအသုံးမပြုဘဲ ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်း အသိပညာပေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် ဒေသခံ ကြက်သွန်နီကုန်သည်များနှင့် ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သူတောင်သူများက သိရှိလိုသည့် နည်းပညာဆိုင်ရာများကို မေးမြန်းခဲ့ကြကြောင်းသိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ၂၀၁၇ ခုနှစ် ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**၂၀၁၇ ခုနှစ်၊မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၇ ခုနှစ်၊မြန်မာ့ကျောက်မျက်ရတနာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ကျောက်မျက်ရတနာ** ဆိုသည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုး ကျောက်၊ ဂေါမိတ်၊ ထပ်တစ်ရာ၊ သလင်းတူကျောက်၊ ဥဒေါင်၊ မျော၊ အညို့နီလာ၊ နဂါးသွဲ့၊ ကြံဆစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူ ကျောက်၊ ပယင်း၊ ခါတ်ရောင်ပြန်ကျောက် (Fluoride)၊ နက်ဖရိုက်၊ မှော်စစ်စစ်၊ ပလွမ်၊ ထပ်ကျောက်၊ ထပ်ကွာစိမ်း၊ မိုးညှင်းနီလာ၊ ရေဂေါမိတ်၊ သန္တာ၊ ပိန်းနိုက်၊ သူရောင်၊ ဆာပင်တင်း၊ ငုပဆစ်၊ ဆိုဒါလိုက် သို့မဟုတ် အမ်ဖီဗိုး အုပ်စုဝင်ကျောက်များကိုဆိုသည်။ ယင်းစကားရပ်တွင် ရတနာတန်းဝင် ရောင်စုံကျောက်များ၊ သလင်း အုပ်စု၌ ပါဝင်သော ရတနာတန်းဝင် ကျောက်များနှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ စာထုတ်ပြန်၍ ကျောက်မျက်ရတနာဟု သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။

(ခ) **ကျောက်မျက်ရတနာထုတ်လုပ်ခြင်း** ဆိုသည်မှာ သဘာဝအတိုင်းရှိနေသော ကျောက်မျက်ရတနာအရိုင်းကို ရရှိရန်ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကိုဆိုသည်။

(ဂ) **ကျောက်မျက်ရတနာအရိုင်း** ဆိုသည်မှာ တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီးပွတ်ချောထားသော၊ ထုခွဲထားသော ကျောက်မျက်ရတနာ အရိုင်းတုံးများနှင့် အပိုင်းအစများကို ဆိုသည်။

(ဃ) **ကျောက်မျက်ရတနာအချောထည်** ဆိုသည်မှာ ကျောက်မျက်ရတနာ အရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းပြုလုပ်ခြင်း စသည်ဖြင့် ဆင့်တက်ပြုပြင်ခြင်းတို့ ပြုလုပ်ထားသည့် လက်ဝတ်ရတနာ မပြုလုပ်ရသေးသော ကျောက်မျက်ရတနာကို ဆိုသည်။

(င) **လက်ဝတ်ရတနာ** ဆိုသည်မှာ ကျောက်မျက်ရတနာအချောထည် ပါရှိသည့် လက်ဝတ်ရတနာကိုဆိုသည်။

(စ) **ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်း** ဆိုသည်မှာ ကျောက်မျက်ရတနာကို အသုံးပြု၍ ပြုလုပ်ထားသောပစ္စည်း သို့မဟုတ် ကျောက်မျက်ရတနာ ပါဝင်သောပစ္စည်းကိုဆိုသည်။

(ဆ) **လက်ဝတ်ရတနာပြုလုပ်ခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာအချောထည်ကို လက်ဝတ်ရတနာပြုလုပ်ရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆိုသည်။

(ဇ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုမိန့်ကိုဆိုသည်။

(ဈ) **လိုင်စင်** ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊လက်ဝတ်ရတနာကို ဖြစ်စေ၊ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန်သော်လည်းကောင်း၊ ကျောက်မျက်ရတနာ အရိုင်းကို ကျောက်မျက်ရတနာ အချောထည် ပြုလုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ကိုဆိုသည်။

(ည) **ရတနာခွန်** ဆိုသည်မှာ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော ကျောက်မျက်ရတနာအရိုင်းများအပေါ် ဤဥပဒေအရ ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဋ) **ဝန်ဆောင်ခ** ဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင် ရရှိသူက ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာ ပြပွဲများတွင် မြန်မာကျပ်ငွေ သို့မဟုတ် နိုင်ငံခြားသုံးငွေဖြင့် တင်ပြ ရောင်းချခြင်း၊ ဝန်ကြီးဌာနက စီစဉ်ပေးသောနေရာများတွင် ရောင်းချ ခြင်းတို့၌ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် ဤဥပဒေနှင့်အညီ ကောက်ခံသည့် ဝန်ဆောင်ခကို ဆိုသည်။

(ဌ) **ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မြန်မာ ကုမ္ပဏီအဖြစ် ဖွဲ့စည်းထားသော ကုမ္ပဏီ သို့မဟုတ် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသားများ သာပါဝင်သော ကုမ္ပဏီကို ဆိုသည်။

(ဍ) **အသင်း** ဆိုသည်မှာ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ထားသော အခြေခံသမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမအသင်းစု ချုပ်၊ သို့မဟုတ် ဗဟိုသမဝါယမအသင်းကို ဆိုသည်။

(ဎ) **အလတ်စားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှုပမာဏ အသင့်အတင့်ရှိ၍ စီးပွားဖြစ် ထုတ်လုပ်ရန် ဖြစ်မြောက် နိုင်စွမ်းရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် **ဝန်ကြီး ဌာနက** အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့် **ရတနာ နယ်မြေအတွင်း ၅ ဧကထက်မပိုသော** လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရား စသည်တို့ပါဝင်သော **၃ နှစ်အထိ** ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဏ) **အသေးစားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှု ပမာဏနည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပ ဧရိယာအတွင်း လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရား စသည်တို့ပါဝင်သော ၂ နှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(တ) **လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပြီးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာ နယ်မြေပြင်ပ ဧရိယာအတွင်း သာမန် လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေ အားထက် မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ တစ်နှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ထ) **လစ်လပ်လုပ်ကွက်** ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ရန် ခွင့်ပြု ထားသော ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရန် လျှောက်ထားခြင်းမရှိသော လုပ်ကွက်ကို ဆိုသည်။

(ဒ) **မြေအသုံးပြုခွင့်ပြုမိန့်** ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာ ယာယီအဆောက်အအုံ၊ ပစ္စည်း သိုလှောင်ရုံနှင့် တဲ၊ တန်းလျားများ ဆောက်လုပ်ရေးအတွက် လည်းကောင်း၊ ယာဉ်၊ စက်ယန္တရား၊ ထုတ်လုပ်ပြီး ကျောက်ရိုင်းများနှင့် ဖြုန်းများထားရှိရေးအတွက် လည်းကောင်း၊ မြေစာဆေးကြောရေး၊ ကျောက်ထုခွဲရေးနှင့် မြေစာပစ်ရေးတို့အတွက် လည်းကောင်း လုပ်ငန်းသုံးနေရာ တစ်ခုခုကို အသုံးပြုခွင့်အတွက် ထုတ်ပေးထားသော ခွင့်ပြုချက်ကို ဆိုသည်။

(ဓ) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကို ဆိုသည်။

(န) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ) ပါလိုင်စင် အဓိပ္ပာယ် ဖွင့်ဆိုချက်ပါ လုပ်ငန်းတစ်ရပ်ရပ်အတွက်ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ရရှိသူကိုဆိုသည်။

(ပ) **အသင်းချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ကို ဆိုသည်။

(ဖ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကို ဆိုလိုသည်။

(ဗ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကျောက်မျက် ရတနာကြီးကြပ်ရေးဗဟိုကော်မတီကို ဆိုသည်။

(ဘ) **တန်ဖိုးဖြတ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျောက်မျက် ရတနာ တန်ဖိုးဖြတ်အဖွဲ့ကို ဆိုသည်။

(မ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ ဈေးကွက် ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများကို ခွင့်ပြုမိန့်နှင့် လိုင်စင်ရရှိ သူများအား လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရန်၊

(ဂ) ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများကို အချိန်အခါ မရွေး လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ကျောက်မျက် ရတနာဈေးများ ဖွင့်လှစ်ထားရှိရန်၊

(ဃ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌တရားမဝင် ထုတ်လုပ်ခြင်းများ ပပျောက်စေပြီး ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်း များကို ကာကွယ်တားဆီး နှိမ်နင်းရန်၊

(င) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် သုတေ သနလုပ်ငန်းများစီမံဆောင်ရွက်ရန်၊

(စ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်နှင့် ကျောက်မျက် ရတနာ လုပ်ကွက်များ ပိတ်သိမ်းပြီးနောက် မြေယာပြုပြင်ခြင်းနှင့် ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်။

**အခန်း(၃)**
**ရတနာနယ်မြေသတ်မှတ်ခြင်း**

၄။ ဝန်ကြီးဌာနသည် -

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ် ၁၀၈၇နေ ဦးအောင်နိုင်-ဒေါ်စမ်းစမ်းဝင်း၊ဦးခိုင်ဝင်း-ဒေါ်စမ်းစမ်းနွဲ့၊ဦးသန့်ဇင်-ဒေါ်သန်းသန်း၊ ဦးမျိုးသိမ်း-ဒေါ်စေတိုဂိုချီဂွန်ကို၊ ဒေါ်ခင်လှညွန့်၊ ဦးမျိုးလွင်-ဒေါ်ခင်ခင်ညွန့်၊ ဦးသန်းညွန့်-ဒေါ်ဝင်းဝင်းငွေး၊ ဦးဇော်သန်း-ဒေါ်မိမိစန်းတို့၏အစ်မ၊ တူ၊ တူမ ၂၁ယောက်တို့၏အဒေါ်၊ ဦးအောင်အောင်မျိုးသိမ်း (ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန) - ဒေါ်မြတ်သူဇာ(တွဲဖက်ပါမောက္ခ၊ ငြိမ်း၊ စီးပွားရေးတက္ကသိုလ်)တို့၏မိခင်၊ ဦးသန်းရွှေ၏ချစ်လှစွာသောဇနီးသည် ၁၂-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ပန်းချီဆရာကြီး ဦးရှိန်ထွန်း
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၃၇ (တတိယထပ်)နေ (ဒေါ်ဝင်းရွှေ)၏ခင်ပွန်း၊ ဦးငွေစိုး-ဒေါ်သီဂီ၊ ဦးမျိုးမြင့်(ပန်းချီ)-ဒေါ်ခင်နှင်းဆီ၊ ဒေါ်ခင်မမ၊ ဒေါက်တာထွန်းအောင်ကျော် (ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ တောင်ငူတက္ကသိုလ်) ဧည့်သုတေသနပညာရှင်၊ ILCAA ၊ တိုကျိုနိုင်ငံခြားဘာသာသင်တက္ကသိုလ်၊ ခေတ္တ-ဂျပန်-ဒေါက်တာမြမြဝင်း(ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါ်စန္ဒာဝင်း (လ/ထ ကထိက၊ ပန်းချီဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ ရန်ကုန်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၁-၃-၂၀၁၇ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီးတင်အေး (ငြိမ်း)
### ကြည်း-၈၀၂၀၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၁)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ပြည်ထောင်စုလမ်း၊ (၃၁/၉၆)ဝန်ထမ်းကြီးများရပ်ကွက်နေ ဒေါ်မူမူအေး၏ခင်ပွန်း၊ ဦးခင်မောင်အေး-ဒေါ်စန္ဒာနွယ်၊ ဦးသန်းငွေး-ဒေါ်နီနီထွန်း၊ ဒေါ်ချိုချိုအေး၊ ဒေါ်စန္ဒာအေး၊ ဒေါ်မိုးမိုးအေး၊ ဦးတင်အေးကျော်၊ ဗိုလ်မှူးမျိုးသူရ-ဒေါ်စုစုအေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၂-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိန်ဝင်း B.Sc (Eng.)
### တိုင်းအင်ဂျင်နီယာ(ငြိမ်း)
### ကုန်သွယ်/လယ်ယာ
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၁၀လမ်း၊ အမှတ် ၁၀၆၀နေ [ဦးကျော်ထိုက်(ခ)ဦးတော်ခိုင် - ဒေါ်ကျင်မြ]တို့၏သား၊ (ဦးကိုကိုရီ-ဒေါ်ခင်ခင်)တို့၏သားသမက်၊ ဒေါ်ခင်ကြူကြူ၏ခင်ပွန်း၊ (ဦးချစ်ဆွေ)-ဒေါ်ကြည်အောင်၊ (ဒေါက်တာအောင်လင်း-ဒေါ်မြညွန့်)၊(ဦးစောစိန်အမ်း-ဒေါ်စန်းစန်းမြင့်)၊ (ဦးမောင်မောင်မြင့်)-ဒေါ်မြမြကြည်တို့၏ညီ၊ (ဦးစိုးမင်း)-ဒေါက်တာကြူကြူ၊ ဦးအောင်ကျော်ဇံ၊ (ဦးကျော်သူ)တို့၏အစ်ကို၊ ကိုဝင်းသူရ၊ ဒေါက်တာကျော်ဆွေ-ဒေါက်တာဝင်းမိုမို၊ (ကိုဝင်းကျော်စွာ)၊ ကိုဝင်းညီညီ-မယုယုစိုး၊ကိုဇော်မင်းဦး-မဝင်းပြည့်စုံတို့၏ဖခင်၊မောင်သော်ဇင်၊ မပါရမီခင်ခင်၊ မောင်ဝီရ၊ မသန့်သဒ္ဒါဦး၊ မောင်ဇွဲမာန်အောင်တို့၏အဘိုးသည် ၁၂-၃-၂၀၁၇ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်မြကြည်(ခ)ဒေါ်မာလာသီဂီ
### အသက်(၇၁)နှစ်

(ဦးအုန်းမောင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးတင်ရွှေ)၏ဇနီး၊ (ဦးငွေသိန်း)-ဒေါ်သိန်းရီ၊ ဦးအုန်းမြင့်-ဒေါ်ခင်ကြိုင်၊ ဦးတိလောက၊ ဦးအောင်မင်း-ဒေါ်ညွန့်စိန်၊ (ဦးအောင်တင့်)-ဒေါ်မြင့်သိန်းတို့၏အစ်မ၊ ဦးအောင်မျိုး၊ ဦးဝင်းနိုင်-ဒေါ်ယုယုရွှေ၊ ဦးသန်းနိုင်-ဒေါ်ခိုင်ဇာဇာစိုးတို့၏မိခင်၊ ဗိုလ်မှူးမျိုးကိုကိုမြင့်-မမေဇင်ထိုက်၊ မောင်ဆုဝေ၊ မောင်မြတ်နိုးခန့်၊ မမြတ်ထားချိုတို့၏အဘွားသည် ၁၂-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၇ရက် (စနေနေ့) နံနက်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၄၆၁-ခ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
## ဦးသန်းဦး(ခ)ဦးဖိုးပါ(ခ)ဦးပါ(ခ)ဦးပါးမွေး
### အထက(၆)ဗိုလ်တထောင် (ယခင်စိန်ပေါလ်ကျောင်းသားဟောင်း)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ နေကြာလမ်း၊ တိုက် ၈၊ အခန်း ၁၀၃၊ လေးလွှာနေ (ဦးဖိုးစိန်-ဒေါ်မမလေး)တို့၏သား၊ (ဦးမောင်မောင်တင်)-ဒေါ်မူမူခင်တို့၏သားသမက်၊ ဦးဝင်းမြင့်-ဒေါ်ခင်သန္တာတင့်၊ (ဦးဝင်းတင့်)-ဒေါ်ပြုံးပြုံးကြည်၊ ဦးဘိုဘို-ဒေါ်ဝါဝါညိုတို့၏အစ်ကို၊ ဒေါ်ခင်မာဝေ၏ချစ်လှစွာသောခင်ပွန်း၊ မနွေးလဲ့ဖြူ(မြန်မာ့ရှေ့ဆောင်ဘဏ်)၊ မောင်လှမျိုးဦး(ခ)ပူတူး(B.E-EP ၊ နည်းပညာတက္ကသိုလ်၊ သန်လျင်)တို့၏ချစ်လှစွာသောဖခင်သည် ၁၂-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးဖြူးကျော် အသက်(၄၂)နှစ်
### (B.Sc Physics)
### DA (UK), IDCS (UK)
### (Logistic Officer)
### ပါရမီအထွေထွေရောဂါကုဆေးရုံကြီး

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၉/ခ-ဂ)နေ ဒေါက်တာဦးကျော်လှမြင့် (ဆေးရုံအုပ်ကြီး၊ အကြီးတန်း၊ ငြိမ်း) (နနလဆေးရုံကြီး) ရန်ကုန်-(ဒေါ်ယဉ်ရွှေထွန်း) အထည်အလိပ် အင်ဂျင်နီယာတို့၏သမီး၊ ဒေါ်ဝတ်ရည်ကျော်(Finance Officer, JPF)၊ ဦးဇေယျာကျော်တို့၏ညီမ၊ ဦးကျော်မိုးထွန်း၊ ဒေါက်တာစုမွန်ကျော်[Health & Nutrition Officer, UNICEF (MDY)]-ဦးဇင်မောင်စိုး(Chief Officer,Raffels Shipping Co., Ltd)တို့၏အစ်မသည် ၁၂-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တပေါင်းလပြည့်နေ့ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား



တပေါင်းလပြည့်နေ့တွင် ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ဒါနပြုသူများဖြင့် စည်ကားလျက်ရှိစဉ် ဓာတ်ပုံ-တင်စိုး

**သတင်း-ကိုကိုဇော်**

**ရန်ကုန် မတ် ၁၂**

တပေါင်းလသည် ဆောင်းတစ်ဝက်၊ နွေတစ်ဝက်လဖြစ်၍ "နေ့ပူလို့ညချမ်း တပေါင်းလသရမ်း" ဟု ဆိုစမှတ်ပြုကြလေ သည်။ တပေါင်းလသည် ဆောင်းကြွင်း နွေဦးလဖြစ်ကာ သစ်ပင်များ ရွက်ဟောင်းများစွန့်၍ ရွက်သစ်လွန်ကာ အညွန့်၊ အညှောက်လေးများ ပေါ်ထွက်လာခြင်းဖြင့် တင့်တယ်သာယာလှပေသည်။

"တပေါင်းသာခေါင်၊ လများနောင်" ဟူသော ဆိုစကားနှင့်အညီ တပေါင်းလတွင် မြစ်ချောင်းများရေစစ်ကာ သောင်ခုံသဲပြင်များ ပေါ်ထွန်းသဖြင့် သဲပုံစေတီပွဲကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ဘုရားပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

ရွှေတိဂုံစေတီတော်၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် အရုဏ်တက်တွင် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရေစက်ချအခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း

စာမျက်နှာ ၇ ကော်လံ ၁ ❁

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၄ ရက် သတင်းစာတွင် ပါရှိမည်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၁၄ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။

(မြန်မာ့အလင်း)

## ထိပ်ဆုံးမှ ရန်ကုန်အသင်း ခုနစ်ပွဲဆက်အနိုင်ရ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် မတ် ၁၂**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉)တတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရန်ကုန်နှင့် ရောဝတီအသင်းတို့ အနိုင်ရခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ပထမပိုင်းသွင်းဂိုးဖြင့် ခုနစ်ပွဲဆက်အနိုင်ရခဲ့ပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ခြေစွမ်းပိုင်းအရ အကောင်းဆုံးပုံစံ ပြသနိုင်ခြင်း မရှိခဲ့သော်လည်း လိုအပ် နေသည့် အနိုင်သုံးမှတ်ကို ရှာဖွေနိုင်

စာမျက်နှာ ၇ ကော်လံ ၂ ❁



ဇွဲကပင်နှင့် ရန်ကုန်အသင်းယှဉ်ပြိုင်နေစဉ်

## တောင်ကိုရီးယား သမ္မတဟောင်း ပတ်ဂွမ်ဟေး အိမ်ပြာတော်မှ နှုတ်ဆက်ထွက်ခွာ

စာ » ၁၀

## မံဝိန်းကြီးနယ်မြေအတွင်း တစ်ဖက်နိုင်ငံသားများအား တရားမဝင်သစ်ခိုးထုတ်ရာတွင် အသုံးပြုသော ယာဉ်၊ ယန္တရားမျိုးစုံနှင့်အတူ ဖမ်းဆီးရမိ

စာ » ၁၃



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ မတ် ၁၃၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ဒီမိုကရေစီအုတ်မြစ် ခိုင်မာအောင် တည်ဆောက်နေသည့် အမျိုးသားလွှတ်တော်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

သတင်းဆောင်းပါး - သူရဇော်(သတင်းစဉ်)၊ ဓာတ်ပုံ - ကျော်ဇင်ထိုက်(သတင်းစဉ်)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ** မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သကာ လွှတ်တော်အစည်းအဝေးကြီးကို စတင်လိုက်သည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာစဉ်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် စတင်ခဲ့သည်။ ပထမပုံမှန်အစည်းအဝေး၏ ပထမနေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထဲမှ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးချယ်တင်မြှောက်ခဲ့သည်။

တိုင်းရင်းသား ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းခဲ့သော ဒုတိယအကြိမ် အမျိုးသားလွှတ်တော်သည် ယခုဆိုလျှင် သက်တမ်းတစ်နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနက် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးမှ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးဟင်နရီဗန်ထီးယူကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ပြည်သူ့ငွေစာရင်းကော်မတီဝင် တစ်ဦးဖြစ်သူ ဦးဟင်နရီဗန်ထီးယူသည် မတ်လ ၁၁ ရက်နေ့တွင် ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် နာယက ရှေ့မှောက်၌ ကတိသစ္စာပြုကာ ဒုတိယသမ္မတတာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။

## ပြည်သူ့ဆန္ဒများ

နိုင်ငံတော်အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့၏ ကိုယ်စားလှယ်များ ဖြစ်သည်နှင့်အညီ လွှတ်တော်အစည်းအဝေးများ၌ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် ဥပဒေပြုခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူ့ဆန္ဒများကို လွှတ်တော်၏ အသံအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ မိမိတို့ရဲ့မဲဆန္ဒနယ်ကိုဆင်းပြီး ပြည်သူတွေရဲ့ လိုအပ်ချက်၊ ဒေသတွင်း လိုအပ်ချက်တွေကို ရှာဖွေပြီး လွှတ်တော်အတွင်း မေးခွန်းတွေ မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတွေကို မိမိတို့ရဲ့ဒေသ မိမိတို့ ပြည်သူတွေအတွက် ဆောင်ရွက်နေပါတယ်"ဟု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

## မေးခွန်းပေါင်း ၂၈၄ ခု

တိုင်းရင်းသားပြည်သူများ၏ အကျိုးနှင့် ဒေသအကျိုးအတွက် အမှန်တကယ် လိုအပ်လျက်ရှိသော ကိစ္စများ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များစွာကို ပြည်သူလူထုအကျိုးငှာ ကြယ်ပွင့်ပြ မေးခွန်းပေါင်း ၂၈၄ ခုနှင့် ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၁၆၀ တို့ကို မေးမြန်းခဲ့ပြီး အဆို လေးခုကိုလည်း တင်သွင်းနိုင်ခဲ့သည်။

ပြည်သူများ၏ အကျိုးနှင့်စပ်လျဉ်း၍ ပြည်သူ့ရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန် အမြဲတမ်းကော်မတီ ၄ ရပ်နှင့် လွှတ်တော်ရေးရာ ကော်မတီ ၁၂ ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက "လွှတ်တော်မှာ ဖွဲ့စည်းရမယ့် ကော်မတီတွေဖြစ်တဲ့ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွေကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူလူထုနဲ့ တိုင်းပြည်အတွက် လိုအပ်တဲ့ကိစ္စရပ်တွေ ဆောင်ရွက်နိုင်ဖို့အတွက်လည်း ကော်မတီ ၁၂ ခုကို ဖွဲ့စည်းခဲ့ပါတယ်"ဟု ပြောကြားသည်။

## စဉ်ဆက်မပြတ် ဆောင်ရွက်နေ

လွှတ်တော်ကော်မတီများသည် လွှတ်တော်အငယ်များ (Mini Parliament) ဖြစ်သည်နှင့်အညီ အစိုးရဝန်ကြီးဌာနများ၏

**အချပ်ပို (ခ) သို့**




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်

အချပ်ပို (က)မှ

လုပ်ငန်းများအား အပြန်အလှန် ထိန်းကျောင်းသည့်အနေဖြင့် စိစစ်မှုများဆောင်ရွက်ခြင်း၊ ပြည်သူလူထု၏ ဆန္ဒသဘောထားများကို ကူညီဖြည့်ဆည်းခြင်း၊ ပြည်သူလူထုအကျိုး ဖြစ်ထွန်းစေမည့် ဥပဒေများရေးဆွဲခြင်း၊ ခေတ်ကာလနှင့် မကိုက်ညီသည့် ဥပဒေများကို အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းများဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။

"လွှတ်တော်ကိုယ်စားလှယ်တွေ အရည်အသွေးမြင့်မားရေးအတွက် ပညာရှင်တွေ၊ အဖွဲ့အစည်းတွေ ဖိတ်ခေါ်ပြီး လွှတ်တော်အတွင်း ဆွေးနွေးပွဲတွေကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်"ဟု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။

**ဥပဒေကြမ်းကော်မတီ**

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄(က)၊ နည်းဥပဒေ ၄၄(က)အရ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဇော်မင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ၎င်းအပါအဝင် ကိုယ်စားလှယ် ၁၅ ဦးဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

အဆိုပါ ဥပဒေကြမ်းကော်မတီအနေဖြင့် အစိုးရသစ်တာဝန်ယူခဲ့သည့် တစ်နှစ်အတွင်း အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးသည့် ဥပဒေပေါင်း ၂၂ ခုအနက် ၁၅ ခု ဆောင်ရွက်ပြီးစီးခဲ့သည်။ ကျန်ဥပဒေ ၅ ခုမှာ ဆောင်ရွက်နေဆဲဖြစ်ပြီး ဥပဒေ ၂ ခုကို ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည်။ ပြည်သူ့လွှတ်တော်၌ စတင်ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော ဥပဒေ ၁၁ ခုအနက် ၉ ခုမှာ ဆောင်ရွက်ပြီးစီး၍ ၂ ခုမှာ ဆောင်ရွက်နေဆဲဖြစ်သည်။ တစ်နှစ်တာကာလအတွင်း ဥပဒေပေါင်း ၂၄ ခု တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့ပြီး ၉ ခုမှာ ဆောင်ရွက်ဆဲဖြစ်သည်။

အစိုးရသစ် တာဝန်ယူသည့် တစ်နှစ်တာ ကာလအတွင်း အသစ်ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေ ၅ ခု၊ ပြင်ဆင်ရေးဆွဲသည့် ဥပဒေ ၈ ခုနှင့် ရုပ်သိမ်း၊ ပယ်ဖျက်သည့် ဥပဒေ ၆ ခု စသည်ဖြင့် ဥပဒေပေါင်း ၁၉ ခုကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ဆောင်ရွက်နိုင်ခဲ့သည်။

**ကော်မတီအစည်းအဝေး ၆၂ ကြိမ်**

ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ၏ ဥပဒေပြုခြင်းဆိုင်ရာများအား နိုင်ငံသားများ၏ အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ပညာရှင်များပါဝင်သော ကော်မတီအစည်းအဝေးများကိုလည်း ၆၂ ကြိမ် ကျင်းပနိုင်ခဲ့သည်။

"လွှတ်တော်အနေနဲ့ ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရတာဖြစ်လို့ နိုင်ငံတော်နဲ့ ပြည်သူ ပြည်သားတွေရဲ့ အကျိုးကို ဖော်ဆောင်ပေးမယ့် ဥပဒေတွေကို အသစ် ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် တိုင်းပြည်နဲ့ ပြည်သူ ပြည်သားတွေအတွက် အကျိုးမဖြစ်တဲ့ ဥပဒေတွေကို ရုပ်သိမ်းခဲ့သလို နိုင်ငံတော်အတွက် အလွန်အရေးကြီးတဲ့ ငြိမ်းချမ်းရေးရဖို့အတွက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်တွေက ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်"ဟု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။

**ပြည်သူ့ငွေစာရင်းကော်မတီ**

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ အဖွဲ့ဝင် ၁၄ ဦးဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် ပြည်သူ့ငွေစာရင်းကော်မတီသည် တစ်နှစ်တာကာလအတွင်း ကော်မတီ၏ အစည်းအဝေး ၁၅ ကြိမ် ဆောင်ရွက်ခဲ့သည်။ ယင်းကော်မတီသည် ဧည့်သည်တော်များနှင့် တွေ့ဆုံခြင်း၊ ဆွေးနွေးပွဲများ တက်ရောက်ခြင်း၊ အခမ်းအနားများ တက်ရောက်ခြင်း စုစုပေါင်း ၄၃ ကြိမ် ဆောင်ရွက်ခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးမှုဖြင့် ပြည်သူ့ငွေစာရင်းကော်မတီသည် မြန်မာ့အာမခံဥပဒေ (၁၉၉၃) နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ(၂၀၁၂)တို့ကို လေ့လာဆောင်ရွက်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ မြန်မာ့အာမခံလုပ်ငန်း၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရ ပုဂ္ဂလိက အာမခံလုပ်ငန်း ၁၁ ခုနှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုလုပ်ကိုင်ခွင့်ရ ပုဂ္ဂလိကဘဏ် ၁၇ ခုတို့ မှ တာဝန်ရှိသူများကို ဖိတ်ကြားကာ အစည်းအဝေးများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဥပဒေများ နှင့်ပတ်သက်၍ အပြန်အလှန် အသေးစိတ်မေးမြန်းဆွေးနွေးခြင်း၊ လွှတ်တော်သို့ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ဟန်ချက်ညီညီ**

ပြည်သူ့ငွေစာရင်းကော်မတီ၏ ဆောင်ရွက်ချက်များကို လွှတ်တော်သို့ အစီရင်ခံစာများ ရေးသားတင်သွင်း၍ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်မှုအစိုးရအဖွဲ့တို့အကြား ဟန်ချက်ညီညီဖြင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ဂ) အရ ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး တစ်ဦးအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖေဖော်ဝါရီ ၈ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးအေးသာအောင်က ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။

အချပ်ပို (ဂ)သို့



အမျိုးသားလွှတ်တော်အစည်းအဝေး တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်

**အမျိုးသားလွှတ်တော်အနေနဲ့ နိုင်ငံတော် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုတွေ လိုချင်တောင့်တနေသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက် မိမိတို့၏ အခန်းကဏ္ဍမှာ စိတ်ထားဖြူစင်ရိုးသားစွာ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါလို့ ပန်ကြားလိုပါတယ်။**



ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ရန် မဲရေတွက်နေစဉ်

အချပ်ပို (ခ)မှ

လွှတ်တော် အခွင့်အရေးကော်မတီသည် အစည်းအဝေး တက်ရောက်လာသည့် ကိုယ်စားလှယ်များကို စိစစ်အတည်ပြုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းစေရန် ကြပ်မတ်ခြင်း စသည့် တာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

**မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေ**

အစိုးရသစ်တာဝန်ယူသည့် တစ်နှစ်တာကာလအတွင်း လွှတ်တော်အစည်းအဝေး ကျင်းပခဲ့သည့် ရက်ပေါင်း ၁၀၃ ရက်တွင် အစည်းအဝေးတက်ရောက်သူ လွှတ်တော် ကိုယ်စားလှယ်များကို နေ့စဉ်စိစစ်အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။ ကော်မတီဝင်များနှင့် ဥပဒေဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပေါင်း ၁၁ ကြိမ် ဆောင်ရွက်ခဲ့ပြီး ကော်မတီသို့ တာဝန်ပေးသည့် ဥပဒေများကို ဆွေးနွေးကြားနာညှိနှိုင်းခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပညာရေးမူဝါဒကျွမ်းကျင်သူများ၊ တတ်သိပညာရှင်များနှင့် အကြိမ်ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေး၍ အမျိုးသားလွှတ်တော်မှ အတည်ပြုနိုင်ရန် တင်ပြဆောင်ရွက်နိုင်ခဲ့သည်။

လွှတ်တော် အခွင့်အရေးကော်မတီဝင်များသည် ဩဂုတ်လတွင် ရန်ကုန်တရားမျှတမှုစင်တာမှ ရှေ့နေဝန်ထမ်းများ ပါဝင်သော အဖွဲ့ဝင် ၆၁ ဦးနှင့်တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ တရားဥပဒေ အကာအကွယ် ပြည့်ပြည့်ဝဝရရှိရေး၊ ပြည်သူလူထုအတွင်း ဥပဒေများပျံ့နှံ့သိရှိစေရန် ဆောင်ရွက်ရေး၊ ခေတ်နှင့် မလျော်ညီသောဥပဒေများ၊ ဒီမိုကရေစီ စံချိန်စံညွှန်း မကိုက်ညီသော ဥပဒေများကို ရေးဆွဲ၊ ပယ်ဖျက်၊ ပြင်ဆင်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**ကျယ်ကျယ်ပြန့်ပြန့်**

ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် လွှတ်တော်အခွင့်အရေး ကော်မတီ ဥက္ကဋ္ဌဦးစီးသော အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရုံးမှ နိုင်ငံရေးဆိုင်ရာအကြံပေး Mr. Andreas Magnusson အဖွဲ့နှင့်တွေ့ဆုံ၍ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှုများ၊ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန် ရည်မှန်းချက်များ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။ အမျိုးသားလွှတ်တော် အခွင့်အရေးကော်မတီသည် လွှတ်တော်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ကော်မတီဝင် ၁၅ ဦးဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက လွှတ်တော် အစည်းအဝေးများတွင် ဖြေကြားခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို သတ်မှတ်ကာလအတွင်း ကတိကဝတ်ပေးခဲ့သည့်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ၊ မရှိကို စိစစ်ရသည့် တာဝန်ကို ထမ်းဆောင်ရသည့် ဥက္ကဋ္ဌမှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဖြစ်သည်။

**မေးခွန်းပေါင်း ၄၄၄ ခု**

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း လွှတ်တော် ကိုယ်စားလှယ်အသီးသီးက လွှတ်တော်အစည်းအဝေးတွင် ပြည်သူလူထု၏ အကျိုးနှင့်စပ်လျဉ်း၍ မေးခွန်းပေါင်း ၄၄၄ ခုနှင့် အဆို ၄ ခု မေးမြန်းတင်သွင်းခဲ့သည်။ ယင်းတို့အနက်မှ ပြည်ထောင်စုအဖွဲ့ဝင်များက ဆောင်ရွက်ပေးရန် ကတိပေးခဲ့သည့် မေးခွန်း ၂၄၆ ခု၊ အတည်ပြုအဆို တစ်ခု၊ အတည်မပြုအဆို တစ်ခုနှင့် မှတ်တမ်းတင်အဆို နှစ်ခုရှိခဲ့ကြောင်း သိရသည်။

ကော်မတီအနေဖြင့် အဆို၊ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများ နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများကို ဖိတ်ကြားပြီး အတည်ပြုခြင်း၊ လုပ်ငန်းတိုးတက်မှု အခြေအနေများကို လစဉ်အကြောင်း ပြန်ကြားစေခြင်း၊ လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပြီး အစိုးရနှင့် လွှတ်တော်အကြား ဟန်ချက်ညီညီဖြင့် ထိန်းကျောင်းလျက်ရှိသည်။

**တိုင်ကြားစာပေါင်း ၄၃၆၇ စောင်**

အမျိုးသားလွှတ်တော်က ပြည်သူတို့၏ တိုင်ကြားစာ ကော်မတီကို လွှတ်တော်ကိုယ်စား လှယ် ၁၅ ဦးဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌမှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့် ဖြစ်သည်။ ကော်မတီစတင်ဖွဲ့စည်းချိန်မှ ယခုနှစ် ဇန်နဝါရီလကုန်အထိ တိုင်ကြားစာပေါင်း ၄၃၆၇ စောင် လက်ခံရရှိ ခဲ့ပြီး မိတ္တူ ၁၃၀၇ စောင်နှင့် လယ်ယာမြေအမှုတွဲ ၅၅၅ စောင်ပါဝင်သည်။ ယင်းတိုင်ကြားစာများအနက် တရားရုံးတစ်ခုခုမှ ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုရသေးသော ကိစ္စရပ်များမှအပ မှန်ကန်သော တိုင်ကြားချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက် ပေးလျက်ရှိသည်။

အချပ်ပို (ဃ)သို့



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသား ညီလာခံ ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan အား တွေ့ဆုံစဉ်**

**အချပ်ပို (၈)မှ**

"ပြည်သူတွေရဲ့တိုင်ကြားမှုတွေကိုလည်း လိုအပ်ရင်၊ လိုအပ်သလို ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်တွေကို ဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အစိုးရအဖွဲ့အစည်းတွေထံ ပေးပို့ဆောင်ရွက်နေသလို ဆက်လက်၍လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

ပြည်သူလူထု၏ အကျိုးစီးပွားနှင့် စပ်ဆိုင်သော ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဒေသများသို့ ကွင်းဆင်းစစ်ဆေးခြင်း ၈ ကြိမ် ဆောင်ရွက်ခဲ့သည်။ တိုင်ကြားသူမှ နစ်နာသည်ဟု ယူဆရသော ကိစ္စရပ်များအပေါ် ကော်မတီသို့ခေါ်ယူ၍ ကြားနာမှု နှစ်ကြိမ်၊ တိုင်ကြားစာများအား အာဏာပိုင်အဖွဲ့အစည်းများသို့ အမှုတွဲ ၁၄ စောင်၊ ဝန်ကြီးဌာနများသို့ ၃၅ စောင်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ အမှုတွဲ ၈၆ စောင် ပေးပို့ဖြေရှင်း ဆောင်ရွက်ခဲ့သည်။

**လယ်ယာမြေ အမှုတွဲ ၃၅၈ စောင်**

လယ်ယာမြေနှင့် အခြားလယ်မြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသို့ လယ်ယာမြေ အမှုတွဲ ၃၅၈ စောင် လွှဲပြောင်းပေးပို့နိုင်ခဲ့ပြီး တိုင်ကြားလာသော ကာယကံရှင်များထံ ပြန်ကြားစာစောင် ၁၄၁ စောင် ပြန်ကြားဆောင်ရွက်ခဲ့သည်။ တိုင်ကြားစာကော်မတီသည် ပြည်သူတို့၏ နစ်နာချက်များ၊ လိုအပ်ချက်များအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးနေသည်ဟုလည်း သိရသည်။

ဆက်လက်၍လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက "ကော်မတီတွေမှာ တာဝန်ယူဆောင်ရွက်တဲ့ ကိုယ်စားလှယ်တွေကလည်း မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို အသိပညာ၊ အတတ်ပညာရှင်တွေ၊ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ကြပါတယ်"ဟု ဆိုသည်။

**ရေးရာကော်မတီ ၁၂ ရပ်**

အမျိုးသားလွှတ်တော်သည် ပြည်သူတို့၏ အကျိုးအတွက် ဖွဲ့စည်းထားရှိသောရေးရာကော်မတီ ၁၂ ရပ်ဖြင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကော်မတီအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များကို ဖိတ်ကြား၍ ဥပဒေများ ပိုမိုခိုင်မာအားကောင်းစေရန် အစည်းအဝေးများ အကြိမ်ကြိမ် ပြုလုပ်ခြင်း၊ ပြည်သူ့လိုလားချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ကွင်းဆင်းလေ့လာ ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာ ကော်မတီများသို့ ရောက်ရှိလာသော တိုင်ကြားစာများကို စစ်ဆေး၍ ပြည်သူတို့၏ မူလအခွင့်အရေးများ မနစ်နာစေရေးအတွက် ဖြေရှင်းပေးခြင်းများကို ကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီသည် ရမည်းသင်းနှင့် လွိုင်ကော်မြို့များရှိ အကျဉ်းထောင်များသို့ သွားရောက်၍ အကျဉ်းသားများ၏ လူ့အခွင့်အရေး အခြေအနေများကို ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် လည်း တနင်္သာရီနှင့် ရခိုင်ဒေသတို့သို့ ၅ ကြိမ် ကွင်းဆင်းစစ်ဆေး၍ ရေလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးအခြေအနေများ ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သလို တိုင်းရင်းသားရေးရာကော်မတီသည် တိုင်းရင်းသားတို့၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ပိုမိုဖော်ထုတ် ပျိုးထောင်ပေးနိုင်ရန် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(ရွာသစ်ကြီး)သို့ သွားရောက်ကာ ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့သည်။

**အဆုံးသတ်စေခဲ့**

ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီသည် အလုပ်သမားအရေးကိစ္စများ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ပုလိပ်မြို့ရှိ ပန်ဒါချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံသို့ သွားရောက်၍ ညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် ၈ လကျော်ကြာမြင့်ခဲ့သော အလုပ်သမားဆန္ဒပြမှုကို အဆုံးသတ်စေခဲ့ပြီး သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်။ ဤသည်မှာ ပြည်သူ့လိုလားချက်များကို လွှတ်တော်က ဖော်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

လွှတ်တော်၏ တစ်နှစ်တာ ကာလအတွင်း လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက "ကျွန်တော်တို့ အမျိုးသားလွှတ်တော်အနေနဲ့ နိုင်ငံတော်ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုတွေလိုချင် တောင့်တနေသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ပေါက်ရေးတို့အတွက် မိမိတို့၏ အခန်းကဏ္ဍမှာ စိတ်ထားဖြူစင်ရိုးသားစွာ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါလို့ ပန်ကြားလိုပါတယ်"ဟု ဖိတ်ခေါ်ခဲ့သည်။

**ဒီမိုကရေစီအုတ်မြစ်**

အမျိုးသားလွှတ်တော်သည် ဥပဒေများ အသစ်ရေးဆွဲခြင်း၊ အတည်ပြုပြဋ္ဌာန်းနိုင်ရန် စိစစ်ဆွေးနွေးခြင်း စသည့် ဥပဒေပြုခြင်းတာဝန်များအပြင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များအား ထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေရှိ ပြည်သူလူထု၏ အသံကို နားထောင်၍ ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေးလုပ်ငန်းစဉ်အား ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. John Bercow အား တွေ့ဆုံစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ နီကိုလိုင်း လစ်တိုပါဒေါ့ပ်အား လက်ခံတွေ့ဆုံစဉ်**



**ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးအတွက် ရွေးကောက်ခံကိုယ်စားလှယ်များ ဆန္ဒမဲပေးကြစဉ်**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန



# ဘာသာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာတို့တွင်

# ဆက်လက်တာဝန်ကျေနေဦးမည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

● သတင်းဆောင်းပါး-ဖြိုးစန္ဒာမြင့်(ကြေးမုံ)

ရွှေရောင်တိုင်းပြည် ‘Golden Land ’ဟု တင်စားခေါ်ဝေါ်သည့် မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှများနှင့်အတူ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ဘုရား၊ ပုထိုးစေတီများသည်လည်း နိုင်ငံခြားသားခရီးသွားများအတွက် စိတ်ဝင်တစား လေ့လာချင်စရာ ဆွဲဆောင်မှုများပင်ဖြစ်သည်။ မြန်မာနိုင်ငံသို့ရောက်လျှင် နိုင်ငံခြားခရီးသွားများ မဖြစ်မနေသွားလေ့ရှိသည့် နေရာများတွင် ရွှေရောင်တဝင်းဝင်းနှင့် တင့်တယ်သပ္ပာယ်လှသည့် ရွှေတိဂုံစေတီတော်ကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာမှာသာမက ကမ္ဘာကပါ အလေးအမြတ်ထားရသည့် နိုင်ငံ့ဂုဏ်ဆောင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အခြားဘုရားစေတီများ၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရန် ဗုဒ္ဓဝေယျာဝစ္စလုပ်ငန်းများကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်ရေးအပါအဝင် **ဘာသာရေး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများကို စီမံဆောင်ရွက်နေသည်မှာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနပင်ဖြစ်သည်။**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ အစိုးရသစ်သက်တမ်းတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့သစ်ဖွဲ့စည်းခြင်းနှင့် စည်းမျဉ်းသစ်များကို ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ရေးဆွဲခြင်းစသည့် ထာဝရဘက်စုံလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ရွှေတိဂုံစေတီတော်၏ ယခုအချိန်ထိ ဘဏ္ဍာငွေမှာ မြန်မာငွေကျပ် ဘီလီယံ ၆၀ကျော်နှင့် ဒေါ်လာသန်း ၂၀ ကျော်ရရှိနေပြီဖြစ်ပြီး ရင်ပြင်တော်တွင် နေပူခံကျောက်ပြားများလဲလှယ်တပ်ဆင်ရေးလုပ်ငန်းများ နှင့် စောင်းတန်းအသွယ်သွယ်ရှိ ဖိနပ်အပ်လုပ်ငန်းများကို အခမဲ့စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအစီအစဉ်များ ရေးဆွဲလျက် ရှိသည်။

ယခုနှစ် ပွင့်လင်းရာသီမှစတင်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေပြားသင်္ကန်းတော်များ ကပ်လှူရာတွင် စံချိန်စံညွှန်းကိုက်ညီသည့် ရွှေသင်္ကန်းတော်များ ကပ်လှူနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသလို စေတီတော်ပရိဝုဏ်အတွင်း မောင်းသူမဲ့ ဒရုန်းလေယာဉ်များ လွှင့်တင်ပြီး စေတီတော်လုံခြုံရေးခြိမ်းခြောက်မှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက်လည်း ဆောင်ရွက်ထားရှိကြောင်း သိရသည်။

“ဒီမောင်းသူမဲ့လေယာဉ်တွေကနေ ဖောက်ခွဲဖျက်ဆီးတဲ့ ပစ္စည်းတွေ ဒါမှမဟုတ် လူတွေကိုထိခိုက်နိုင်တဲ့ ဖောက်ခွဲပစ္စည်းတွေ တင်ပြီးတော့ အနှောင့်အယှက်ပေး လာ နိုင် တဲ့ အန္တရာယ်တွေနဲ့ ကြုံတွေ့လာနိုင်ဖွယ်ရှိပါတယ်။ ဒါကြောင့် ဒီမောင်းသူမဲ့လေယာဉ်တွေကို စေတီတော်ဂေါပကအဖွဲ့က Anti Drone လို့ခေါ်တဲ့ ထိန်းချုပ်စက်တွေ ဝယ်ယူထားပြီး ဖြစ်ပါတယ်။ နောက်ပြီး စေတီတော် လုံခြုံရေး အတွက် CCTV အားဖြည့်တာတွေ၊ ပရိဝုဏ်အောက်ခြေပတ်လည်တစ်လျှောက် အလင်းမီးတိုင်များ အားဖြည့်တဲ့စနစ်တွေ ပြုပြင်ပြောင်းလဲနေပါတယ်”ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇာနည်ဝင်းက ပြောသည်။

ထို့ပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် စောင်းတန်း အသွယ်သွယ် ပြင်ဆင်ခြင်း၊ ကြွေပြားများ လဲလှယ်ခြင်း၊ ဂန္ဓကုဋိတိုက်တော်တွင် ရွှေဇဝါ ယွန်းလဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသလို ၁၉၅၂ ခုနှစ်မှ စတင်ပေါ်ပေါက်ခဲ့ပြီး နှစ်ပေါင်းကြာမြင့် လာ၍ ကောလာသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ရှိ ဘောမဲ့ကန်များ ပြုပြင်ခြင်းတို့ကိုလည်းအလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံရှိ အံ့ဖွယ်ထူးခြားဘုရားစေတီများတွင် တစ်ဆူအပါအဝင်ဖြစ်သည့် မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင်လည်း နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အပါအဝင် ပြည်သူများက ဂေါပကအဖွဲ့၏ စီမံဆောင်ရွက်မှုများကို ဝေဖန် ထောက်ပြခဲ့ရာ ဝန်ကြီးဌာနက ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည်။

“ပြောင်းလဲတဲ့နေရာမှာ အရင်တုန်းက အလှူခံပုံးတွေဟာ ကန်ထရိုက်ပေးတာကြောင့် ဘုရားဖူးပြည်သူတွေ စိတ်အနှောင့်အယှက်ကြုံတွေ့ကြရတာတွေ ရှိပါတယ်။ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နဲ့ ဆက်နွယ်တဲ့ စီးပွားရေး လုပ်ငန်းတွေမှာ ခေတ်အဆက်ဆက်က ချုပ်ဆိုထားခဲ့တဲ့ စာချုပ် စာတမ်းတွေက ချုပ်ဆိုပိုင်ခွင့်မရှိတဲ့ အဖွဲ့အစည်းတွေက နှစ်ရှည်လများ စာချုပ်တွေချုပ်ထားတာကို

**အချပ်ပို (စ) သို့**



ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ပြတိုက်

**မြန်မာမှာသာမက ကမ္ဘာကပါ အလေးအမြတ်ထားရသည့် နိုင်ငံ့ဂုဏ်ဆောင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အခြားဘုရားစေတီများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရန် ဗုဒ္ဓဝေယျာဝစ္စလုပ်ငန်းများကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်ရေးအပါအဝင် ဘာသာရေး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများကို စီမံဆောင်ရွက်နေသည်မှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပင်ဖြစ်သည်။**


မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီး

* ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးမှ ယခင်နှစ် လေးလတာအတွင်းက ငွေကျပ်သိန်းပေါင်း လေးထောင့်ရှစ်ရာကိုးဆယ့်သုံးသိန်းကျော် အလှူငွေရရှိခဲ့ပြီး

* ယခုနှစ် လေးလတာကာလအတွင်းတွင် ငွေကျပ်သိန်းပေါင်း တစ်သောင်းငါးထောင် လေးရာငါးဆယ့်ခုနစ်သိန်းကျော် ရရှိခဲ့ခြင်းကြောင့် တိုးတက်မှုပမာဏအနေဖြင့် ငွေကျပ်သိန်းပေါင်း တစ်သောင်းငါးရာ ခြောက်ဆယ့်လေးသိန်းကျော် တိုးတက်ရရှိခဲ့

အချပ်ပို(င)မှ

လေ့လာတွေ့ရှိရပါတယ်။ အဲဒီစာချုပ်စာတမ်းတွေကို ပြည်ထောင်စုဝန်ကြီးအမှူးပြုတဲ့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာပဲ အကုန်ပယ်ဖျက်ဖို့ ဆောင်ရွက်ခဲ့ပါတယ်"ဟု ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇာနည်ဝင်းက ပြောသည်။

ထို့ပြင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးသွားရောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် နေထိုင်ရေးအတွက် တည်းခိုခန်းများကိုလည်း အခမဲ့တည်းခိုနိုင်ရန်၊ အနည်းဆုံးအခငွေဖြစ်စေရန်နှင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အလှူငွေများ များစွာရရှိ**

ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးမှ ယခင်နှစ် လေးလတာအတွင်းက ငွေကျပ်သိန်းပေါင်း လေးထောင့်ရှစ်ရာကိုးဆယ့် သုံးသိန်းကျော် အလှူငွေရရှိခဲ့ပြီး ယခုနှစ် လေးလတာကာလအတွင်းတွင် ငွေကျပ်သိန်းပေါင်း တစ်သောင်းငါးထောင်လေးရာ ငါးဆယ့်ခုနစ်သိန်းကျော် ရရှိခဲ့ခြင်းကြောင့် တိုးတက်မှုပမာဏအနေဖြင့် ငွေကျပ်သိန်းပေါင်း တစ်သောင်းငါးရာခြောက်ဆယ့်လေးသိန်းကျော် တိုးတက်ရရှိခဲ့သည်ကို ပြည်သူများထံ အသိပေးပြီးဖြစ်ကြောင်းလည်း သိရသည်။

နေ့စဉ်နေ့တိုင်းလိုလို ပြည်တွင်းဘုရားဖူးများ၊ ပြည်ပမှ နိုင်ငံခြားသားခရီးသွားဖြင့် စည်ကားလျက်ရှိသည့် မြန်မာ့ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကိုလည်း တန်ခိုးကြီးဘုရားများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်းကာ ဂေါပကအဖွဲ့စည်းမျဉ်းများရေးဆွဲခြင်း၊ ဂေါပကအသစ် ရွေးချယ်တင်မြှောက်ခြင်း စသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။

**နိုင်ငံတော်သံဃမဟာနာယက ဝက်ဘ်ဆိုက်ကို လွှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့**

အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ပါမောက္ခချုပ် ဆရာတော် သီတင်းသုံးသည့်အဆောင်ကို အလှူရှင်များနှင့်ပူးပေါင်းကာ ဆောက်လုပ်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ဆောင်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကမ္ဘာတစ်ဝန်းသို့ ထုတ်လွှင့်ပြသနိုင်ရေးအတွက် ပြီးခဲ့သည့်နှစ် ဩဂုတ်လ ၂၅ ရက်နေ့မှစတင်ကာ နိုင်ငံတော်သံဃမဟာနာယက ဝက်ဘ်ဆိုက်ကို လွှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တိုင်းရင်းသားလူမျိုးများစွာနှင့် ကိုးကွယ်ရာဘာသာပေါင်းစုံ မှီတင်းနေထိုင်ကြသည့် မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇာနည်ဝင်းက "လက်ရှိမှာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဗဟိုက တစ်ဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်က ၁၁ ဖွဲ့၊ ခရိုင်အဆင့်က ၃၉ ဖွဲ့၊ မြို့နယ်အဆင့်က ၇၆ ဖွဲ့၊ စုစုပေါင်း ၁၂၇ ဖွဲ့ ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။ နောက်ပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး လှုပ်ရှားမှုတွေကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အဆင့်နဲ့ မြို့နယ် အဆင့်တွေမှာ စုစုပေါင်း ၆၆ ကြိမ် လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်"ဟု ပြောသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အမုန်းစကားကာကွယ်တားဆီးရေး ဥပဒေမူကြမ်းကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ရေးဆွဲပြီး ပညာရှင်များဖြင့် စိစစ်ပြင်ဆင်ကာ ရှေ့နေချုပ်ရုံးသို့ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဌာနမှတစ်ဆင့် နိုင်ငံတကာသဘောထားများ ရယူ၍လည်းကောင်း မူကြမ်းပြန်လည် ပြုစုပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အချပ်ပို(ဆ)သို့


ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်နေကြသည့် ဘုရားဖူးဧည့်သည်များ


ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ပရိဝုဏ်နှင့်ဆက်စပ်ဧရိယာအတွင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်

အချပ်ပို(စ)မှ

**အမျိုးသားပြတိုက်(ရန်ကုန်)ကို အဆင့်မြှင့်တင်**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကော မပပျောက်ရလေအောင် တစိုက်မတ်မတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) သည် အစိုးရသစ် တစ်နှစ်တာကာလအတွင်း နေပြည်တော်ရှိ အမျိုးသားပြတိုက်ကို အသစ်ပြင်ဆင်တည်ဆောက်ကာ ခင်းကျင်းပြသပေးနိုင်ခဲ့သလို အမျိုးသားပြတိုက်(ရန်ကုန်)ကိုလည်း အဆင့်မြှင့်တင်မွမ်းမံမှုများ ပြုလုပ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ စေတီ၊ ပုထိုး၊ ဂူ၊ ဘုရား စသည့်သာသနိကအဆောက်အအုံများနှင့် အမျိုးသားအမွေအနှစ် အများဆုံးတည်ရှိရာ ပုဂံဒေသတွင် ပြီးခဲ့သည့်နှစ်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင် လှုပ်ခတ်မှုကြောင့် ရှေးဟောင်းအဆောက်အအုံတချို့ ထိခိုက်ပျက်စီးခဲ့ရသည်။

**စေတီတော်များ ပြုပြင်နိုင်ခဲ့**

အဆိုပါငလျင်ကြောင့် ဘုရားစေတီပေါင်း ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ရသဖြင့် ရဟန်းရှင်လူပြည်သူများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် စနစ်တကျပြန်လည်ပြုပြင်နိုင်ရေးကို စီမံဆောင်ရွက်ခဲ့သည်။ ယင်းတို့အနက် နိုင်ငံတကာပညာရှင်များ၏ အကြံပြုမှု၊ ပံ့ပိုးကူညီမှုနှင့်ဌာနမှ ကြီးကြပ်ပြုပြင်ရမည့် ပထမဦးစားပေး ၃၆ ဆူ၊ ဒုတိယဦးစားပေး ၅၃ ဆူ၊ တတိယဦးစားပေး အဆူ ၃၀၀ ရှိကာ စေတီအဆူ ၃၀၀ အနက် ၂၂၄ ဆူကို ပြည်တွင်းမှ ပုဂ္ဂလိကအလှူရှင်များခေါ်ယူကာ အမြန်ဆုံးပြီးမြောက်စေရေး ဆောင်ရွက်ခဲ့ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်က ပြောသည်။

ထို့ပြင် ဘုရားများပြုပြင်နိုင်ရေးအတွက် နိုင်ငံတကာနှင့်ပြည်တွင်းပြည်ပမှ စိတ်အားထက်သန်စွာ လှူဒါန်းမှုများကြောင့် ယခုအချိန်အထိ အလှူငွေ ၅ ဒသမ ၃ ဘီလီယံနှင့် တရုတ်နိုင်ငံမှ လှူဒါန်းသည့် ဒေါ်လာ ၁ သန်းအပါအဝင် ၁ ဒသမ ၂ သန်းအထိ အလှူခံရရှိထားပြီဖြစ်ကြောင်း သိရသည်။

ပုဂံဘုရားများပြန်လည်ပြုပြင်မွမ်းမံရာတွင် နိုင်ငံတော်ဘဏ္ဍာငွေကို အသုံးမပြုဘဲ ပြည်တွင်းပြည်ပမှ အလှူရှင်များ၏ အလှူငွေများဖြင့် စနစ်တကျရှေးမူလက်ရာမပျက် ပိုမိုရေရှည်တည်တံ့ခိုင်မြဲအောင် ဌာနအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်က ပြောသည်။

မြန်မာ့သုခုမအနုပညာရပ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းမြှင့်တင် တိုးတက်ပြန့်ပွားလာစေရန်နှင့် ဆို၊ ငို၊



ပုဂံဒေသရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် စေတီပုထိုးများအား ပြုပြင်မွမ်းမံနေစဉ်

# ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးလမ်းသွယ်၌ ဖွင့်လှစ်ထားသည့် အမျိုးသားစာကြည့်တိုက်နေရာသည် အနည်းငယ်အတွင်းကျသဖြင့် အမှန်တကယ် စာဖတ်လိုသူများကို ဝန်ဆောင်မှုပေးနိုင်ရန် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြင့် ကုန်သည်လမ်းရှိ မြန်မာ့ရေနံရုံးချုပ် အဆောက်အအုံသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိ

ပြော ပညာရပ်များ၊ ဇာတ်ဆောင်စရိုက် ဖန်တီးမှုပညာရပ်များကို မျိုးဆက်သစ်လူငယ်များ ထိန်းသိမ်းတတ်လာစေရန် စသည့်ရည်ရွယ်ချက်ဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဇာတ်ကြီးများကို ပြန်လည်ဖော်ထုတ်ကပြခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီရိဝံသဇာတ်တော်ကြီးကို တင်ဆက်နိုင်ခဲ့**

"ကုန်းဘောင်ခေတ်မှာရှိတဲ့ မြေရှင်ယာရှင်စနစ်ဆိုးနဲ့ မင်းမှုထမ်းတွေရဲ့ မတရားပြုမှုတွေကို ဖော်ထုတ်ပြသတဲ့ သီရိဝံသဇာတ်တော်ကို မှတ်တမ်းပြုရိုက်ကူးခဲ့ပါတယ်။ ပြည်သူတွေကြားမှာ အားလုံး နှစ်သက်လက်ခံအားပေးတဲ့ ဇာတ်တော်တစ်ခုကို ဒီကာလမှာ ထူးထူးခြားခြားတင်ဆက်ပေးနိုင်ခဲ့ပါတယ်။ ကျန်တဲ့အပိုင်းတွေကတော့ ဌာနရဲ့လုပ်ငန်းတာဝန်တွေဖြစ်တဲ့ နိုင်ငံတော်အဆင့်အခမ်းအနားပွဲတွေမှာ ဖျော်ဖြေပေးရတာ ရှိပါတယ်။ ထူးခြားတာက အာဆီယံပါလီမန်များညီလာခံမှာဖျော်ဖြေတဲ့အခါ နိုင်ငံတကာက တက်ရောက်လာကြတဲ့ ဧည့်သည်တော်တွေအနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အနုပညာအရည်အချင်းတွေကို အသိအမှတ်ပြုလက်ခံနိုင်တဲ့ အခြေအနေရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု အစိုးရသစ် တစ်နှစ်တာကာလအတွင်း အနုပညာဦးစီးဌာန၏ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုများကို ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်က ရှင်းပြသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အက၊ အလှများကို ဖော်ကျူးသောအားဖြင့် (၂၂)ကြိမ်မြောက် မြန်မာ့ရိုးရာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲတစ်ရပ်အနေဖြင့် ယခုနှစ်တွင် ထည့်သွင်းကျင်းပနိုင်ခဲ့သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင်လည်း မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များ ပြန့်ပွားစေရန်အတွက် အနုပညာဆိုင်ရာ ပညာရပ်များကို လေးနှစ်သင်တန်းအဖြစ် သင်ကြားပေးလျက်ရှိပြီး ဒီပလိုမာသင်တန်းများနှင့် Master Course များကိုပါ သင်ကြားပေးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တက္ကသိုလ်နှစ်ခုအနေနဲ့ ထူးခြားမှုတွေကတော့ နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ MoU လက်မှတ်ရေးထိုးပြီးတော့ အနုပညာဖလှယ်ရေး ပူးပေါင်းဆောင်ရွက်တာမျိုး နှစ်ကြိမ်လောက် ရှိပါတယ်။ ဒါ့အပြင် အပြန်အလှန်စေလွှတ်ပြီး အနုပညာရပ်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်တဲ့အစီအစဉ်

အချပ်ပို(ဗ)သို့



အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အား ပြောင်းရွှေ့ဖွင့်လှစ်မည့် ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ် အမှတ် (၆၀၄/၆၀၈) ကုန်သည်လမ်းရှိ အဆောက်အအုံ



ရွှေတိဂုံစေတီတော် တပေါင်းပွဲတော်အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပစဉ်

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ဗဟုသုတ၊ သမိုင်းအထောက်အထား၊ အကိုးအကားရှာမှီးလိုသူများအတွက် စာကြည့်တိုက်လုပ်ငန်းများနှင့် ပတ်သက်၍ နေပြည်တော်တွင် အမျိုးသားစာကြည့်တိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့

**အချပ်ပို(ဆ)မှ**

တွေလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဓိကကတော့ နိုင်ငံတကာပညာရှင်တွေနဲ့ ပေါင်းစပ်ဖျော်ဖြေပွဲတွေ ဆောင်ရွက်ခဲ့တာလည်းရှိပါတယ်”ဟု ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များနှင့်ပတ်သက်၍ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးအောင်မြင့်က ပြောသည်။

သမိုင်းမှတ်တမ်းများကို ကွင်းဆင်းလေ့လာကာ သုတေသနစာတမ်းများ ရေးသားပြုစုထုတ်ဝေလျက်ရှိသည့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်များ ဦးစီးဌာနအနေဖြင့်လည်း ၂၀၁၆ ခုနှစ်အတွင်း မြန်မာသမိုင်း သုတေသနစာအုပ်ကိုးအုပ်နှင့် သမိုင်းဂျာနယ်နှစ်စောင် ထုတ်ဝေနိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သမိုင်းဝင်ဒေသများသို့ ကွင်းဆင်းလေ့လာကာ မှတ်တမ်းများ ပြုစုနိုင်ခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာ့သမိုင်း၏ ပကတိဖြစ်ရပ်မှန်များကို သုတေသနပြုနိုင်ရန် မြန်မာသမိုင်းအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး ကျွမ်းကျင်ပညာရှင်များက မိမိတို့ပိုင်နိုင်ရာ ခေတ်ကာလအပိုင်းအခြားအလိုက် ရေးသားပြုစုရေးစီမံချက်ကိုလည်း ရေးဆွဲချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

ရှေးဟောင်းယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာအထောက်အထားများ ရေးသားပြုစုခြင်းအပြင် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ ဘူဆန်နိုင်ငံခြားဘာသာ တက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် ကိုရီးယား- မြန်မာဆက်သွယ်ပေါင်းစည်းရေးဖိုရမ်နှင့် အာဆီယံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဇာနည်နေ့အခမ်းအနားအတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်း ပြင်ဆင်ထားမှုကို ကြည့်ရှုစဉ်

လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း မျှော်မှန်းချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပနိုင်ခဲ့သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဗဟုသုတ၊ သမိုင်းအထောက်အထား၊ အကိုးအကားရှာမှီးလိုသူများအတွက် စာကြည့်တိုက်လုပ်ငန်းများနှင့် ပတ်သက်၍ နေပြည်တော်တွင် အမျိုးသားစာကြည့်တိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးလမ်းသွယ်၌ ဖွင့်လှစ်ထားသည့် အမျိုးသားစာကြည့်တိုက်နေရာသည် အနည်းငယ်အတွင်းကျသဖြင့် အမှန်တကယ်စာဖတ်လိုသူများကို ဝန်ဆောင်မှုပေးနိုင်ရန် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြင့် ကုန်သည်လမ်းရှိ မြန်မာ့ရေနံရုံးချုပ် အဆောက်အအုံသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်းများကို နေပြည်တော်နှင့် ရန်ကုန်တို့အပြင် အခြားတိုင်းဒေသကြီးနှင့် မြို့နယ်အချို့တို့တွင်လည်း ရက်တိုစာကြည့်တိုက်ပညာ အခြေခံအဆင့်သင်တန်းများကို သွားရောက်သင်ကြားပို့ချပေးလျက်ရှိသည်။

ထိုကဲ့သို့ မြန်မာတို့၏ ကိုယ်ပိုင် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့ မပျောက်ပျက်ရအောင်၊ မြန်မာ့ရိုးရာအမွေအနှစ်တို့ကို သိရှိလာပြီး နိုင်ငံတကာက လေးစားအားကျလာအောင်၊ ဘာသာ၊ သာသနာရောင်ဝါမညှိုးရအောင် စသဖြင့် ဘာသာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍရပ်များတွင် ထိန်း သိမ်းစောင့်ရှောက်နေသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် နောင်အနာဂတ်တွင်လည်း ယခုကဲ့သို့ ဆက်လက်တာဝန်ကျေနေဦးမည်သာ ဖြစ်ပါကြောင်း။ ။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်